ကုန်းဘောင်ခေတ် နောင်တော်ကြီးမင်း

ကိုးကွယ်သော -

တောင်တွင်း ဆရာတော်

ခင်ကြီးပျော်

လော[illegible]လာကုတ္တရာ

• အမေးအဖြေ •

ရွှေမင်းဝန် ဦးဘုန်းမြင့်

ဓာကြည့်တိုက်
တိုက်ပိုင်အမှတ် ၆၂၈၇
ခုနှစ် ၂၇-၁-၈၄

ကုန်းဘောင်ခေတ် နောင်တော်ကြီးမင်း
ကိုးကွယ်သော

ဉာဏာဘိလင်္ကာရ သဒ္ဓမ္မသေနာပတိ၊
မဟာဓမ္မရာဇာဓိရာဇဂုရု
ဘွဲ့တံဆိပ်တော်ရ

မ-ကာရလောပ

တောင်တွင်း ဆရာတော် ခင်ကြီးဖျော်

လောကီ-လောကုတ္တရာ

အမေး အဖြေကျမ်း

ရွှေမင်းဝန် ဦးဘုန်းမြင့်

သုဓမ္မဝတီ-က (တောင်တွင်း)

ထုတ်ဝေသူ — ဦးဘုန်းမြင့် (၀၁၀၆၇)
ရွှေမင်းဝန်စာပေ၊
၇၆၊ သမိန်ဗရမ်းလမ်း၊
တာမွေ၊ ရန်ကုန်မြို့။

ဘာသာရေးဆိုင်ရာခွင့်ပြုချက်အမှတ် (၃၄၅/၉၃) (၇)

ပုံနှိပ်သူ — ဦးသိန်းဝင်း အမှတ်(၀၂၁၅၅)
သုဓမ္မဝတီစာပုံနှိပ်တိုက်
အမှတ် ၅၃၊ ဗိုလ်ရှဲလမ်း၊
ရန်ကုန်မြို့။

မျက်နှာဖုံးရိုက် — ဦးတင်အေး၊
အေးဝင်းရွှေပုံနှိပ်တိုက်
၂၀၆၊ ၃၁-လမ်း၊
(မှတ်ပုံတင်အမှတ်-၀၄၉၀၂)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၂၆/၉၄) (၅)

တန်ဖိုး — ၂၅-ကျပ်

ပထမအကြိမ်၊ ၁၉၉၄-ခုနှစ်၊ ဇွန်လ၊ အုပ်ရေ-၂၀၀၀

စာအုပ်ချုပ် — ဦးတင်အေး၊ စာအုပ်ချုပ်ဌာန။

ဖြန့်ချိရေး — ပညာရွှေအိုးစာပေ၊
ဦးစိုးဝင်း၊ ဒေါ်စန်းစန်းရီ
အမှတ် ၁၅၊ ဈေးတော်ရုံ၊
ရွှေတိဂုံတောင်ဘက်မုခ်၊
ရန်ကုန်မြို့၊ ဒဂုံစာတိုက်။

ဆရာတော်ခင်ကြီးပျော်
ဆုတောင်း

တိက္ခဂမ္ဘီရ ပညော စ၊ ဟာသာတိဇဝ ပညဝါ၊
ဘူရိနိဗ္ဗေဓ ပညော စ၊ သဗ္ဗပဥှ ဝိသဇ္ဇနော။

တိက္ခဂမ္ဘီရပညော စ၊ ထက်မြက် နက်နဲသောပညာနှင့် ပြည့်စုံသည်လည်းကောင်း။ ဟာသာတိဇဝပညဝါ၊ ရွှင်လန်းလျင်မြန်သော ပညာရှိသည် လည်းကောင်း။ ဘူရိနိဗ္ဗေဓပညော စ၊ မြေကြီးအထုနှင့်တူသော ထိုးထွင်းသော ပညာနှင့် ပြည့်စုံခြင်းသည်လည်းကောင်း။ သဗ္ဗပဥှဝိသဇ္ဇနော၊ ခပ်သိမ်းသော အမေးပြဿနာတို့ကို ဖြေနိုင်ခြင်းသည်လည်းကောင်း။ ဘဝေ၊ ဖြစ်လို၏။

အနန္တာ သောဠသ ဝဿာ၊ တိပေဋကဓရော ဘဝေ။
သဗ္ဗကမ္မေသု သိပ္ပေသု၊ ဝိဇ္ဇာဋ္ဌာနေသု ပါရဂူ။

သောဠသဝဿာ၊ တစ်ဆယ့်ခြောက်နှစ်အရွယ်၏။ အနန္တာ၊ အတွင်း၌။ တိပေဋကဓရော၊ ပိဋကတ်သုံးပုံကို ဆောင်နိုင်သည်။ ဘဝေ၊ ဖြစ်ရလို၏။ သဗ္ဗကမ္မေသု သိပ္ပေသု၊ ခပ်သိမ်းသော အလုပ်အဆောင်တို့၌လည်းကောင်း။ သဗ္ဗာဝိဇ္ဇာဋ္ဌာနေသု၊ ခပ်သိမ်းသော မန္တန်ဗေဒင်မျိုးတို့၌လည်းကောင်း။ ပါရဂူ၊ အဆုံးသို့ရောက်သည်၊ ဘဝေ၊ ဖြစ်ရပါလို၏။

(ခင်ကြီးပျော် ရေး "သုတဝဍ္ဎနာ" ဘုရားရှိခိုးမှ)

စင်ကြယ်မွန်မြတ်သော စာပေပညာဖြင့် အသက်မွေးခြင်းကိုသာ အစဉ်တစိုက် လိုလားတောင့်တသော အသက်-၈၉ နှစ်ရှိ မွေးသမိခင်ကျေးဇူးရှင်ကို ဦးခိုက်လျက်—

ဘုန်းမြင့်—ရွှေမင်းဝန်
၁၉-၅-၉၄

စကားမွန်

မြန်မာတို့သည် မျိုးရိုးဗီဇ ဝင့်ထယ်လှသော လူမျိုးဖြစ်သည်။ အသို့နည်း၊ ရဟန်းပုဂ္ဂိုလ် လူပုဂ္ဂိုလ်တို့တွင် မြန်မာနိုင်ငံတော် ခန့်ညားထွန်းသန့် အဓွန့်ရှည် တည်တံ့နိုင်ရေးအတွက် ထက်မြက်စူးရှစွာ အစွမ်းပြခဲ့သူများရှိ၏။ ဘာသာရေး၊ သာသနာရေး၊ စာပေယဉ်ကျေးမှုအရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ စစ်သေနင်္ဂဗျူဟာအရေးနှင့် နည်းပညာဆိုင်ရာတို့၌ ထိပ်ထိပ်ကြဲ ဆင်နွှဲခဲ့ကြပေ၏။

ဆရာတော် ခင်ကြီးပျော်သည် မြန်မာ့ဦးစွန်း မော်ကွန်းထိုးရာ၌ မိုးကြိုးသွားပမာ ထက်ထက်မြလေသည့် နှလုံးရည်သွေးကို သွန်းလောင်းတော်မူခဲ့ပါ၏။

ဆရာ ဦးဘုန်းမြင့် ပြုစုသော တောင်တွင်း ဆရာတော် ခင်ကြီးပျော်၏ လောကီ လောကုတ္တရာ အမေးအဖြေကျမ်း အမည်ရှိသည့် ဤစာအုပ်၌ ဆရာတော်၏ ထေရုပ္ပတ္တိကို ပြည့်စုံစွာ ဖော်ပြထားပေသည်။

ဤကျမ်းစာအုပ်သည် ပညာရှိအမတ်၏အမေးတို့ကို ဖြေဆိုတော်မူရာဖြစ်သောကြောင့် ခက်ခဲနက်နဲသော အကြောင်းအရာများ ပြည့်လျှမ်းလျက်ရှိ၏။

ဤအခြေအနေတွင် ရှေးဟောင်းစာပေတို့ကို ဆည်းပူးလေ့လာမြတ်နိုးသော ဆရာဦးဘုန်းမြင့်သည် ရှေးဟောင်း အမေးအဖြေလျှောက်ထုံးကျမ်းကို မြန်မာစကားပြေသန့်သန့် ခန့်ခန့်ထည်ထည်ဖြစ်လာအောင် ကြိုးပမ်းပြုစုခဲ့၏။ ဤသို့

ပြုစုလိုက်ခြင်းဖြင့် တိမ်မြုပ် ပျောက်ကွယ်လုဖြစ်နေသော မြန်မာ့ဘိုးဘွားဘီဘင်တို့၏ စာရတနာမြတ်ရွှေအိုးကို တူးဖော်ပေးရာရောက်ပါ၏။

ကျွန်တော်တို့သည် ရှေးဟောင်းစာပေ စသည်တို့ကို မြတ်နိုးတတ်ရမည်။ ချစ်ခင်လေးစားတတ်ရမည်။ ထိန်းသိမ်းကာကွယ် စောင့်ရှောက်တတ်ရမည်။ ဤအလေ့အထကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းသွားရပေမည်။ ဘိုးဘွားအမွေအနှစ်ဟူသည် အသက်သွေးတမျှ တန်ဖိုးထားရပေမည်။

မ,တစ်လုံးကျေးတောင်တွင်းဆရာတော်ခင်ကြီးပျော်သည် မြန်မာတို့အတွက် လောကီ လောကုတ္တရာ ရတနာတို့ကို ချီးမြှင့်တော်မူခဲ့သော ရဟန်းရှင်မွန်ဖြစ်ချေ၏။ မြန်မာတို့၏ ဂန္ထဝင်၌ အစဉ်ထွန်းတောက်နေမည့် ပတ္တမြားကျောက်မြတ်လည်း ဖြစ်၏။

ထိုအရှင်မြတ်၏ ရတနာတစ်ဆုပ် ပန်းတစ်ဆုပ်ဖြစ်သော ဤအမေးအဖြေကျမ်းသည် မြန်မာတို့၏နှလုံးအိမ်၌ နှစ်ခြိုက်စွာ တည်ပါစေဟု ဆန္ဒပြုပါသည်။

မြူမှုန်တို့ပြွမ်းသော
အရှင်မြတ်၏ ခြေတော်အစုံကို
လက်ပန်းဆယ်ငုံဖြင့် ရှိခိုးလျက်....။

တက္ကသိုလ် တင်ဟန်ကျော်
၂၇၊ ၄၊ ၁၉၉၄

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

နိဒါန်း

ဆေးကျမ်း၊ ဓာတ်ကျမ်း၊ ဗေဒင်ကျမ်း၊ အဂ္ဂိရတ်ကျမ်းတို့ကို လေ့လာ လိုက်စားကြသော ရဟန်းပုဂ္ဂိုလ်လူပုဂ္ဂိုလ်တို့အဖို့ ခေတ်အဆက်ဆက် ကျော်ထီးတန္တု အလေးပြုခံရသော အထင်ရှားဆုံးဆရာတော်များတွင် တစ်ပါး အပါအဝင်ဖြစ်သည့် ဆရာတော်မှာ တောင်တွင်းဆရာတော် ခင်ကြီးပျော် 'ဝါ' အတုလဆရာတော်ပင် ဖြစ်ပါသည်။

ဆရာတော်မှာ မ–တစ်လုံးကျေးဟု ဂုဏ်ပြုခေါ်ဝေါ်ရသည်အထိ ကုန်းဘောင်ခေတ် အလောင်းမင်းတရားကြီး၏ သားတော် နောင်တော်ကြီးမင်းလက်ထက် ဂုဏ်သတင်းမွှေးပျံ့ခဲ့လေသည်။ ဆရာတော်ပြုစုခဲ့သည့် အာဒိကပ္ပဒ္ဒါဒသိမ်ကျမ်း၊ ကျုံ့ယှနက္ခတ်ကျမ်း၊ ကဝေသာရကျမ်း၊ ဩဋ္ဌာရိကသုခုမဓာတ်ကျမ်း စသည့်ကျမ်းတို့မှာ ယနေ့တိုင် ခေတ်မီဆဲ၊ မရိုးနိုင်၊ ပညာရှင်တို့၏ လက်စွဲကျမ်း စာအုပ်များ ဖြစ်ပြီး ကျေးဇူးများလှသည်ကို တွေ့ရပါ၏။ ဆရာတော်၏ ဆေးကျမ်း၊ ဓာတ်ကျမ်းတို့ကို လူကြိုက်များရသည့် အကြောင်း

မှာလည်း အရေးအသား အတွေးအခေါ် ထက်မြက် ပြတ်သားခြင်း၊ တင်ပြပုံ၊ တင်ပြနည်း လက်တွေ့ကျခြင်းတို့ကြောင့်ဖြစ်၏။

ဆရာတော် ခင်ကြီးပျော်သည် ဆေးကျမ်း၊ ဓာတ်ကျမ်းများကို ရေးသည့်နေရာ၌သာ လက်စွမ်းထက်သည် မဟုတ်၊ လောကုတ္တရာလမ်းပြဓမ္မကြောင်းကို ရေးသားပြရာတွင်လည်း အလှူကောင်းမှု ပြုသည့်အခါ ဆုတောင်းပုံ လူ့သဘောကို 'ဓမ္မကံမှတ်စု'၌ ဤသို့ ဖော်ပြခဲ့၏။

"လောက၌ ဒါနစသော အလှူကောင်းမှုကို ပြုကျင့်သော လူတို့သည် အချို့လည်းကောင်းမှုပြု၍နေ၏။ အထူးသဖြင့် ဆုမတောင်း၊ အချို့လူနတ်ချမ်းသာကိုရလိုသည်တောင်း၏၊ အချို့လည်းနိဗ္ဗာန်မဂ်ဖိုလ်ကိုရလိုသည်တောင်း၏၊ ထိုပုဂ္ဂိုလ်တို့၏ ကောင်းမှုသည် မည်သို့ ထူးမည်နည်း။

အလှူသာပေး၍ဆုမတောင်းသူသည် မြစ်ထဲ၌လှေသွား၍ မဲ့တက်၊ ခတ်တက်မပါ၊ ဆိုက်လိုရာဆိုက် လွတ်လိုက်သော လှေနှင့် တူ၏။ လူနတ်တို့စည်းစိမ်ကို တောင့်တသောသူတို့ကား ဈေးဆိုင်ထဲ၌ ကောင်းမြတ်သော ကုန်အများ ရှိပါလျက်၊ သည့်ပြင် မသိမရှိထင်၍ မြင်တဲ့လျှင် တွေ့မိ တွေ့ရာ ဝယ်သော ဈေးဝယ်နှင့်တူ၏။ အလောင်းတကာတို့ တောင်းသည့်ဆုအတိုင်း ပြည့်စုံပါစေ တောင်းသည့်သူ၊ နိဗ္ဗာန်မဂ်ဖိုလ်ကို ရလိုသည် တောင်းသည့်သူတို့ကား ဈေးဆိုင်သို့ ရောက်လျှင် ဈေးဝယ်ပါမည်ဆိုတတ်၏။ ခွဲခြမ်းစိတ်ဖြာ၍ အနိမ့်အမြင့် မဆစ်တတ်သည့် ဈေးဝယ်နှင့် တူ၏။ ထိုသူတို့ပင် အရာမကျတတ်ချေသေး။"

ကျွန်တော်တို့ ငယ်ရွယ်စဉ် လူမှန်းသိတတ်ခါစ၊ ဆရာဘုန်းတော်ကြီးနှင့် လူကြီးသူမများ ပြောစကားအရ ကြားဖူးနားဝ ရှိနေသော အမည်များမှာ တောင်တွင်းဆရာတော် ခင်ကြီးပျော်၊ ပထမံ ဦးအောင်၊ ရှင်မထီး၊ ရှင်အဇ္ဇဂေါဏ၊ လယ်တီဆရာတော်၊ ယောအတွင်းဝန် ဦးဖိုးလှိုင်စသောအမည်များပင် ဖြစ်သည်။ ဓာတ်စကား၊ မြန်မာ့ဆေးပညာနှင့် စပ်လျဉ်းသောစကားတို့ကို နားလည်သည်ဖြစ်စေ၊ နားမလည်သည်ဖြစ်စေ၊ နားယဉ်နေခဲ့ပါသည်။ နှလုံးသားဝယ် သံမှိုနှက်သကဲ့သို့ စွဲမိပါ၏။

ဤစာအုပ်မှာ ကုန်းဘောင်ခေတ်ဦးပိုင်း၌ အလွန်ထင်ရှားကျော်ကြားခဲ့သော တောင်တွင်းဆရာတော် ခင်ကြီးပျော်နှင့် အလောင်းမင်းတရားကြီး၏ ပညာရှိအမတ် လက်ဝဲနော်ရထာအမတ်ကြီးတို့၊ ဆရာ-ဒကာ အမေးအဖြေများကို ခေတ်သုံးစကားဖြင့် ရေးသားတင်ပြထားခြင်းဖြစ်ပါသည်။

ကျွန်တော့်အနေဖြင့် ယခုကဲ့သို့ ဆရာတော်၏ အမေးအဖြေကျမ်းကို စာဖတ်ပရိသတ်ရှေ့မှောက်သို့ တင်ပြလိုက်ရခြင်းကိုပင် ဝမ်းသာပီတိဖြစ်ပါသည်။ ရှေးခေတ် မင်းဆရာတော် တစ်ပါး၏ ပညာစွမ်းရည်ကို သူတော်စင် အပေါင်းတို့ ကြည်ညိုသဒ္ဓါပွားနိုင်ပါစေဟု ကျွန်တော် ဆန္ဒပြုမိပါ၏။

ဤစာအုပ်ကို ပြုစုရာတွင် ထုတ်ဝေခွင့် ပြုသင့်ကြောင်း မှတ်ချက်ပြုကြသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများအား ဂါရဝပြု ဦးညွှတ်ပါ၏။ ထို့အပြင် သာသနာရေးဦးစီးဌာန၊ လက်ထောက် ညွှန်ကြားရေးမှူး ဦးညွန့်မောင်နှင့်တကွ အရာရှိများ၊ သုဓမ္မဝတီ ပုံနှိပ်တိုက်

ပိုင်ရှင် ဦးသိန်းဝင်း၊ စာပြင်ဆရာကြီး ဦးသိန်းလှိုင်နှင့်ဦးစောမြတ်၊ စာစီစက်ရိုက် အဖွဲ့သားများကိုလည်း ဤစာအုပ် ဖြစ်မြောက်ရေး ကူညီသမှုပြုကြသည့်အတွက် ကျေးဇူးတင်ရှိပါသတည်း။

ဘုန်းမြင့်(ရွှေမင်းဝန်)
(၁၉–၅–၉၄)

ညိုနိုင်းကိုးကားသော စာအုပ်စာတမ်းများ

(၁) အာဒိကပ္ပဒ္ဓါဒသိမ်ကျမ်းနှင့်ကျုံးယှနက္ခတ် (ခင်ကြီးပျော်)
(၂) ဩဠာရိကသုခုမဓာတ်ကျမ်း (ခင်ကြီးပျော်)
(၃) လက်ဝဲနော်ရထာလျှောက်ထုံး(လက်ဝဲနော်ရထာ)
(၄) ကပ္ပာလင်္ကာရကျမ်း (ပေမူ)
(၅) သုတဝန္ဒနာဘုရားရှိခိုး (ခင်ကြီးပျော်)
(၆) သဒ္ဒဗျူဟာကျမ်း (ခင်ကြီးပျော်)
(၇) မြန်မာသဒ္ဒါပဟောမှတ်စု (ခင်ကြီးပျော်)
(၈) သာသနာလင်္ကာရစာတမ်း (မဟာဓမ္မသင်္ကြန်)
(၉) စာပြုစာဆိုပုဂ္ဂိုလ်ကျော်များ (ဒဂုန်နတ်သျှင်)
(၁၀) ကဝေသာရကျမ်း (ခင်ကြီးပျော်)
(၁၁) အင်္ဂဝိဇ္ဇာဋီကာကြီး (ပ·ဒု·တ) (ခင်ကြီးပျော်)
(၁၂) ဓမ္မကံမှတ်စု (ခင်ကြီးပျော်)

မာတိကာ

စဉ်	အကြောင်းအရာ		စာမျက်နှာ
၁။	ဆရာတော်ခင်ကြီးပျော် ဆုတောင်း	....	ဂ
၂။	စကားမွှန်	....	င
၃။	နိဒါန်း	....	ဆ
၄။	မာတိကာ	....	ဋ
၅။	ဆရာတော်ခင်ကြီးပျော်ထေရုပ္ပတ္တိ	....	၁
၆။	မိဘအမည်ရင်းနှင့် ဖွားမြင်ရာဒေသ	....	၂
၇။	ပေနှစ်ပင် ရှင်နှစ်ပါး	....	၃
၈။	ကန့်ကူလက်လှည့် ကန်ဦးကျောင်းဆရာတော်	...	၄
၉။	အံ့ဖွယ်ဉာဏ်ရည်	....	၆
၁၀။	တစ်နေ့လျှင် ပေစာတစ်ကိုက်	....	၇
၁၁။	ပထမ ကျော်အောင်စံထားဆရာတော် ဘုရားကြီးထံ တပည့်ခံခြင်း	....	၈
၁၂။	ပေါက္ကံရွှေကျောင်းဆရာတော်ထံ ဆက်လက်ပညာသင်ယူခြင်း	....	၁၁
၁၃။	သဒ္ဒါကျမ်း၌ တစ်ဖက်ကမ်းခတ်ခြင်း	....	၁၁
၁၄။	နောင်တော်ကြီးမင်း၏ ကိုးကွယ်ခံရခြင်း	....	၁၂
၁၅။	ခင်ကြီးပျော်အဖြစ် ထင်ရှားခြင်း	....	၁၃
၁၆။	သာသနာပိုင်ဆရာတော်ဖြစ်တော်မူခြင်း	....	၁၃
၁၇။	မင်းဆရာဖြစ်လိုစိတ် မရှိ	....	၁၄

စဉ်	အကြောင်းအရာ		စာမျက်နှာ
၁၈။	ခင်ကြီးပျော်အား နောင်တော်ကြီးမင်း ပညာစမ်းခြင်း	....	၁၆
၁၉။	စစ်တုရင်အတတ်ကိုပြခြင်း	....	၁၈
၂၀။	ကွန်ပစ်နည်းပညာကိုပြခြင်း	—	၁၉
၂၁။	အတိတ်၊ နိမိတ်၊ စနည်း၊ တဘောင်တို့ကို မှန်အောင်ဖတ်တတ်ခြင်း	....	၂၁
၂၂။	နောင်တော်ကြီးမင်း၏ စိတ်နေသဘောထား		၂၅
၂၃။	ပညာရှိအမတ်၏ အမေးပြဿနာများကို ဖြေဆိုတော်မူခြင်း	....	၃၁
၂၄။	တောင်တွင်းဆရာတော် ခင်ကြီးပျော်နှင့် လက်ဝဲနော်ရထာ	....	၃၃
၂၅။	အမျှဝေပြဿနာ	....	၃၅
၂၆။	အဗ္ဘန္တရ သရက်သီးပြဿနာ	....	၃၇
၂၇။	နတ်ဘီလူးနှင့် လူပြဿနာ	....	၃၈
၂၈။	လူတို့၏ အသက်တိုခြင်းနှင့် ရှည်ခြင်း ပြဿနာ		၄၀
၂၉။	ကုသိုလ် အကုသိုလ်ကံ၏ အကျိုးအပြစ် ပြဿနာ	....	၄၂
၃၀။	ဘီလူးနှင့် ပဉ္စသန္ဓေ ပြဿနာ	....	၄၃
၃၁။	ငှပ် ၉ ပါး ပေါ် ၉ ပါး ပြဿနာ	....	၄၄
၃၂။	ဘုရားသခင်၏ ခေတ်တော် မွေတော် ပြဿနာ		၄၄
၃၃။	နေဗိမာန် လဗိမာန် ပြဿနာ	....	၄၆
၃၄။	ကြယ်ပျံခြင်း နတ်ဘုံကွယ်ခြင်း ပြဿနာ	....	၄၆
၃၅။	ကေသရာဇာခြင်္သေ့မင်း ပြဿနာ	....	၄၇

စဉ်	အကြောင်းအရာ		စာမျက်နှာ
၃၆။	ဂြိုဟ်နက္ခတ်တာရာပြဿနာ	....	၄၈
၃၇။	ဘုရားသခင်၏ ပလ္လင်တော် ပြဿနာ	....	၄၉
၃၈။	ရဟန်းနှင့် အလှူ ပြဿနာ	....	၅၀
၃၉။	သောတာပန်, သကဒါဂါမ်, အနာဂါမ် ပြဿနာ	....	၅၁
၄၀။	ကာမေသုမိစ္ဆာစာရကံ ပြဿနာ	....	၅၂
၄၁။	မိန်းမတို့၏ မာယာလေးဆယ် ပြဿနာ	....	၅၄
၄၂။	မနုဓမ္မသတ် ပြဿနာ	....	၅၇
၄၃။	ကြာတောဥ္ရှာသောမိုး ပြဿနာ	—	၅၈
၄၄။	နတ်ဝင်သည်တို့ ရှိ-မရှိ ပြဿနာ	—	၅၉
၄၅။	နတ်တို့ ရဟန္တာဖြစ်လျှင် အသက်ရှည်-မရှည် ပြဿနာ	....	၆၀
၄၆။	တိတ္ထိတို့၏အမြင် ပြဿနာ	....	၆၁
၄၇။	ဖုတ်သွင်းရထား ပြဿနာ	....	၆၁
၄၈။	ဝါကျွတ်ခြင်း ပြဿနာ	....	၆၂
၄၉။	ဝိဇ္ဇာဓိုရ် ပြဿနာ	....	၆၃
၅၀။	နေကြတ်·လကြတ် ပြဿနာ	....	၆၅
၅၁။	တရားဓမ္မသတ် ပြဿနာ	....	၆၆
၅၂။	ရဟန္တာမ ပြဿနာ	....	၆၈
၅၃။	အရက်သေစာ ပြဿနာ	....	၆၈
၅၄။	သိမ်အမည်ပေး ပြဿနာ	—	၆၉
၅၅။	တန်ခူးလ ပြဿနာ	....	၆၉

စဉ်	အကြောင်းအရာ	စာမျက်နှာ
၅၆။	မြတ်စွာဘုရားအမည်တော် ပြဿနာ	၇၁
၅၇။	ရတနာဖြစ်ရာအရပ်ပြဿနာ	၇၁
၅၈။	အရှင်သာရိပုတ္တရာနှင့် အရှင် မဟာ မောဂ္ဂလ္လာန်ပြဿနာ	၇၂
၅၉။	သူရဿတီနတ်သမီး ပြဿနာ	၇၃
၆၀။	မြတ်စွာဘုရား၏အမည်တော်(၃၈)ပါး၏ ပြဿနာ	၇၄
၆၁။	ဘုရားရှင်ဓာတ်တော်၏အဆင်းသဏ္ဌာန် ပြဿနာ	၇၅
၆၂။	ဓာတ်တော် မွေတော်ဟူသောစကား ပြဿနာ	၇၅
၆၃။	ဓာတ်တော်မွေတော်အမည်များ ပြဿနာ....	၇၆
၆၄။	သတ္တဋ္ဌာနစံနေပုံ ပြဿနာ	၇၆
၆၅။	တေဒင်္ဂရများ ပြဿနာ	၇၇
၆၆။	တေဒင်္ဂရ ရဟန္တာများ	၇၉
၆၇။	ရဟန်း မိန်းမ တေဒင်္ဂရများ	၁၀၅
၆၈။	လူယောကျာ်း တေဒင်္ဂရများ	၁၁၀
၆၉။	လူမိန်းမ တေဒင်္ဂရများ	၁၁၈
၇၀။	အသီတိသာဝက ပြဿနာ	၁၂၄
၇၁။	ညံ့သတ္တဝါ ပြဿနာ	၁၂၆
၇၂။	ကြီးသတ္တဝါ ပြဿနာ	၁၂၇
၇၃။	ဒွတ္တပေါင်မင်းလက်ထက် ဘုရားရှင် အမည်တော်များ ပြဿနာ	၁၂၈

စဉ်	အကြောင်းအရာ	စာမျက်နှာ
၇၄။	ဆရာတော်ပြုစုခဲ့သော ဆေးကျမ်း ဓာတ်ကျမ်းများ	၁၃၀
၇၅။	ဆေးကျမ်း(၁၅)ကျမ်း	၁၃၁
၇၆။	ဆရာတော်ပြုစုခဲ့သော မြန်မာသဒ္ဒါကျမ်း များ	၁၃၁
၇၇။	လုပ်ရတ်ကျမ်းကိုပြုစုခြင်းအကြောင်း	၁၃၆
၇၈။	ဆရာတော်ပြုစုခဲ့သော လောကုတ္တရာကျမ်းစာ အချို့	၁၃၆
၇၉။	ဆရာတော်၏ဘဝနိဂုံး	၁၃၇

မာတိကာပြီး၏။

အကျယ်အကျယ်၊ အသွယ်သွယ်ဖြင့်
မိုးလယ်ကောင်းကင်၊ လဗ္ဘာပြင်၌
သက်တင်ရောင်ခ၊ ရွှန်းရွှန်းပသား
ဣန္ဒဓနု၊ လေးနှယ်ပြုသည့်
အာဝုန္နန်းတမ်း၊ ရောင်စုံလျှမ်းသို့
ပြိုးပြွမ်းထိုဤ၊ ပန်းနှယ်သီရှင့်
လောကီဟူက၊ နှစ်သာရကို
မြူမျှမတွေ့၊ ထိုဓလေ့အား
စေ့စေ့နှလုံး၊ စွဲယူသုံး၍
ပိတ်ဖုံးမောဟ၊ ကုက္ကုစ္စလျှင်
သရမကျေ၊ မရှိလေနှင့်
ဆင်ခြေချိုးဖဲ့၊ အပြစ်ဖွဲ့သော်
ကဲ့ရဲ့သူအား၊ အပါယ်လားလိမ့်
တံခါးလမ်းမ၊ ငါလျှင်ပြ၏
စိတ်ကရိုးရင်း၊ အာရုံသွင်း၍
ခဲယဥ်းမငြို၊ နည်းထိုထိုကို
လိုလျှင်ကားမှတ်၊ မလိုဖြတ်လေ၊

တောင်တွင်းဆရာတော် ခင်ကြီးပျော်
(အင်္ဂဝိဇ္ဇာဋီကာကြီး)

ဆရာတော်ခင်ကြီးပျော် ထေရုပ္ပတ္တိ

ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်ဟူသော မြန်မာ့သမိုင်း ခေတ်လေးခေတ်တွင် ပေါ်ထွန်းခဲ့သော ရဟန်းပညာရှိ၊ လူပညာရှိများမှာ မြောက်မြားစွာ ရှိချေ၏။ သို့သော် မှ တစ်လုံးကျေ ဘွဲ့ရသော ပုဂ္ဂိုလ်ကျော်ဟူ၍ကား တစ်ပါးတည်းသာ ထူးထူးချွန်ချွန် ရှိလေသည်။ ထိုပုဂ္ဂိုလ်မှာ မြန်မာပညာရှိများ ပေါ်ထွန်းရာ တောင်တွင်းကြီးမြို့နယ်မှ လပြည့်ဝန်းနှယ် ပေါ်ထွန်းလာသည့် တောင်တွင်းဆရာတော် ခင်ကြီးပျော်ပင်ဖြစ်လေသည်။

ဤလောကကြီးတွင် ပညာကျော် ပုဂ္ဂိုလ်မွန်များသည် **တယောလူလေ၊ ပလွေကျွဲကျောင်း၊ စောင်းမင်းရာ**”ဆိုသကဲ့သို့ မိမိတို့ သန့်ရာသန်ရာ ပညာရပ်၌သာ အများအားဖြင့် “တော်ခြင်း၊ တတ်သိလိမ္မာခြင်း”ရှိတတ်ကြ၏။ ဆရာတော်ခင်ကြီးပျော်မှာမူကား လောကီ၊ လောကုတ် စွယ်စုံ သူမတူအောင် ကုံလုံပြည့်စုံခဲ့သော ရှားမှရှားသည့် “တစ်”ခေါ်စလောက် ပုဂ္ဂိုလ်ထူးတစ်ပါး ဖြစ်လေသည်။

တိုတောင်းလှသော သက်တမ်းအတွင်း သဒ္ဒါကျမ်း၊ ပိဋကတ်ဆိုင်ရာကျမ်း၊ ဆေးကျမ်း၊ ဓာတ်ကျမ်း၊ ဗေဒင်ကျမ်းတို့ကို အတော်များများပြုစုသွားနိုင်ခဲ့ခြင်းကိုထောက်ရှု၍ ပညာပါရမီ ထက်သန်သော ပုဂ္ဂိုလ်ထူးဟု ဆိုထိုက်ပါပေသည်။

ဆရာတော်၏ အကြောင်းဖြစ်စဉ် ထေရုပ္ပတ္တိမှာလည်း အံ့ဖွယ်ဘနန်း ထူးကဲပါပေသည်၊

မိဘအမည်ရင်းနှင့် ဖွားမြင်ရာဒေသ

တောင်တွင်းကြီးမြို့နယ် ပုတီးကုန်းရွာတွင် ပိသုကာဆရာကြီး ဦးဖိုးပြေ၊ဇနီး ဒေါ်ကြာဟူ၍ ရှိလေသည်။ ဦးဖိုးပြေမှာ ပုတီးကုန်းရွာတွင်မျှမက အနီးအနား မြို့ရွာများသို့တိုင်အောင် ဗိသုကာလက်မှုပညာ အတတ်၌ ထင်ရှားသော ဆရာကြီးတစ်ဦးဖြစ်သည်။

ထိုခေတ် အခါသမယက တောင်တွင်းကြီးမြို့အနီး ဝန်းကျင် ရပ်ရွာများတွင် ကျောင်း၊ ကန်၊ ဇရပ်၊ အဆောက်အအုံများမှာဗိသုကာကြီး ဦးဖိုးပြေ၏လက်ရာနှင့်မကင်းပေ။ အဆောက်အအုံဆောက်လုပ်ရာ၌ လက်ရာကျနကောင်းမွန်လှသော ဦးဖိုးပြေကို အားထားကြလေသည်။ ဇနီးသည်

ဒေါ်ကြာမှာလည်း ခင်ပွန်းဖြစ်သူ ဦးဖိုးပြေ၏ ပါရမီဖြည့်ဖက်ဟု ဆိုရမလောက် လင့်ဝတ္တရား ကျေပွန်ပြီး ဘုရားတရား ကြည်ညိုသော အမျိုးကောင်းသမီး ဖြစ်လေသည်။

အဆိုပါ ဗိသုကာဆရာကြီ ဦးဖိုးပြေဇနီးဒေါ်ကြာတို့မှာ မြန်မာသက္ကရာဇ် ၁၀၈၆ -ခု၊ ကဆုန်လပြည့် အင်္ဂါနေ့ နံနက်နေဝန်းပေါ်ချိန် အခါသမယတွင် နောင်အခါ ပညာရှင်ဆရာတော်တစ်ပါးအဖြစ် ထင်ရှားကျော်ကြားမည့် သတို့သား မောင်ပျော်ကို ဖွားမြင်လေသည်။

ဆရာတော်လောင်း ဖွားမြင်သောအချိန်မှာ ရတနာပူရ အင်းဝရွှေနန်းတွင် တနင်္ဂနွေမင်းတရားကြီး စိုးစံစဉ်အခါ ပေတည်း။

ပေနှစ်ပင် ရှင်နှစ်ပါး

မောင်ပျော် မွေးဖွားစဉ်အခါက တောင်တွင်းကြီးမြို့၌ ပေပင်ကြီးနှစ်ပင် ပေါက်လေသည်။ ပေပင်မှ ပေရွက်တို့မှာ စာ ၁၅-ကြောင်းခန့် ရေးသားနိုင်လောက်အောင် ကြီးမားသည်ဟု အဆိုရှိ၏။

မှတ်ချက်။ ။မောင်ပျော် မွေးဖွားစဉ် မောင်ပြောင် (နောင်အခါ ခင်ကြီးပြောင် ဖြစ်သည့်

ပုဂ္ဂိုလ်လည်း တစ်ချိန်တည်းမွေးဖွားသည်။ ပေနှစ်ပင်၊ ရှင်နှစ်ပါးဟု ရှေးလူကြီးသူမတို့ ဆိုထုံးပြုကြလေသည်။)

တောင်တွင်းကြီးမြို့သည်ကား ရှေးအခါကပင် မြန်မာပညာရှိကြီးများ ပေါ်ထွန်းခဲ့ရာ ဘုမ္မိနက်သန် ဖြစ်ချေ၏။ အင်း၀ခေတ်တွင် ပေလေးပင် ရှင်လေးပါး အ၀င်အပါ ရှင်ဥတ္တမကျော်၊ ရှင်မဟာသီလ၀ံသ၊ ရှင်အုန်းညို၊ ရှင်ခေမာ တို့ ပေါ်ထွန်းခဲ့လေသည်။

ပေနှစ်ပင် ရှင်နှစ်ပါးအ၀င် တောင်တွင်းဆရာတော် ပေါ်ထွန်းသည့်ခေတ်နှင့် ပေလေးပင် ရှင်လေးပါး ထင်ရှားခဲ့သည့် ကာလကို ချင့်တွက်လျှင် နှစ်ပေါင်း ၂၀၀ ကျော်ကွာပေသည်။

ကန့်ကူလက်လှည့် ကန်ဦးကျောင်းဆရာတော်

မောင်ပျော်(၇) နှစ်သားအရွယ်အရောက် တစ်နေ့သော နံနက်ခင်းတွင် ဦးဖိုးပြေ-ဒေါ်ကြာတို့သည် မြို့လုလင်မြို့ ကန်ဦးကျောင်းသို့ သားကလေး မောင်ပျော်ကို လက်ဆွဲလျက် လှူဖွယ်၀တ္ထုအချို့နှင့်အတူ သွားကြလေသည်။

ကျောင်းသို့ရောက်လျှင် ဆရာတော်ဘုရားအား ၀တ်ပြုပြီး သားကလေး မောင်ပျော်အား ပညာသင်ပေးပါရန် အပ်နှံကြလေသည်။

ဆရာတော်က ''မောင်ဖိုးပြေ မယ်ကြာတို့ နင့်တို့သားဟာ နဖူးရေ ဒူးရေတော့ မညံ့ပေဘူး၊ ဇာတာပါလားပြစမ်း၊'' ဟုမိန့်တော်မူရာ ဦးဖိုးပြေ-ဒေါ်ကြာတို့က သားကလေး မောင်ပျော်၏ ဇာတာကို ဆရာတော်အား ဆက်ကပ် လိုက်သည်။

ဆရာတော်သည် မောင်ပျော်၏ ဇာတာဖွဲ့ ပေရွက်ကို သေချာစွာကြည့်ရှု စစ်ဆေးပြီးနောက် ဤသို့မိန့်တော်မူလေ၏။

''ဖိုးပြေနဲ့ မယ်ကြာ နင်တို့သားလေးဟာ ပညာနဲ့ပတ်သက်လို့တော့ဖြင့် အထွတ်အထိပ်ပဲကွဲ့၊ နို့ပေမယ့် သက်တမ်း မရှည်နိုင်ဘူးကွဲ့၊ လောကီလူ့ဘောင်မှာထက် သာသနာ့ဘောင်မှာ အကျိုးပေးမယ့် ဇာတာမျိုးကွဲ့''

''မှန်ပါဘုရား၊ တပည့်တော်တို့လဲ အရှင်ဘုရားကိုပဲ ပျော်ကို အပ်နှံပါတယ်ဘုရား၊ ဆရာတော်ပဲ ကြည့်ရှုစောင်မတော်မူပါတော့။''

သို့ဖြင့် ဦးဖိုးပြေ-ဒေါ်ကြာတို့သည် သားငယ် မောင်ပျော်ကို ကန်ဦးဆရာတော်ကျောင်းတွင် အပ်နှံပြီး မိမိတို့ ရွာသို့ ပြန်လာခဲ့ကြသည်။

ကန်ဦးကျောင်းဆရာတော်သည် စာချ ဦးပဉ္စင်းတစ်ပါးအား အပါးသို့ခေါ်တော်မူ၍ ''ဟဲ့–မောင်ပဉ္စင်း ဒီသူငယ်

ငပျော်ကို သင်ပုန်းကြီးစသင်ပေးစမ်းလကွဲ့”ဟု မိန့်တော်မူလေသည်။

အံ့ဖွယ်ဉာဏ်ရည်

မောင်ပျော်သည် “နမော ဗုဒ္ဓါယ” အစ သင်ပုန်းကြီးကို စ၍ သင်ကြားရလေသည်။ မောင်ပျော်မှာ ဉာဏ်ပဋိဘာန် လျင်မြန်ခြင်း၊ အသံသြဇာ ထက်မြက်ခြင်း စသော ဂုဏ်တို့နှင့် ပြည့်စုံသော သူငယ်လေး ဖြစ်ပေသည်။ စာ တစ် ပိုဒ် ကို တစ်ခေါက် ရွတ် ဆို ရုံ ဖြင့် ဆရာ ဦးပဍ္ဍင်းက ပြန် လည် ကြောင်းပေးရန် မလိုတော့ဘဲ ဒေါင်းဒေါင်းပြေး ရွတ်ဆို နိုင်လေသည်။

အတူတူစာသင် စာအံဖက် ကိုရင်၊ ကျောင်းသားတို့မှာ ကျောင်းသားသစ် မောင်ပျော်ကို အမီ မလိုက်နိုင်ကြတော့ပေ၊ ထိုအကြောင်းကို ကန်ဦးဆရာတော် သိတော်မူသဖြင့် “သူငယ်လေး ငပျော်ကား အံ့ဖွယ် ယောကျ်ား သား ပေတကား၊ ဇမ္ဗူမှာ ရှားမည့်သူငယ်ပေတည်း”ဟု တအံ့တသြ ချီးမွမ်းစကားဆိုတော်မူလေသည်။

သို့ဖြင့် မောင်ပျော်မှာ စာသင်သည့် ပထမနေ့တွင်ပင် သင်ပုန်းကြီးကို နေ့ချင်းကုန်ခဲ့၏။ စာသင်ကျောင်းသားငယ် ဘဝတွင် မောင်ပျော်မှာ အခြား သူငယ်လေးများနှင့် မတူ

လေ့လာစူးစမ်းတတ်သော အသိဉာဏ် ထူးထူးကဲကဲရှိလှခြင်း၊ **“စာတစ်ကြောင်းပြလျှင် တစ်လုံးမြင်သည်”** ဟူသော စကားကဲ့သို့ စာပေပညာ တတ်သိပုံ စွမ်းလှခြင်း စသော ဂုဏ်ထူးဝိသေသများ ကြောင့် အရွယ်နှင့် မလိုက် ရပ်သိရွာကျော် ပညာရှင်ကလေးအဖြစ် ထင်ရှားနေပေတော့သည်။

ကန်ဦးကျောင်းဆရာတော်မှာလည်း ကျောင်းသားငယ် မောင်ပျော်မှာ တစ်နေ့သောအခါ လက်ကတုံးတောင်ဝေး သဖွယ် အားကိုးရမည့် တပည့်ကောင်းဖြစ်မည်ကို သိတော်မူသည်။ ထို့ကြောင့် လောကုတ္တရာ စာပေများကို သေချာစွာ ပို့ချ တော်မူလေသည်။ မောင်ပျော် က လည်း ‘ဆရာကောင်းတပည့် ပန်းကောင်းမန်”ဟူသည့် စကားကဲ့သို့ ဆရာတော်အရှင်သူမြတ်၏ ဆုံးမပဲ့ပြင်မှုကို ဦးလည်မသုန် လိုက်နာသင်ယူပေ၏။

တနေ့လျှင်ပေစာတစ်ကိုက်

မောင်ပျော် (၁၀)နှစ်သားအရွယ် အရောက်တွင် ဦးဖိုးပြေ-ဒေါ်ကြာ တို့သည် ကန် ဦး ကျောင်း ဆရာတော်ထံ၌ သားကလေး မောင်ပျော်အား ပဗ္ဗဇ္ဇာအမွေ ရှင်သာမဏေအဖြစ် သွတ်သွင်းချီးမြှင့်လေသည်။ ဘွဲ့အမည်တော်ကို ဆရာတော်က ကိုရင်ဉာဏဟု ခေါ်ဝေါ် သမုတ်လေသည်။

ပညာလိုလားသော ကိုရင်ဉာဏသည် ကန်ဦးကျောင်းဆရာတော်ဘုရားကြီးထံတွင် ငါးရာ့ငါးဆယ် နိပါတ်တော်မှ အစ သဒ္ဒါ သင်္ဂြိုဟ်ကျမ်း တို့ကို အားကြိုး မာန်တက် သင်ယူလေသည်။

ကိုရင်ဉာဏမှာ တစ်နေ့လျှင် စာပေတကိုက် ရသည်ဖြစ်၍ တောင်တွင်းကြီးမြို့နယ် ပတ်ဝန်းကျင်တွင်မျှမက ပိဋကတ်ကျမ်းဂန်ကို တုန်လှုပ်ချောက်ချားမွှေနှောက်နိုင်မည့် ပုဂ္ဂိုလ်ထူးအဖြစ် နေပြည်တော်အင်းဝသို့တိုင် ထင်ရှားကျော်ကြားခဲ့ပေ၏။

* ပထမကျော်အောင်စံထား ဆရာတော်ဘုရားကြီးထံ တပည့်ခံခြင်း

ကိုရင်ဉာဏနှင့် နောင်အခါ ခင်ကြီးပြောင်ဖြစ်မည့်ကိုရင် သူငယ်ချင်းနှစ်ပါးသည် ပညာဆက်လက် တိုးတက် သင်ယူအံ့သောငှာ မိဘများထံ ခွင့်ပန်ကြလေသည်။ အခွင့်ရသည်နှင့် အင်းဝနေပြည်တော်သို့ တက်ခဲ့ကြ၏။

* ပထမကျော်အောင်စံထား ဆရာတော်ဘုရားကြီးမှာ အင်းဝခေတ် နောက်ဆုံးမင်းဖြစ်သော ဟံသာဝတီရောက် မင်းတရားကြီး ကိုးကွယ်တော်မူသော ဆရာတော် ဘုရားကြီး ဖြစ်၏။ ဘွဲ့တော် ရှင်ဉာဏဝရဖြစ်ပြီး၊ သုဓမ္မာစာမေးပွဲ၌ ထူးထူးချွန်ချွန် အောင်မြင်ခဲ့တော်မူခဲ့သည်။

ထိုအခါကား အင်းဝ နေပြည်တော်တွင် အလောင်းမင်းတရားကြီး စိုးစံစအချိန် ၁၁၁၄-ခုနှစ် ဖြစ်လေသည်။ နေပြည်တော်သို့ ဆိုက်ရောက်ကြသောအခါ ခင်ကြီးပျော်အလောင်း ကိုရင်ဉာဏနှင့် ခင်ကြီးပြောင် ဖြစ်မည့် ကိုရင်တို့သည် နာမည်ကျော် မင်းဆရာတော် ဖြစ်တော်မူသော ကျော်အောင်စံထား ဆရာတော်ဘုရားကြီးထံတော်၌ပိဋကတ်ကျမ်းဂန် ဆိုင်ရာ ခဲရာခဲဆစ် ပညာများကို ဆက်လက် သင်ကြားကြလေသည်။

ပညာချွန်မည်၊ အသက်တိုမည်

အခါတစ်ပါးတွင် ပထမ ကျော်အောင်စံထား ဆရာတော်ဘုရားကြီးသည် ကိုရင်ဉာဏအား အပါးတော်သို့ ခေါ်တော်မူ၍ ဤသို့မိန့်တော်မူလေ၏။

"ငါ့ရှင်—ဉာဏ ငါ့ရှင်သည်ကား ပညာဉာဏ်အရာ၌ သူတကာထက် သာလွန်ထူးကဲလှပေ၏။ အံ့ဖွယ်ရှိလှပေ၏။ သို့တစေ ငါ့ရှင်ကား ပညာရှိ သတိဖြစ်ခဲဟူသည်နှင့် အညီ

ကျမ်းဂန်ပိဋကတ် အထူးတတ်မြောက်တော်မူသဖြင့် ဟံသာဝတီရောက် မင်းတရားကြီးက ကျောင်းရုံတစ်ရာရှိ သပ္ပာယ် တော်မူလှသော ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းခြင်းခံတော်ရလေသည်။ ထိုဆရာတော်ဘုရားကြီးမှာ သက္ကရာဇ် ၁၁၁၅-ခုနှစ်၊ သက်တော် ၆၂-နှစ်တွင် ပျံလွန်တော်မူလေ၏။

ဆွမ်းဘုဉ်းပေးရာတွင်လွန်ကြူးလှပေ၏။ သို့မဖြစ်စကောင်းချေ၊ သို့အတွက်ကြောင့်ပင် ငါ့ရှင်သည် အသက် ၄၀–အရွယ် အထိ နေရလိမ့်မည်မဟုတ်။

ဆရာတော်ဘုရားကြီးသည် ထို့နောက် ခင်ကြီးပြောင် ကိုရင်ကို ခေါ်တော်မူပြန်၏။

"ငါ့ရှင်- ငါ့ရှင်က သူတကာနှင့် ရန်ဖြစ်ချင်တတ်သော သဘောရှိ၏။ မိမိ၏ ဒေါသမာန်မာနကို ထိန်းချုပ်ခြင်းမရှိချေ၊ သို့အတွက်ကြောင့် သည်းခံခြင်းတရားကို နှလုံးမသွင်းပါက ငါ့ရှင်လည်း အသက်တိုမည်ပင် ဖြစ်၏" ဟူ၍ ကျော်အောင်စံထား ဆရာတော်ဘုရားကြီးသည် မိမိ၏ တပည့်နှစ်ပါး၏ အနာဂတ်အရေးကို ကြိုတင် မိန့်မြွက်တော်မူလေ၏။

ကျော်အောင်စံထား ဆရာတော်ဘုရားကြီး ဆုံးမတော်မူသည်မှာလည်း ခင်ကြီးပျော်အလောင်း ကိုရင်ဉာဏမှာ မိမိ ဆွမ်းခံလာသော သပိတ်နှင့် ဆွမ်းမောက်မောက်ကို ကုန်စင်အောင် ဘုဉ်းပေးလေ့ရှိခြင်းကြောင့် ဖြစ်ပေသည်။ ချီချဉ်ပွဲရုံများ ကပ်ရာတွင်လည်း အလွန်အကျံ ဘုန်းပေးလေ့ရှိ၏။ ထိုကဲ့သို့ အစားကြူးမှုကို ဆရာရင်း ကျော်အောင်စံထား ဆရာတော်ဘုရားကြီးက အမြဲတစေ သွန်သင်ရာ မရသဖြင့် အထက်ပါအတိုင်း ဆုံးမရခြင်း ဖြစ်လေသည်။

ပေါက်ကံ့ ရွှေကျောင်းဆရာတော်ထံ ဆက်လက်ပညာသင်ယူခြင်း

ကိုရင်ဉာဏဝရသည် အသက် ၁၉–နှစ်ကျော် ၂၀–အဝင်တွင် ပထမကျော်အောင်စံထား ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘဝသို့ ရောက်လေသည်။ ရဟန်းဘွဲ့အမည်တော်မှာလည်း ရှင်ဉာဏဝရအမည်ဖြင့် ထင်ရှားလေသည်။

ရှင်ဉာဏဝရသည် လောကုတ္တရာ စာပေကျမ်းဂန်များသာမက ဆေးကျမ်း၊ ဓာတ်ကျမ်းအရှိစသည့် လောကီကျမ်းအမျိုးမျိုးကို သင်အံဆည်းပူးလေရာ အထူးအချွန် ပေါက်မြောက်တော်မူလေသည်။ ရှင်ဉာဏဝရသည် ကျော်အောင်စံထား ဆရာတော်ဘုရားကြီးထံတော်မှ ခွင့်ပန်၍ ထိုအခါက ပိဋကတ်ကျမ်းဂန် ခဲရာခဲဆစ် အပိုင်းများကို ပြသရာ၌ လွန်စွာထင်ရှားသော ပေါက်ကံ့ရွှေကျောင်း ဆရာတော်ဘုရားထံတော်သို့ သွားကာ ပညာဆည်းပူးပြန်လေသည်။ ထိုအခါ ရဟန်းငါးဝါမြောက် ဖြစ်သည်။

သဒ္ဒါကျမ်း၌ တစ်ဖက်ကမ်းခတ်ခြင်း

ခင်ကြီးပျော်ဖြစ်မည့် ရှင်ဉာဏဝရသည် ပေါက်ကံ့ရွှေကျောင်းဆရာတော်၏ထံတွင် သဒ္ဒါကျမ်းနှင့်ဆိုင်ရာ ခဲရာခဲဆစ်များကို နှိုက်နှိုက်ချွတ်ချွတ် သင်ကြား လေသည်။

ဉာဏ်ပဋိဘာန် ထက်သန်သော ပုဂ္ဂိုလ်ဖြစ်သည်နှင့် အညီ ခင်ကြီးပျော်မှာ သဒ္ဒါကျမ်းကို အပြီးတိုင်ရှုံမျှမက သဒ္ဒါ အရာ ယုံမှားကင်းလောက်အောင် ကျွမ်းကျင်တော်မူလေ သည်။ ထို့ကြောင့်ပင် "သဒ္ဒါဗျူဟာ" မည်သော ကျမ်းကို စာသင်သားတို့အတွက် ပြုစုတော်မူခဲ့ပေ၏။

*နောင်တော်ကြီးမင်း၏ အကိုးကွယ်ခံရခြင်း

ဦးပုဥ္ဇင်းရှင်ဉာဏဝရ၏ စာပေကျမ်းဂန် ကျေပွန်ကြောင်း ပိဋကတ်ကျမ်းဂန်ကို မွှေနှောက်ချောက်ချား နိုင်ရုံမျှမက အင်္ဂရိတ်လုပ်ရတ်ကျမ်း၊ ဆေးကျမ်း၊ ဓာတ်ကျမ်း၊ ဗေဒင် ကျမ်း အမျိုးမျိုးကိုလည်း သူမတူဟူစလောက် ကျွမ်းကျင် နိုင်နင်းတော်မူလှကြောင်း သတင်းအဖုံဖုံကို အလောင်းမင်း တရားကြီး၏ သားတော်ကြီး အိမ်ရှေ့မင်း နောင်တော်ကြီး ကြားသိတော်မူလေသည်။ ပညာရှိကို လိုလားသော နောင် တော်ကြီးမင်းသားသည် ရှင်ဉာဏဝရအား နေပြည်တော် (ရတနာသိခ်)သို့ ပင့်ဆောင်တော်မူလျက် ရတနာရွှေဘုံတု လွှတ်ကျောင်းတော်ကြီးကို တင်လှူကိုးကွယ်တော် မူလေ သည်။ ထို့ကြောင့် ပညာရှိအပေါင်းက ခင်ကြီးပျော်အား

---

* နောင်တော်ကြီးကား မြန်မာရာဇဝင်တွင် စိတ်သဘော ထား နူးညံ့သိမ်မွေ့ပြီး သူ့ကျေးဇူးကို သိတတ်သော ဘုရင်တစ် ပါးအဖြစ် ထင်ရှားလေသည်။

(ဘော–အို–ဉာဏာဘိလင်္ကာရ သဒ္ဓမ္မသေနာပတိ မဟာဓမ္မ ရာဇာဓိရာဇဂုရု၊ ဇမ္ဗူကျော်သောင်း၊ မြေကြီးခေါင်းမျှ၊ နှံ့စပ် ကြေညာ၊ ဉာဏ်လင်းဖြာသည့်အတုလဆရာတော် ဟု တင်စား ခေါ်ဝေါ်ကြ၏၊

ခင်ကြီးပျော်အဖြစ် ထင်ရှားခြင်း

ရှင်ဉာဏဝရသည် အိမ်ရှေ့စံကိုယ်တော် နောင်တော်ကြီး ကိုးကွယ်တော်မူသည့် အချိန်ကစ၍ ငယ်မည် မောင်ပျော်ကို အစွဲပြု၍ "ခင်ကြီးပျော်"ဟု နေပြည်တော်တွင် ထင်ရှား ကျော်ကြားတော် မူလေသည်။ ဆရာတော်မှာ ဗဟုသုတ အဖြာဖြာ၌ နှံ့စပ်ကျွမ်းကျင်တော်မူလှသဖြင့် မည်သည့်အရာ ဌာန၌မဆို "မသိပြီ၊ မတတ်ပြီ"ဟူ၍မရှိ၊ ရှေးခါကိမ္ဘူရေးရာ စာပေကျမ်းဂန် အရာတို့တွင် "မှတစ်လုံးကြေ၊ မကာရ လောပ၊ အတုလဆရာတော် ခင်ကြီးပျော်"ဟု ရှင်လူရဟန်း တို့က ချီးမွမ်းအံ့သြ ထောမနာပြုကြလေသည်။ ဇာတိချက် ကြွေ တောင်တွင်းကြီးမြို့ကို အစွဲပြု၍လည်း တောင်တွင်းဆရာ တော်ဟု ခေါ်ဝေါ်ခြင်းပြုကြ၏။

သာသနာပိုင်ဆရာတော် ဖြစ်တော်မူခြင်း

မြန်မာသက္ကရာဇ် ၁၁၂၂ – ခုနှစ်တွင် ခမည်းတော် အလောင်းမင်းတရားကြီး၏ အရိုက်အရာတော်ကို နောင်တော် ကြီး(အိမ်ရှေ့စံ) ဆက်လက်စံတော်မူသည်။ ၎င်းမင်းမှာမဟာ ဇေယျာပုရ စစ်ကိုင်းနှင့် ရွှေဘိုတွင် တစ်လှည့်စီ ထီးနန်းစိုးစံ တော်မူသည်။ နောင်တော်ကြီးမင်း၊ စစ်ကိုင်းမင်း အမည် တော်နှစ်ခုဖြင့်ထင်ရှားသော ကုန်းဘောင်ဆက် မြန်မာဘုရင် တစ်ပါးဖြစ်ပေ၏။

မင်းဆရာ ဖြစ်လိုစိတ် မရှိ

နောင်တော်ကြီးမင်းသည် အထွတ်အထိပ် ရွှေထီးရွှေနန်းကို သိမ်းပိုက်တော်မူပြီးသည်နှင့် များမကြာမီ မိမိကိုးကွယ်တော်မူသော ဆရာတော် ခင်ကြီးပျော်ကို နေပြည်တော်သို့ ကြွရောက်တော်မူပါရန် အကြိမ်ကြိမ်လူလွှတ်ပြီး ပင့်လျှောက်လေသည်။ သို့သော် ဆရာတော်က "ငါသည် မင်းဆရာအဖြစ် နေပြည်တော်တွင် အကိုးကွယ်ခံပြီး မနေလို" ဟုဆိုကာ ငြင်းပယ်လေသည်။ သို့သော် ဘုရင်မင်းတရားက အကြိမ်ကြိမ် ပင့်လျှောက်သဖြင့် ကြွရောက်တော်မူသည်။

ရတနာသိခ် နေပြည်တော်၏ အရှေ့မြောက် ယွန်းတွင် ကျောင်းဦးပြာသာဒ်နှင့် တကွ သုံးထပ် မဇတဝန် မဟာဘုံသာ ရွှေကျောင်းတော်ကြီးကို ဆောက်လုပ် လှူဒါန်းတော်မူလေသည်။ "ဉာဏာလင်္ကာရသဒ္ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်တော်ကို ဆက်ကပ် လှူဒါန်းလေသည်။ ထို့နောက် သာသနာပိုင် ဆရာတော်အဖြစ် တင်မြှောက်ကိုးကွယ်တော် မူလေသည်။ ဆရာတော်ဘုရားအား နောင်တော်ကြီးမင်းက "မဟာဘုံသာ" ကျောင်းတော်ကြီးကို ကပ်လှူပူဇော်ကြောင်း ဆရာတော် ခင်ကြီးပျော်အရိုးအိုး တည်ထားရာ လောကမဥ္ဇူဘုရား ကျောက်စာတွင် ဤသို့ ရေးထား ထားပေသည်။

"ဧဝံ– ဤသို့ဝ် သဘောတော်ဟိသော၊ ဂုဏ်၊ ကျေးဇူးတော်ကိုဝ်၊ ပသီဒိတွာ၊ ကြည်ညိုတော်မူရပ်၊ ယောဇနသတပ္ပမာဏ်၊ ယူဇနာတရာ အတိုင်းအရှည်

ဟိသော အရပ်သို့၊ အနေကက္ခတ္တုံ၊ အကြိမ်များစွာ၊ ဂန္တွာန၊ သွားဦးရှုပ်၊ သဂါရဝံ၊ အရိုဝ်အသေ၊ နိမန္တေသိ၊ ပင့်ဖိတ်စေ၏။ ယောဓမ္မရာဇာ၊ အကြင်သီရိပဝရမဟာဓမ္မရာဇာ အမည်ဟိသော မင်းတရားသည်။ သုဘံ၊ တင့်တယ်စွာထသော၊ အနေကဓဇာလင်္ကာရံ၊ များစွာသော မှန်ကင်းတို့ဝ်ဖြင့် တန်ဆာဆင်အပ်ထသော၊ မဟာဘုံသာ တိလဉ္ဆိတံ၊ မဟာဘုံမ်သာဟူသော နာမံတံဆိပ်လည်း ဟိထသော၊ မဟာသေယျံ၊ မြတ်သော ကျောင်းကြီးကိုဝ်၊ တဿဂုရုနော၊ ထိုဝ်ဆရာတော်အား၊ အဒါသိ၊ လှူတော်မူ၏။

မုနိနော၊ ဘုရားရှင်၏၊ ပရိနိဗ္ဗာနာ၊ ပရိနိဗ္ဗာန်လွန်တော်မူသည်မှ၊ ဇဂ္ဂရေ၊ နှစ်ထောင်သုံမ်းရာ ခြောက်နှစ်သော၊ စက္ကမှိ၊ သာသနာတော်သည်၊ ပတ္တေ၊ ရောက်သည်ဟိသော်၊ သင်္ဂါဇေယျသမ္မတော၊ စစ်ကြီးအောင်ရာဟူရှယ့်-သမုတ်အပ်ထသော၊ မဟာဇေယျပူရေ၊ မဟာဇေယျပူရအမည်ဟိသော ပြည်ကြီးနိုက်၊ သောရာဇဂုရု၊ ထိုဝ်ဆရာတော်သည်၊ ဇဂ္ဂဝဿမှိ၊ သုံမ်းဆယ့်ယှစ်နှစ်သော၊ ဇီဝိတော၊ အသက်တော်သည်၊ သမာပန္နေ၊ ကောင်းစွာရောက်သည်ဟိသော်၊ ကိတ္တိသေသသဒ္ဒဗတ္တုံ၊ ကျော်စောသံမျှသာကြွင်းကျန်တော်မူခြင်းသို့ဝ်၊ သမ္ပတော၊ ရောက်တော်မူ၏။

ဆရာတော်မှာ လောကုတ္တရာ စာပေကျမ်းဂန်တို့၌ ခဲရာခဲဆစ် အပိုင်းတို့ကို ရှင်းလင်းမှု ကျနလှခြင်း၊ လောကီမှု

ရေးရာတွင်လည်း တတ်သိခြင်းတို့ကြောင့် ရှင်လူအများတို့က အထူးလေးစား ကြည်ညိုကြလေသည်။

ခင်ကြီးပျော်အား နောင်တော်ကြီးမင်း ပညာစမ်းခြင်း

ဆိုင်းအတတ်ပညာကို ပြခြင်း

တစ်ရံခါ၌ နောင်တော်ကြီးမင်းသည် မိမိကိုးကွယ်သော ဆရာတော် ခင်ကြီးပျော်အား "မ" တစ်လုံး ကျေသည် မကျေသည် သိရလေအောင် ပညာစမ်းလိုသောအကြံ ဖြစ်လေ၏။

ထို့ကြောင့် မဟာဒါန်ဝန်မင်းအား "မောင်မင်း ငါ ကိုယ်တော်မြတ် ကိုးကွယ်တော်မူသော ဆရာတော် ခင်ကြီး ပျော်သည် လောကီမှုရေးရာ တစ်ရပ် ဖြစ်သော အတီးအမှုတ် သဘင်ပညာကိုမူ ရဟန်းကိစ္စနှင့် မပတ်သက်၍ စိုးစဉ်းမျှ နားလည်မည်ဟု ငါကိုယ်တော်မြတ် မထင်မှတ်ပေ၊ သို့မို့ ကြောင့် မောင်မင်းသည် နေပြည်တော်ရှိ အကျော်အမော် ဆိုင်းတီးသမားတို့ကို ဆင့်ဆို၍ ဆရာတော်ကျောင်းသို့ သွား ပြီး ဆိုင်းဝိုင်းဖွဲ့ တီးမှုတ်ဖို့ စီမံလေ"ဟု အမိန့်တော်မြတ် မှတ်လေ၏။

မဟာဒါန်ဝန်လည်း နောင်တော်ကြီးမင်း၏ အမိန့်တော် အတိုင်း ဆရာတော်၏ကျောင်းတော်တွင် အကျော် အမော် ဆိုင်းသမားတို့ကို ဆိုင်းတီးစေသည်။

ဆရာတော်က ကြည့်ရှုပြီးလျှင် ဆိုင်းသမားတို့အား– "ဒကာတို့ တီးလုံးတီးကွက်သည် ဤမျှသာလော"ဟု မေး လေရာ ဆိုင်းသမားတို့ကလည်း "ဘုရား့တပည့်တော်တို့၏ ဆိုင်းပညာ တီးလုံး တီးကွက်အရာမှာ လက်စွမ်း ကုန်ပါပြီ ဘုရား"ဟု လျှောက်ကြားကြကုန်သည်။

ထိုအခါ ဆရာတော်က ဆိုင်းသမားများအား ဤအလုံး နှင့် ထိုအလုံးကို ပေါင်းစပ်၊ လက်က ဘယ်ကဲ့သို့ထား၊ ဆိုင်း ဗုံ ပတ်လုံးများကို ဘယ်ကဲ့သို့ညှိစသည်ဖြင့် လက်ထပ် ညွှန် ပြပြီး ဆိုင်းတီးစေသည်။

ထိုအခါ ဆိုင်းသမားများသည် ဆရာတော်၏ သွန်သင် ချက်အတိုင်း ဆိုင်းတီးလေသည်။

နှစ်ကြိမ်၊ သုံးကြိမ်ရှိမှ ဆရာတော် သွန်သင်သည့် တီးလုံး တီးကွက်ကို ရကြလေသည်။

သမာဒေဝနတ်ချင်း တီးရိုးဖြစ်၍ မကြားဖူး မကြုံဖူး အောင် အသံသာလွန်းသဖြင့် ဆိုင်းသမားများနှင့် မဟာ ဒါန်ဝန်မှာ ပါးစပ်အဟောင်းသားဖြစ်ပြီး တအံ့တသြ ဖြစ် ကြပေသည်။

မဟာဒါန်ဝန်လျှောက်ထားသဖြင့် နောင်တော်ကြီးမင်း ကိုယ်တော်တိုင် ရှုစား နာခံတော်မူသောအခါ နတ်စောင်း ငြင်းပတ်သာ တူရိယာကဲ့သို့ အသံသာလွန်းသဖြင့် "အမတ်

ကြီးတို့ ငါကိုယ်တော်မြတ်ရဲ့ ဆရာတော်ဘုရားကား အံ့ဖွယ်ဘနန်း ရှိလှပေတကား''ဟု မိန့်တော်မူလေသည်။

စစ်တုရင်အတတ်ကို ပြခြင်း

တစ်ကြိမ်သော အခါတွင်လည်း နောင်တော်ကြီးမင်းသည် ဤသို့ စဉ်းစားတော်မူပြန်၏။

ငါ၏ဆရာတော် ခင်ကြီးပျော်သည် အခြားလောကီပညာရပ်များကို တတ်မည်မှန်သော်လည်း "စစ်တုရင်ထိုးခြင်း" အတတ်ပညာကိုမူ ရဟန်းသံဃာတော်တို့နှင့် မဆိုင်သဖြင့် ကျွမ်းကျင်လိမ္မာစွာ တတ်မြောက်ခြင်း ရှိလိမ့်မည်မဟုတ်။ ဤသို့ ကြံဆင်ခြင်ပြီးသကာလ၊ မဟာဒါန်ဝန် အမတ်ကြီးအား နေပြည်တော်ရှိ စစ်တုရင်ထိုးသောအရာ၌ ပြိုင်ဘက်ကင်းအောင် တော်သောလူတစ်ယောက်ကို ရှာစေ၏။

စစ်တုရင်ကျွမ်းကျင်သူကို ရသောအခါ စစ်တုရင်ကျွမ်းကျင်သူနှင့်တကွ ကိရိယာတန်ဆာပလာကိုပါ ဆရာတော်ခင်ကြီးပျော်၏ ကျောင်းသို့ပို့ရန် မိန့်တော်မူလေသည်။ ဆရာတော်ရှေ့မှောက်သို့ ရောက်သောအခါ စစ်တုရင်ခုံခင်းပြီးသကာလ ဆရာတော်နှင့် စစ်တုရင်ကျော်တို့ စစ်ဆင်ကစားကြ၏။

ပထမဆုံးတစ်ပွဲတွင် ဆရာတော်ခင်ကြီးပျော် ရှုံးသွားလေသည်။ နောက်ဆက်လက်ပြီး ဆရာတော်နှင့် ထိုစစ်တုရင်ကျော်တို့ ကစားကြရာ ဆရာတော်ကချည်း နိုင်လေတော့သည်။

စစ်တုရင်ကျော်မှာ နောက်ဆုံး၌ "တပည့်တော် ဘယ်နည်းနှင့်မျှ ဆရာတော်ကို နိုင်အောင် မကစားနိုင်တော့ပါဘုရား"ဟု ဆိုလျက် လက်မှိုင်ချ အရှုံးပေးရလေတော့သည်။

တောင်တွင်းဆရာတော် ခင်ကြီးပျော်ကို ပြိုင်ဖက်ဖြစ်သော စစ်တုရင်သမားက "အရှင်ဆရာတော်သူမြတ်ဘုရား၊ တပည့်တော်မှာ နေပြည်တော်၌ ပြိုင်ဖက်မရှိအောင် တော်သော စစ်တုရင်သမား ဖြစ်ပါသည်။ ဆရာတော်၏ စစ်တုရင်ထိုးကွက်ကို တပည့်တော် မခန့်မှန်းနိုင်အောင် ရှိပါ၍၊ နည်းနာနိဿယပေးတော်မူပါဘုရား"ဟု လျှောက်ထားလေသည်။

ထိုအခါဆရာတော်က "ဒကာစစ်တုရင်သမား ဤစစ်တုရင်ထိုးခြင်းအတတ်ကား "အတွက်"ဖြစ်ပေတယ်၊ အတွက်ကိုနားလည်သဘောက်ပေါက်ရင် မရှုံးနိုင်ပေ၊ နိုင်ရမည်ပင်ဖြစ်ပေတယ်"ဟု မိန့်တော်မူလျက် စစ်တုရင် သမားက တောင်းပန်သဖြင့် "စစ်တုရင်လင်္ကာ"ကို ရေးသားတော်မူလေသည်။

ကွန်ပစ်နည်းပညာကို ပြခြင်း

တစ်နေ့သော ညနေခင်းအခါ လေမိုးသာသည်နှင့် ဆရာတော်ခင်ကြီးပျော်သည် မြစ်ဆိပ်သို့တစ်ပါးတည်း ကြွသွားတော်မူ၏။

ထိုအခါ မြစ်ဆိပ်၌ တံငါသည်တစ်ယောက် ပိုက်ကွန်ဖြင့် ငါးဖမ်းလျက်ရှိလေသည်။

တံငါယောကျ်ားမှာ ပိုက်ကွန်ကို အကြိမ်ကြိမ်အခါခါ ဖြန့်ကားလျက် ရေထဲသို့ပစ်သော်လည်း တစ်ကောင် တလေမျှသောငါးကို မမိနိုင်သဖြင့် စိတ်ပျက် အားလျော့ဖြစ်လာလေသည်၊ နောက်ဆုံး၌ မိမိ၏ ငါးဖမ်းကိရိယာများကို သိမ်းဆည်းလျက်၊ အင်းဝမြို့ဘက်သို့ ရှေးရှုကာ ပြန်ခဲ့ရှာပေတော့၏။

ထိုသူ၏ဖြစ်အင်ကို ရှုမြင်ရသော ဆရာတော်ခင်ကြီးပျော်သည် ပြုံးကြည့်တော်မူလျက် အနီးရှိ ဒါယကာတစ်ယောက်အား ပိုက်ကွန်တစ်ခုကို အရှာခိုင်းလေသည်။

ဒါယကာလည်း ဆရာတော်၏ အမိန့်အတိုင်း ပိုက်ကွန်ကို ရှာပြီး ပြန်လာလေသည်။

ဆရာတော်သည် ထိုဒါယကာအား ပိုက်ကွန်ကိုဤသို့ဖြန့်၊ ဤသို့ကိုင်၊ ရေထဲသို့ ဤသို့ပစ် စသည်ဖြင့်သွန်သင်ပြီး ပစ်ခိုင်းလိုက်၏။

ဒါယကာမှာ ဆရာတော် ပြောဆို ညွှန်ကြားသည့်အတိုင်း ပစ်ရှိုက်လေရာ၊ ပိုက်ကွန်မှာ အထူးသဖြင့် ဖြန့်ကားပြီး ရေထဲသို့ ကျသွားလေသည်။

ပိုက်ကွန်ကို ပြန်ဆွဲ၍ တင်လိုက်သောအခါ ငါးကြင်း၊ ငါးသိုင်း အစရှိသော ငါးကြီးငါးကောင်းများ ပိုက်ကွန်

တွင် မိလျက် ပါလာလေသည်၊ မြင်ရသူ အပေါင်းတို့သည် တအံ့တသြ ဖြစ်ကြရလေ၏။

ဆရာတော်က မိသောငါးများကို ချက်ချင်းပင် ကွန်မှဖြုတ်၍ ရေထဲသို့ပြန်လွှတ်ခိုင်းတော်မူ၏၊ "ဒကာတို့ လောကီပညာတစ်ရပ်အဖြစ် "ငါ" ဆရာတော်ပြခြင်း ဖြစ်ပေတယ်၊ "အကုသိုလ်" အလုပ်ကို ကြောက်ကြကုန်လော့" စသည်ဖြင့် အကုသိုလ်၏ အပြစ်ပြကာ တရားဟောကြား ဆုံးမတော်မူလေသည်၊ ဤသို့လျှင် ဆရာတော်ခင်ကြီးပျော်သည် လောကီမှုရေးရာအရပ်ရပ်တို့၌ မသိမတတ် မရှိစေရ 'မ' တလုံးကို ချေပြတော်မူသဖြင့် လူ ရှင် ပရိသတ်တို့၏ အံ့သြကြည်ညိုခြင်းကို ခံရပေသတည်း။

ရှေးဟောင်းသုတေသနဦးစီးဌာန
စာကြည့်တိုက်
အိုက်ကိုဝင်အမှတ်
နေ့စွဲ

အတိတ် နိမိတ် စနည်း တဘောင် မှန်အောင် ဖတ်တတ်ခြင်း

ဆရာတော်ခင်ကြီးပျော်သည် အတိတ် နိမိတ် တဘောင် စနည်းများကို ဖတ်တော်မူရာ၌ အလွန်မှန်ကန်အောင် ဖတ်နိုင်တော်မူပြန်၏။ ထိုအကြောင်း သက်သေကား အောက်ပါ အဖြစ်အပျက်ဖြင့် ထင်ရှားလေသည်။

စစ်ကိုင်းမြို့တွင် ထင်းသည် လင်မယားနှစ်ယောက် ရှိကြလေသည်။ ထိုလင်မယားတို့သည် ညအချိန်အခါ အိပ်စက်ကြရာ၌ မိမိတို့ရောင်းချသော ထင်းပုံကြီးကို ခေါင်းစိုက်ကာ အိပ်လေ့ရှိပေ၏။

အခါတစ်ပါး ညတစ်ည သက်ကြီး ခေါင်းချချိန် ထိုလင်မယားတို့ အိပ်စက်မည်ဟု ငိုက်မျဉ်း၍ နေကြစဉ် ဝတ်ဖြူစင် ကြယ် ဝတ်ထားသော လူသူတော် တစ် ယောက် သည် ရှေ့တွင် ကိုယ်ထင်ပေါ်လာပြီး "အ သု ခ" ဟူသော စကားသုံးခွန်းကို ပြောလျက် ပျောက်ကွယ်သွားလေသည်။

ဇနီးမောင်နှံ နှစ်ယောက်စလုံးမှာ ကြက် သေ သေ ကာ ကျန်ရစ်လေသည်။ စကားအဓိပ္ပာယ်ကို အနည်းနည်းအဖုံဖုံ ကြံဆကြသော်လည်း လုံး၀ သဘောမပေါက်နိုင်ကြပေ။

ထို့ကြောင့် ထင်းသည် လင်မယားမှာ နီးစပ်ရာ ပညာရှိပုဂ္ဂိုလ်များကို ဆည်းကပ် မေးမြန်းကြပြန်၏။ သို့သော် ကျေနပ်လောက်သော အဖြေကို မရသဖြင့် မကြံတတ်အောင် ရှိရှာကြသည်။

ပညာရှိများမှာ လူသူတော်အိပ်မက်ထဲတွင် ပြောဆိုသွားသော "အ သု ခ" ဟူသော စကား၏ အနက်အဓိပ္ပာယ်ကို အမျိုးမျိုးတွေးဆ ဆင်ခြင်ကြပါသော်လည်း လွယ်လွယ်နှင့် သဘောမပေါက်နိုင်ကြ၍ လက်မှိုင်ချနေကြရပေသည်။

နောက်ဆုံး၌ ထင်းသည် လင်မယားကို အိမ်နီးပါးချင်းအချို့က "တောင်တွင်းဆရာတော်ခင်ကြီးပျော်ဟာ နေပြည်တော်အင်း၀မှာ အကျော်ပဂေး ဆရာတော်တစ်ပါး ဖြစ်တယ်၊ အတိတ်၊ နိမိတ်၊ တဘောင် စနည်းတို့ကို ဖတ်ကြား

ရာမှာလည်း အပုံကြီးမှန်ပေတယ်၊ အနို့မို့ကြောင့် အကျွန်တို့ ဆရာတော့်ထံ သွားရောက် လျှောက်ထားမေးမြန်းသင့်ပေတယ်" စသည်ဖြင့် ပြောဆိုတိုက်တွန်းကြလေသည်။

ထိုအခါ ထင်းသည် ယောကျ်ားသည် လူအများ အကြံပေးသည့်အတိုင်း နေပြည်တော်ရှိ ဆရာတော် ခင်ကြီးပျော် သီတင်းသုံးရာ ကျောင်းသို့ သွားရောက်လျက် အောက်ပါအတိုင်း လျှောက်ထားလေသည်—

ထင်းသည်။ ။ဆရာတော်ဘုရား၊ အိပ်မက်ထဲ၌ တပည့်တော်ကို "လူသူတော်" တစ်ယောက်က "အသုခ" ဆိုတဲ့စကား သုံးခွန်းကို ပြောဆိုပြီး ပျောက်ကွယ်သွားပါတယ်။ တပည့်တော် အဓိပ္ပာယ် မကြံဆတတ်လို့ ဆရာတော် အရှင်သူမြတ်၏ ခြေရင်းတော်သို့ ရောက်လာတာပါဘုရား၊

ဆရာတော်။ ။ဒကာရဲ့ အိမ်မှာ သရက်ပင် ရှိသလားကွဲ့၊ လျှောက်စမ်း။

ထင်းသည်။ ။မရှိပါဘုရား။

ဆရာတော်။ ။သေသေချာချာ ပြန်ကြည့်လကွဲ့၊ သရက်ပင် ရှိပေလိမ့်မယ်။ ဒကာ့အိမ်မက်ပါ အက္ခရာ "အသုခ" ရဲ့ အဓိပ္ပာယ်က ဒီ လို ဆို သ ကွဲ့။ "အ" အက္ခရာဟာ ပါဠိလို "အမ္ဗမူလေ" ဖြစ်

တယ်၊ ငါတို့ မြန်မာ ဘာသာ အလိုတော့ "သရက်ပင်" ပေါ့။

"သု"အက္ခရာရဲ့ အဓိပ္ပာယ်ကတော့ "သုဝဏ္ဏကုမ္ဘ" ရွှေဖြစ်တယ်။

"ခ"အက္ခရာရဲ့ဆိုလိုချက်ကတော့ "ခဏာဟိ" တူးယူပေတော့တဲ့။

အနှိဝေါ့ကာ "အသုခ"ရဲ့အဓိပ္ပာယ်ခြုံပြောရရင် "သရက်ပင်ရင်းမှာ ရွှေအိုးကို တူး ယူ ပေတော့လို့" လူသူတော်က ပြောခဲ့တာပဲ၊ ဒကာတို့ ကုသိုလ်ကံပဲ သတိပြု ရှာဖွေကြည့်ပေတော့ကွဲ့။

ထင်းသည်ယောကျ်ားသည် ဆရာတော်အား ဦးတင်ကာ အလျင်တဆော အိမ်သို့ပြန်ခဲ့လေသည်။ ဇနီးဖြစ်သူအား ဆရာတော် မိန့်ကြားချက်ကို ပြောပြကာ မိမိတို့ အိမ် ဝင်း အတွင်း သရက်ပင်ကို ရှာကြံကြလေသည်။

လင်ယောကျ်ား ဖြစ်သူ ဆရာတော် ခင်ကြီးပျော် ၏ ကျောင်းသို့သွားနေစဉ် ဇနီးဖြစ်သူက အိမ်ရှိ ထင်းပုံကြီးမှ ထင်းများကို ရောင်းချထားနှင့်လေရာ မူလ ထင်းပုံကြီးမှာ တက်တက်စင် ပြောင်နေပေတော့၏။

ထင်းပုံရာ မြေကြီးပေါ်တွင် ရက်များ မကြာမီ က သရက်သီးကို စားပြီး ထင်းပုံကြားသို့ အမှတ်မဲ့ ပစ်ထားခဲ့သည့် သရက်စေ့ကလေးမှ သရက်ပင်ကလေးပေါက်နေလေသည်။

ထင်းသည် လင်မယားမှာ ထိုသရက်ပင် အခွေကလေးကို အထင်းသား မြင်မိကြ၏။ ထင်းသည်မှာ ဝမ်းပန်းတသာ ဖြစ်သွားလျက် "ရှင်မရေ–ဆရာတော် ဟောတာ မှန်နေပြီကွဲ့၊ တို့တော့ဖြင့် သည်ကနေ့ကစပြီး လက်ခမောင်း ခတ်ရတော့မပေ၊ ကြေးရတတ် ဖြစ်ပြီကွဲ့"ဟု အမောတကောအော်ဟစ်ပြောဆိုကာ သရက်ပင်အောက် မြေကြီးကို ဓားတစ်စင်းဖြင့် တူးဆွလေတော့သည်၊ မကြာမြင့်မီပင် မြေအိုးတစ်လုံးကို မြေကြီးတွင်းမှ ရရှိလေသည်။

မြေအိုးတွင်းမှ ရွှေသုံးပိဿာခန့်ရရှိကြ၏။

ထိုနေ့မှစ၍ ထင်းသည်လင်မယားမှာ ချမ်းချမ်းသာသာ နေထိုင်သွားကြရပေတော့သတည်း။

နောင်တော်ကြီးမင်း၏ စိတ်နေသဘောထား

နောင်တော်ကြီးမင်းသည် ကုန်းဘောင်ဆက် ဘုရင်များ အနက် "မင်း"ဟူသော မာန်မာန အလျဉ်းမရှိဘဲ ရိုးရိုးမှတ်မှတ် အေးအေးလူလူ နေတတ်ပြီး သဘောသက္ကာယ ကောင်းမွန်သော ဘုရင်တစ်ပါး ဖြစ်လေသည်။

ဤနေရာတွင် နောင်တော်ကြီးမင်းနှင့် စပ်လျဉ်း၍ ပြောရိုးဆိုစဉ်ရှိခဲ့ကြသော အကြောင်းရပ်လေးတစ်ခုကို တင်ပြလိုပါသည်။

နောင်တော်ကြီးသည် အိမ်ရှေ့မင်းသားဘဝတွင် ရဲဖန်ရဲခါ ဆိုသလို မိမိ၏အခြံအရံ လူဗျိုတော်များနှင့်အတူ ရွှေ

နန်းတော်နှင့် ဝေးရာအရပ်တို့သို့ သွားကာ ကင်းကင်းလွတ်လွတ် အေးအေးဆေးဆေး နေထိုင်လေ့ရှိပေသည်။

နွေလအခါများ၌ ရုံဖန်ရံခါ ဆိုသလို နောင်တော်ကြီးမင်းသည် လူပျိုတော်သားအချို့နှင့်အတူ မန်ကျည်းပင်အောက် အရိပ်ကောင်းကောင်းတွင် ထိုင်လျက် **"နေပူမန်ကျည်း စားမကြီး"**ဟု မိန့်တော်မူပြီး မန်ကျည်းသီး စိမ်းမှည့်များကို ပျော်ပျော်ရွှင်ရွှင် ထောင်းထု စားသောက်လေ့ရှိ၏။

အမတ်ကြီး အချို့က လူသူ လေးပါး ကျေးတော်မျိုးကျွန်တော်မျိုးများ ရှုမြင်၍ မသင့်တော်ပါဘုရား၊ ကိုယ်တော်မြတ်ကြီး ဆင်ခြင်သင့်ကြောင်းပါ"ဟုလျှောက်ထားရာ နောင်တော်ကြီးက ပြုံးတော်မူပြီး—

"အိုအမတ်ကြီးတို့ ငါကိုယ်တော်မြတ် သည်ကဲ့သို့ လွတ်လပ်စွာ စံနေတော်မူတာ မည်သူ့အကျိုးကို ထိခိုက်ပါသတုန်း လျှောက်တင်ကြစမ်း"ဟု မိန့်တော်မူလေသည်။

အမတ်ကြီးများက "သူတစ်ထူးအကျိုးကိုတော့ မထိခိုက်ပါဘုရား၊ ထီးမူ နန်းရုံနှင့် မသင့်၍ လျှောက်ထားရခြင်းပါဘုရား"ဟု လျှောက်တင်လေသည်။ ထိုအခါ နောင်တော်ကြီးမင်းက—

"ဒီလိုဖြင့်အမတ်ကြီးတို့ရယ် လျှောက်တင်မနေကြနဲ့တော့ ငါကိုယ်တော်မြတ် စိတ်တိုင်းကျ စံနေတော်မူပါရစေ"ဟု

မိန့်တော်မူပြီး မန်ကျည်းသီး မှည့်များကိုသာ အရှိန်မပျက် အားပါးတရ စားသောက်နေရာ မှူးမတ်ကြီးများမှာ ဆက်လက်မလျှောက်တင်ရဲကြတော့ပေ။

နောင်တော်ကြီးမင်းကား မိမိပြုလုပ်သော အမှုကိစ္စတစ်ခုသည် သူတစ်ထူး၏ အကျိုးတရားကို ထိခိုက်မည်၊ မထိခိုက်မည်ကို ဦးစွာဆင်ခြင်လေ့ရှိ၏။ အကျိုးတရား တစ်စုံတရာ ထိခိုက်နစ်နာခြင်းမရှိဟု သုံးသပ်မိသည်နှင့်တစ်ပြိုင်နက် ဘုရင်ဟူသောမာန်မာန အလျင်းမထားဘဲ၊ သာမန်ပုဂ္ဂိုလ်တစ်ဦးပမာ နေထိုင်ပြုမူလေ့ရှိပေသည်။

တစ်ခါတွင်လည်း နောင်တော်ကြီးမင်းသည် စစ်ကိုင်းမှ ရွှေဘိုသို့ပြန်လာခဲ့ရာ မြင်းကိုအပြင်းနှင်ခဲ့သဖြင့် အခြွေအရံတို့မှာ အတော်ဝေးဝေးတွင် ကျန်ရစ်ခဲ့လေသည်။ တစ်နေရာသို့အရောက် နောင်တော်ကြီးမင်းမှာ သခွားယာခင်းတစ်ခုကို တွေ့၍၊ အလွန်ဆာမွတ်လှသဖြင့် မြင်းကိုရပ်ပြီး ယာရှင်ထံ "သခွားသီး စားပါရစေ" ဟု ခွင့်တောင်း လေသည်။ ယာရှင်ကလည်း "ကောင်းပြီ အသင်စိတ်တိုင်းကျ စားလေ၊ သို့သော်အနွယ်အညွန့်ကိုမူ မပျက်စေနှင့်"ဟုပြောကာ ခွင့်ပြုလေသည်။ ယာရှင်သည်ကား နောင်တော်ကြီးကို 'မင်း'ဖြစ်မှန်း မသိရှာပေ။

နောင်တော်ကြီးသည် ယာရှင် သတိပေးထားသကဲ့သို့ မစားဘဲ သခွားသီးကို အနွယ်အညွန့်တို့ကိုပါ ဆွတ်၍ဆွတ်၍ စားလေ၏။ ယာရှင်မြင်သော် "နင်သည် ကောင်းကောင်း

မွှန်မွှန် မစား၊ ငါ့ယာခင်းကို ဖျက်သည်မှာ ကောင်းသလော”ဟု စိတ်ဆိုးမာန်ဆိုးဖြင့် ပြောလေ၏။ နောင်တော်ကြီးက ပြုံးရယ်တော်မူကာ “နင်ယောကျ်ား ကောင်းပီပီ သတ္တိရှိလျှင် ငါနှင့် နပန်းသတ်မည်လော”ဟု မိန့်တော်မူသောအခါ၊ ယာရှင် တောင်သူကြီးသည် ကောင်းလှပြီ”ဟု ဆိုတဲ့ကာ နောင်တော်ကြီးနှင့် အတင်း နပန်း လုံးလေတော့၏။ သို့ဖြင့် တစ်ဦးနှင့်တစ်ဦး သတ်ပုတ်ကြရာ၊ ယာရှင်မှာ အဖန်ဖန်မြေပြင်ပေါ်သို့ ကျရပြီး အရှုံးပေးရလေသည်။

မှင်းဖြစ်မှန်း လုံးဝမသိရှိမှာသော ယာရှင်မှာ ခပ်မောမောဖြင့် ယာခင်းထောင့်တွင် ထိုင်လျက် မိမိအားပြုံးကြည့်နေသော နောင်တော်ကြီးကို “ဤသူကား မည်ကဲ့သို့လူစားမျိုးဖြစ်ပါလိမ့်”ဟူသောအတွေးဖြင့် ကြည့်လျက်ရှိလေသည်။

ထိုအခိုက်တွင် ယာရှင်၏ဇနီး ထမင်းပို့ ရောက်လာလေသည်။ နောင်တော်ကြီးက ယာရှင်အား “ယောက်ဖ ငါ့ကိုလဲ ထမင်းကျွေးပါ ငါလဲ မောနေတယ်”ဟု ပြောရာ “သင့်ကို ကျွန်ုပ် မသထား၊ မကျွေးနိုင်”ဟု ယာရှင်က ဒေါသဖြင့် ပြန်၍ပြောလေသည်။

ထိုစဉ် မြင်းသည်တော်များ မီလာရာ ယာခင်းတွင်းသို့ ဝင်လာပြီး နောင်တော်ကြီးအား ဒူးတုပ်ခစားလေသည်။ ထိုအခါကျမှ မင်းဖြစ်မှန်းသိကြကာ ယာရှင်လင်မယားနှစ်ယောက်စလုံး အပြစ်မှခွင့်လွှတ်ပါရန် ရှိခိုးတောင်းပန်းလေသည်။ နောင်တော်ကြီးမင်းက “ရောင်းရင်း မောင်မင်း၌

အပြစ်လုံးဝမရှိ၊ သတ်ကြပုတ်ကြသည်မှာလည်း နှစ်ဦးသဘောတူ ဖြစ်ရာ ငါကျေနပ်သည်။ မောင်မင်း၏ သခွားသီးများကို စားရသည်မှာလည်း ကျေးဇူး တင်ပါ၏။ နန်းတော်သို့လည်း တစ်ခေါက်တစ်ကျင်းလာပြီး ရောင်းရင်းရဲ့ သခွားသီးများကို ပို့ပါအုံး”ဟု မိန့်တော်မူကာ ရွှေဘိုနန်းတော်သို့ ပြန်ခဲ့၏။

တစ်နေ့သောအခါ ယာရှင်သည် ‘ယာခင်းမှ ကောင်းပေ့ဆိုသော သခွားသီးများကို ဆွတ်ခူးကာ နောက်တော်ကြီးမင်းထံသို့ လာရောက်ဆက်သလေသည်။ နောင်တော်ကြီးမင်းသည် ယာရှင်၏ ရွှေကွင်ပင် သခွားသီးများကို အားရပါးရ စားသုံးတော်မူသည်။ ယာရှင်အားလည်း လိုရာဆုကို တောင်းရန် မိန့်တော်မူလေသည်။ ယာရှင်က မတောင်းသဖြင့်၊ မင်းတိုင်းကျေ အခွန်အတုတ် လွတ်ငြိမ်းခွင့်ပေး အမိန့်စာချွန်တော်ကို ကိုယ်တော်တိုင်လက်မှတ်ထိုး၍ ပေးလေသည်။

ထိုယာရှင်မှာ နောင်တော်ကြီးမင်း၏ နောက်ဆက်ခံကြသော ဆင်ဖြူရှင်၊ ဘိုးတော်ဘုရားတို့ လက်ထက်တိုင် သေတပန်သက်တဆုံး အခွန်အတုတ် လွတ်ငြိမ်းခွင့် စာချွန်တော်များကို ဆက်လက်ရရှိသွားပေသည်။

ထို့ကြောင့် နောင်တော်ကြီးမင်းမှာ မြန်မာရာဇဝင်တွင် သဘောသကာယ ကော်င်းသော မင်းတစ်ပါးအဖြစ် ထင်ရှားပေသတည်း။

အသက်ရှည်စွာ၊ အနာမဲ့ကြောင်း၊
ကောင်းလှစေချင်၊ ပဲ့ပြင်နိစ္စ၊
ကွပ်ဆုံးမသား၊ မိဘဆရာ၊
စကားနာ၍၊ ကျမ်းစာသိမြင်၊
တတ်အောင် သင်လော့၊
ပေါ်လွင်မပြု၊ ကောင်းရာတုလျက်၊
ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၍၊
ကောင်းကျိုးကိုယ်၌ တည်စေမင်း။

လောကဃာရပျို့.

ပညာရှိ အမတ်

၏

အမေးပြဿနာများကို

ဖြေဆိုတော်မူခြင်း

ဝိဇ္ဇာသိပ္ပ၊ လူ့ကိစ္စကို၊
ငယ်ကမသင်၊ ပျော်ပါးလွှင်မူ၊
အကြင်သူအား၊ စကားချေတင်၊
သဘင်မပြဲ့၊ ချို့တဲ့ပညာ၊
ညှိုးမျက်နှာနှင့်၊ ရှုံ့ရှာလန့်ထိတ်၊
အသံဆိတ်၏။

စတုဓမ္မသာရကိုးခန်းပျို့

တောင်တွင်းဆရာတော် ခင်ကြီးပျော်နှင့် လက်ဝဲနော်ရထာ

အထက် မုံရွေးရွာ ဇာတိ ဦးမြတ်သာနေသည် မြန်မာသက္ကရာဇ် *၁၁၁၄-ခုနှစ် အလောင်းမင်းတရားကြီး အင်းဝ ရွှေနန်းကို စိုးစံတော်မူစဉ် အမှုထမ်း ရွက်ရသည့် ပညာရှိ အမတ်ကြီးတစ်ဦးဖြစ်သည်။

ရတု ကဗျာ ရေးသားမှုတွင် ထူးချွန် ပြောင်မြောက်သဖြင့် အလောင်းမင်းတရားကြီးက လက်ဝဲနော်ရထာဘွဲ့ဖြင့် ချီးမြှင့်မြှောက်စားခြင်းကို ခံယူရလေသည်။

အလောင်းမင်းတရားကြီး အထွတ်အမြတ်သို့ ရောက်စကပင် ဦးနေသည် အလောင်းမင်းတရားကြီးထံ မင်းခေါင်နော်ရထာဘွဲ့ခံ ဗိုလ်တွန်ကို အကြောင်းပြု၍ အဖူးအမြော် ရောက်ခဲ့၏။

---

* ဥသြဥလာ ကျုန်းဘောင်ဓလောင်းရာဇာ

မဂ်လာ ရတုကို ရွှေတော်မှောက်တွင် တမူထူးချင်း ရေးသားဆက်သွင်းခဲ့ရာ အလောင်းမင်းတရားကြီးက -

"ငနေဟု အမည်ရှိပြီး နေကဲ့သို့ထင်ရှားမည့်ပညာရှိသည် ငါ၏ရွှေစကြာတော်အောက်သို့ ရောက်လေပြီ၊ ခပ်သိမ်းသော နက္ခတ်တာရာနှင့်တူသော မင်းအပေါင်းတို့သည် ထိုရတုတွင်ပါသော နိမိတ်သြဘာကဲ့သို့ မချွတ် ငါ့လက်သို့ အလျင်အမြန် ရောက်မည်" ဟု နိမိတ်ဖတ်တော်မူသည်။

ဦးနေကိုလည်း အပ္ပါးတော်တွင် မပြတ် ခစားစေတော်မူ၏။ နောင်အခါ အလောင်းမင်းတရားကြီး အောက်ပြည်ဒဂုံကို အောင်နိုင်ပြီး "ရန်ကုန်မြို့" ကို တည်ထောင်တော်မူသောအခါ "လက်ဝဲနော်ရထာ" အမတ်ကြီးသည် အမိန့်တော်မြတ်အရ၊ မြို့တည်ထောင်ရာတွင် ကြီးကြပ်ဆော်ဖန်ခဲ့ရသည်။

တောင်တွင်းဆရာတော်ခင်ကြီးပျော်နှင့် လက်ဝဲနော်ရထာ အမတ်ကြီးတို့မှာ ဆရာဒကာများ ဖြစ်ခဲ့ကြလေသည်။ လက်ဝဲနော်ရထာအမတ်ကြီးသည် မိမိကိုယ်တိုင် ပညာရှိပြီး ပညာရှိကို အမြဲတစေ ဆည်းကပ်ဖို့ရန် ဝန်မလေးသော ပုဂ္ဂိုလ်ဖြစ်ပြီး ဆရာတော် ခင်ကြီးပျော်ကို အတော်ကလေး ကြည်ညိုလေးစားခဲ့ပေသည်။ "သူတော်ချင်းချင်း၊ သတင်းလွှလွှ" ဖြစ်ခဲ့ကြလေသည်။

အမတ်ကြီးသည် ၁၁၂၀-ပြည့်မှ ၁၁၂၄-ခုနှစ် အထိ ၄-နှစ်တာ ကာလအတွင်း ဆရာတော် ခင်ကြီးပျော်အား

မိမိ မသိနားမလည် မရှင်းမလင်းသော ပြဿနာအရပ်ရပ်ကို မေးမြန်းလျှောက်ထားခဲ့၏။

ဆရာတော် ခင်ကြီးပျော်က လည်း **တိမ်တိုက်မှ အသူရာ အမိုက်တိုက်ကို ထွင်းဖောက်ပြီး လမင်းထွက်ပေါ် သကဲ့သို့** လက်ဝဲနော်ရထာ အမတ်ကြီး၏ မေးမြန်းသမျှ ပုစ္ဆာတို့ကို ထင်လင်းစွာ ဟောပြော ရှင်းလင်းတော်မူခဲ့ပေသည်။

လက်ဝဲ နော်ရထာ အမတ်ကြီး၏ ကပ်ကပ်သပ်သပ် ခဲခဲယဉ်းယဉ်း ရှိလှသော ပုစ္ဆာ အမျိုးမျိုးမှာ သာမန်ပုဂ္ဂိုလ်ဆိုလျှင် ဖြေဆိုနိုင်ဖို့မလွယ်ကူပဲ လက်မှိုင်ချရမည်သာဖြစ်သည်။ ဆရာတော် ခင်ကြီးပျော် အနေဖြင့် ဤကဲ့သို့ အမတ်ကြီး မေးသမျှကို မဆိုင်းမတွ ဖြေဆိုနိုင်သောကြောင့်လည်း "မတလုံးကြေ" ဟူသောဘွဲ့ထူးကို ရထိုက်ပါပေသည်ဟု ဆိုရပေတော့မည်။

အောက်ဖော်ပြပါ အမေး အဖြေများမှာ လက်ဝဲနော်ရထာ အမတ်ကြီးက မေးမြန်းလျှောက်ထား၍ ဆရာတော် ခင်ကြီးပျော်က ဖြေကြားရှင်းလင်းတော်မူခဲ့သော စကားရပ်များ ဖြစ်ပေသတည်း။

အမျှဝေပြဿနာ

မေး (၁)။ တမလွန်ဘဝသို့ ပြောင်းသွားကြသော သူတို့အားရည်စူး၍ လှူဒါန်းသော ကုသိုလ်အဖို့ကို

ဆွေးမျိုး သားချင်းတို့က အမျှပေးဝေလျှင် နောက်ဘဝ သတ္တဝါတို့ ရမည်၊ မရမည်သိချင်ပါသည်ဘုရား။

"မြင့်ရာကစီးသော ရေသည် နိမ့်ရာသို့ စီးလေသကဲ့သို့ ကုသိုလ်အဖို့ အမျှဝေလျှင် ရသည်"ဟု ရှေးဘုရားရှင်တို့ ဟောတော်မူခဲ့သောစကားသည်.အမှန်တကယ်ပင် ဖြစ်ပါသလားဘုရား။

ဖြေ (၁)။ **အမျှဝေလျှင် ကုသိုလ်အဖို့ကို ရနိုင်သောအရပ်၊ မရနိုင်သော အရပ်ဟူ၍ ရှိသည်။**

လူ့ပြည်၊ နတ်ပြည်၊ ငရဲပြည်၊ တိရစ္ဆာန်ဘုံတို့၌ ဖြစ်ကုန်သော သူတို့သည် ထိုထိုဘုံတို့၌ ရအပ်သော အဝတ်အစား၊ ချမ်းသာ ဆင်းရဲတို့ကိုသာ ခံစားကြရလေသည်။ ရည်မှတ်၍ ပေးလှူသော ကုသိုလ် အကျိုးကို မခံစားကြရပေ။

ပြိတ္တာဘုံ၌ဖြစ်သောသူတို့သာအလှူကောင်းမှုအကျိုးကို ခံစားရ၏။ သို့သော် အကြောင်းသုံးပါးလည်း ညီညွတ်ရပေသေးသည်။

အကြောင်းသုံးပါး ဟူသည်မှာ—

(၁) ရည်မှတ်၍ ပေးလှူသောအခါ၊
(၂) အမျှဝေသောအခါ၊

(၃) ထိုပြိတ္တာလာခိုက် ကြုံ၍ သာဓုခေါ်သောအခါတို့ ဖြစ်သည်။

ထိုပြဿနာနှင့်ပတ်သက်၍ မြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည်မှ ဇာဏုသောဏီပုဏ္ဏား မေးလျှောက်သဖြင့် ဟောတော်မူဖူး၏။ "မြင့်ရာကစီးသောရေသည် နိမ့်ရာသို့စီးလေသကဲ့သို့" ကုသိုလ်အဖို့ အမျှဝေလျှင် ရသည်ဟု ဟောတော်မူသော တရားတော်မှာလည်း ထိုပြိတ္တာတို့ကို ရည်မှတ်၍ ဟောတော်မူခြင်း ဖြစ်သည်။

အဗ္ဘန္တရသရက်သီးပြဿနာ

မေး (၂)။ "**အဗ္ဘန္တရ သရက်သီးကိုစားလျှင် အိုသောသူပျိုစေသည်**" ဟူသော စကားသည် ဟုတ်မဟုတ်၊ အဗ္ဘန္တရ သရက်သီးမျိုးသည် တစ်ကမ္ဘာလုံး တည်–မတည်၊ မည်သည့် တောအရပ်၌ရှိသည် သိလိုပါသည် ဘုရား။

ဖြေ (၂)။ **အဗ္ဘန္တရ သရက်သီးကိုစားလျှင် "အိုသော်လည်းပျိုသည်၊ အနာမျိုး ကိုးဆယ့်ခြောက်ပါးမှ ကင်းသည်" ပဏ္ဏာသဇာတ်တွင် ဆိုသည်။** သင်္ဂါယနာဝင်ကျမ်းတို့၌ မဆိုချေ။

အတုမရှိ ထူးမြတ်သောအရသာနှင့်ပြည့်စုံသောကြောင့် ဝဿဝဏ္ဏနတ်မင်း သုံးဆောင်သည်ဟု သင်္ဂါယနာဝင်ကျမ်း၌ ဆိုသည်။

ဟိမဝန္တာတောအရပ်၊ တောင်စဉ် ခုနစ်ထပ်၊ ရွှေတောင်ကြားတွင် တည်ရှိသည်။

ထိုတောင်ကြား၌ တည်ရှိသောကြောင့် ထိုသရက်သီးကို အဗ္ဘန္တရသရက်သီးဟု ခေါ်ဝေါ်လေသည်။

အမြစ်မှစ၍ သံကွန်ရက် ခုနစ်ထပ်တို့ဖြင့် ရံသည်။ ဝဿဝဏ္ဏနတ်မင်းက ဘီလူး၊ ကုမ္ဘဏ်တို့ကို အစောင့်ထားပြီး အသီးကိုရေတွက်၍ တစ်လုံးမျှ မပျောက်ရ၊ နေ့ည အစောင့်ထားသည်ဟု ကျမ်းဂန်တို့၌ဖော်ပြလေသည်၊

နတ်ဘီလူးနှင့် လူပြဿနာ

မေး (၃)။ ဇာတ်နိပါတ်များတွင် နတ်တို့နှင့် လူတို့ တွေ့မြင်ကြပြီး စကားပြောကြသည်။ နတ်နှင့် လူ အိမ်ယာထောင်ကြသည် များကိုလည်း တွေ့ဖူးပါသည်။

သို့သော် ယခုကာလ မည်သည့်အကြောင်းကြောင့် နတ်ဘီလူးတို့သည် လူတို့ကို အတွေ့

အမြင်မခံ၊ စကားမပြောဘဲနေသည်ကို သိချင်ပါသည်ဘုရား။

ဖြေ (၃)။ နတ်ဘီလူးတို့သည် လူတို့နှင့်တွေ့မြင်ခြင်းကို အလိုမရှိကြပေ။

ယခုဘဝတွင်ဖြစ်စေ၊ ရှေးဘဝကဖြစ်စေ၊ ကျေးဇူး အထူးပြုဖူးခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ ဂုဏ်ကျေးဇူးလွန်မြတ်ခြင်း၊ တစ်စုံတစ်ခုသောအကြောင်းထူး ရှိမှ အတွေ့အမြင် ခံသည်။ စကားပြောသည်။

ဇာတ်နိပါတ်တို့မှာ လူသားနှင့်နတ်ဘီလူးတို့ တွေ့ကြသည်ဆိုသော်လည်း တစ်ဇာတ်နှင့်တစ်ဇာတ်သည် နှစ်ပေါင်း ထောင်သောင်း ကြာဝေးသည်။

မြန်မာနိုင်ငံတွင် စူဠသမ္ဘဝ၊ မဟာသမ္ဘဝတို့လက်ထက် ဘီလူးမနှင့် အိမ်ယာထောင်ကြောင်း ရာဇဝင်တွင်ဆိုသည်။

ပုဂံပြည်တွင် မိန်းမတစ်ယောက်သည် ဘီလူးနှင့်အိမ်ယာထောင်၍ သားတစ်ယောက်ရဖူးကြောင်း ရှေးပညာရှိတို့ ပြောကြ၏။

ပုဂံ တရုတ်ပြေးမင်းလက်ထက် တရုတ်တို့နှင့် စစ်တိုက်၍ ငဆောင်းချမ်းတပ် ပျက်သည်။

သရပ္ပါတံခါးစောင့်နတ်သည် ညအခါ တရုတ်ပြေးမင်း၏ ဆရာတော့်ခြေကို လှုပ်၍ "အရှင်ဘုရား ယခု ငဆောင်းချမ်းတပ် ပျက်ချေသည်။ အကျွန်ုပ်တို့ နတ်ချင်း တိုက်ရာမှာလည်း ကျွန်ုပ်ကို မြားမှန်လေသည်"ဟု ပြောကြောင်း ရာဇဝင်များတွင်ပါရှိသည်။

ဤအချက်များကို ထောက်ချင့်ပြီး ဇာတ်နိပါတ်ထဲတွင်သာ လူနှင့် နတ်ဘီလူးတို့ တွေ့မြင်စကားပြောဆိုကြသည် မဟုတ်၊မြန်မာနိုင်ငံတွင်လည်းအနည်းငယ် တွေ့မြင်ရကြောင်း ရှေးထုံးဟောင်း သက်သေရှိပေ၏။

လူတို့၏အသက် တိုခြင်း ရှည်ခြင်းပြဿနာ

မေး (၄)။ အသက် အသင်္ချေနေသော ကာလ [လူတို့၏ ရုပ်သဏ္ဍာန် ကြီးမားသကဲ့သို့၊လူတို့သုံးဆောင်စီးနင်းသော လူတို့၏ ဆင်၊ မြင်း၊ ကျွဲ၊ နွား တို့သည် အသက်ရှည်ခြင်း၊ ရုပ်သဏ္ဍာန် ကြီးခြင်း ရှိ–မရှိ။

ဇမ္ဗူဒိပ်ကျွန်းသားတို့ အသက်ရှည်၍ ရုပ်သဏ္ဍာန်ကြီးသောကာလ အိမ်ယာ ဆောက်ရန် သစ်ဝါး ကြိမ်နွယ်တို့သည် လူ့အသက်ကို လိုက်၍ ကြီးမားရှည်မြင့်သည်၊ ယခုအတိုင်း ရှိသည်-မရှိသည်။

ဇမ္ဗူဒိပ်ကျွန်းတွင် ကံအလျောက် အသက်တိုခြင်း၊ အသက် ရှည်ခြင်း ရှိ–မရှိ။ သုံးကျွန်းသားတို့မှာ အသက်ရှည်ခြင်း ရှိ–မရှိ သိလိုပါသည်ဘုရား။

ဖြေ (၄)။ အသက်အသင်္ချေ နေသောကာလ လူတို့ရုပ်သဏ္ဍာန်ကြီးသဖြင့် လူတို့ကံနှင့်စပ်၍ဖြစ်သော ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ သစ်ပင် ကြိမ်နွယ်တို့သည်လည်း ကြီးမားကြကုန်၏။

ဇေတဝန်ကျောင်းတော်ရာသည် ကကုသန် ဘုရားရှင်လက်ထက် *တစ်ဂါဝုတ်ရှိသည်။

ကောဏာဂုံဘုရားရှင်လက်ထက် ဂါဝုတ်ခွဲ ရှိသည်။ ကဿပဘုရားရှင်လက်ထက် ဥသဘ နှစ်ဆယ်ရှိသည်။

---

* တစ်ဂါဝုတ်မှာ တစ်ယူဇနာ၏ ၄ ပုံ ၁ ပုံဖြစ်သည်။ တစ်ယူဇနာမှာ ယခုခေတ်အတိုင်းအထွာဖြင့် ၈ မိုင်ခန့်ရှိသည်ဖြစ်၍တစ်ဂါဝုတ်မှာ ၂ မိုင်ခန့်ရှိပေသည်။

ငါတို့ဘုရားရှင်လက်ထက် ပကတိပယ်ဖြင့် တစ်ဆယ့်ခြောက်ပယ်၊ မင်းပယ်ဖြင့် ရှယ်ပယ် ရှိသည်။ အသက်ရှည်သဖြင့် နေ့ရက်၌သာနကျယ် ခြင်းဖြစ်သည်။

သတ္တဝါအပေါင်းတို့တွင် လူသာပဓာန ဖြစ်သည်။ လူတို့မှာ ကုသိုလ်ပွားသောအခါ တိရစ္ဆာန်တို့မှာ ကုသိုလ်ပွားသည်။ လူတို့မှာ အကုသိုလ်ပွားသောအခါ တိရစ္ဆာန်တို့မှာ အကုသိုလ်ပွားသည်။

အရှေ့ကျွန်း အနောက်ကျွန်းမှာ အသက် ခုနစ်ရာ၊ မြောက်ကျွန်းမှာအသက်တစ်ထောင် ရှိသည်။ တောင်ကျွန်းမှာကဲ့သို့ အသက် အပိုင်းအခြား ဆုတ်သည်- တက်သည်မရှိပေ။

သီလမြဲသောကြောင့် အမြဲ တည်ပေ၏။ တောင်ကျွန်းမှာမူ သီလ မမြဲသောကြောင့် သီလအားနည်းတိုင်း အသက်ဆုတ်သည်။ သီလ အားကြီးတိုင်း အသက်ရှည်သည်။

ကုသိုလ် အကုသိုလ်ကံ၏ အကျိုးအပြစ်ပြဿနာ

မေး (၅)။ ကုသိုလ်၊ အကုသိုလ်ကံ၏အကျိုးသည် ကမ္ဘာ တစ်သိန်း လွန်လျှင် အချည်းနှီး ဖြစ်–မဖြစ် သိလိုပါသည်ဘုရား။

ဖြေ (၅)။ ကုသိုလ်၊ အကုသိုလ်ကံမည်သည်ပျောက်သည် ဟူ၍ မရှိပေ၊ အခွင့်သင့်လျှင် ကမ္ဘာတစ်သိန်း မက ထို့ထက်ပင်ကြာသော်လည်း အကျိုး ပေးလေသည်။

မြတ်စွာဘုရား၏ တပည့်သား သာဝကတို့ မှာ တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း၊

ပစ္စေကဗုဒ္ဓါတို့မှာ နှစ်သင်္ချေနှင့် ကမ္ဘာ တစ်သိန်း၊ ဗုဒ္ဓဘုရားရှင်တို့မှာ လေးသင်္ချေ နှင့် ကမ္ဘာတစ်သိန်းပြုခဲ့သော ပါရမီကုသိုလ် အကျိုးတို့သည်အဆုံးဘဝတိုင်အောင်အကျိုး ပေးလေသည်။

ဘီလူးနှင့်ပဋိသန္ဓေပြဿနာ

မေး (၆)။ ပဋိသန္ဓေ ၃–ပါးရှိရာတွင် ဘီလူးတို့သည် မည်သည့် ပဋိသန္ဓေမျိုး နေတတ်သည်ကို သိ လိုပါသည်ဘုရား။

ဖြေ (၆)။ ဘီလူးတို့တွင်ပြိတ္တာဘီလူးမျိုးလည်း ရှိသည်။ နတ်ဘီလူးမျိုးလည်းရှိသည်။

ပြိတ္တာဘီလူးတို့မှာဒုဂ္ဂတိအဟိတ် ပဋိသန္ဓေ စိတ်ဖြင့် ပဋိသန္ဓေ နေသည်။

နတ်ဘီလူးတို့မှာ သုဂတိအဟိတ်၊ ဒွိဟိတ်၊ တိဟိတ်၊ ပဋိသန္ဓေစိတ်သုံးပါးတို့တွင် အာဠဝကဘီလူးသည် နတ်ဘီလူးမျိုးဖြစ်၍ တိဟိတ်ပဋိသန္ဓေ နေသောကြောင့် မဂ်ဖိုလ် ရလေသည်။

ငုပ် ၉–ပါး ပေါ် ၉–ပါး ပြဿနာ

မေး (၇)။ ငုပ် ၉-ပါး ပေါ်–၉-ပါး ဟူသောစကားသည် အမှန်တကယ် ဟုတ် မဟုတ် သိလိုပါသည်ဘုရား။

ဖြေ (၇) မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန် စံတော်မူပြီးနောက် လူတို့အစဉ်အလာ ပြောစကားအဖြစ် ငုပ် ၉-ပါး၊ ပေါ် ၉-ပါး စကားကို ပြောဆိုလာကြသည်။ ကျမ်းဂန်လာ စကားမဟုတ်ပေ၊ ပုပ္ပါးတောင်ကိုပင် ၉-ပါး အဝင်ဟု ချွံထွင် ပြောကြသေးသည်။

ဘုရားသခင်၏ ဓာတ်တော် မွေတော် ပြဿနာ

မေး (၈)။ မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန် စံတော်မူပြီးနောက် ဘုရားသခင်၏ ဓာတ်တော်မွေတော်တို့သည် ပျောက်ကွယ်ခြင်း ရှိ–မရှိ။ နေရာဌာန၊ ပြောင်းရွှေ့ခြင်း ရှိ–မရှိ သိလိုပါသည်ဘုရား။ တန်ခိုးပြာဋိဟာ ပြ–မပြကိုလည်း သိလိုပါသည်ဘုရား။

ဖြေ (၈)။ မြတ်စွာဘုရား၏ဓာတ်တော်မွေတော် တို့သည် သာသနာငါးထောင် မဆုံးမချင်း အမြဲတည်သည်၊ မကွယ်ပျောက်ပေ။

ပူဇော်မှုရှိလျှင် ထိုအရပ်တွင် တည်ရှိပြီး ပူဇော်မှုမရှိပါလျှင် ထိုအရပ်တွင် မနေတော့ပေ။

ဓာတ်တော်မွေတော်တို့သည် ရောက်လေရာ အရပ်တိုင်း၌ တန်ခိုးပြဋိဟာ မပြချေ၊

ကိုးကွယ်ထိုက်သူတို့ကို လိုက်၍ **တန်ခိုးပြာဋိဟာပြလေသည်။**

ကြီးမြတ်သော ကောင်းမှုရှိခြင်း သူ့စွာ အဓိဋ္ဌာန်ရှိခြင်းတို့ လိုအပ်လေ့သည်။

ပုဂံအနော်ရထာမင်းစောလက်ထက် ရွှေစည်းခုံစေတီ ဌာပနာသောအခါ ဓာတ်တော်မွေတော်တို့တန်ခိုးပြာဋိဟာပြကြောင်းသမိုင်းတွင်ဆိုသည်။

နေ့ဗိမာန်၊ လဗိမာန် ပြဿနာ

မေး (၉)။ နေ့ဗိမာန်၊ လဗိမာန်တို့သည် အလုံးဖြစ်သည်၊ သို့မဟုတ် အလျားဖြစ်သည် သိလိုပါသည် ဘုရား။

နေနတ်သား၊ လနတ်သားတို့သည် တစ်ကမ္ဘာလုံး အမြဲတည်နေပါသလား ဘုရား။

ဖြေ (၉)။ နေ့ဗိမာန်၊ လဗိမာန် တို့သည် ပြာသာဒ်လုံး ဖြစ်၏။

နေ့ဗိမာန်သည် အလျားယူဇနာငါးဆယ်၊ အနံ အမြင့် ယူဇနာ ငါးဆယ်၊ လဗိမာန်မှာလည်း အလျား အနံ အမြင့် လေးဆယ့်ကိုး ယူဇနာ အသီးသီး ရှိသည်ဟု ကျမ်းဂန်တို့၌ ဆိုသည်။

နေနတ်သား၊ လနတ်သားတို့သည် တစ်ကမ္ဘာလုံး အမြဲမတည်ပေ။ လူမင်းတို့ကဲ့သို့ပင် တစ်ပါး သေလွန်လျှင် တစ်ပါး ဆက်လက် နေပေသည်။

ကြယ်ပျံ့ခြင်း၊ နတ်ဘုံကွယ်ခြင်းပြဿနာ

မေး (၁၀)။ ကြယ်ပျံ့ခြင်းသည် နတ်ဘုံကွယ်ခြင်း ဟုတ် မဟုတ် သိလိုပါသည်ဘုရား။

ဖြေ (၁၀)။ နတ်တို့စုတေ(ကွယ်လွန်) ၍ ဘုံဗိမာန် ကွယ်ပျောက်ခြင်းကို ကြယ်ပျံ့သည် ဟူ၍ လောကဝေါဟာရ ပြောဆိုကြခြင်းဖြစ်သည်။

နတ်တို့ စုတေလျှင် ကွယ်သော ဘုံဗိမာန်လည်း ရှိသည်။ မကွယ်သော ဘုံဗိမာန်လည်း ရှိသည်။

အနည်းအများမှာ လူတို့အိမ်ကဲ့သို့ ဖြစ်ပေသည်။

ကြယ်ပျံ့ခြင်းမှာ ကောင်းကင်၌ လေအဟုန်ဖြင့် တိမ်လွှာချင်း ရိုက်ခတ်မိပြီး အခိုးအလျှံ ဖြာထွက်သွားခြင်းကို ဆိုလိုပေသတည်း။

ကေသရာဇာခြင်္သေ့မင်းပြဿနာ

မေး (၁၁)။ ကေသရာဇာခြင်္သေ့မင်း၏ အရှယ်ပမာဏကို သိလိုပါသည်ဘုရား။

အသက် အပိုင်းအခြားကို သိလိုပါသည် ဘုရား။

ဖြေ (၁၁)။ ကေသရာဇာခြင်္သေ့မင်း၏ အရှယ်ပမာဏမှာ နွားမတန်းမျှ ဖြစ်သည်ဟု ရှေးဆရာတို့ ပြောကြ၏။

မဟာဝင်ကျမ်း၌ သီဟဗာဟုမင်း၏ မယ်တော် မင်းသမီးသည် ခြင်္သေ့နှင့် အကြင်လင်မယား ဖြစ်ပြီး သီဟဗာဟုကို မွေးဖွားသည်ဟုဆိုသဖြင့် နွားမတ်နှင်းအရွယ် ဆိုသော စကားမှာ သင့်လျော်ပေ၏။

အသက် အပိုင်း အခြားကို ပြော ရ လျှင် တိရစ္ဆာန်တို့မှာ အကောင်ကြီးလျှင် အသက်ရှည်သည်။

အကောင်ငယ်လျှင် အသက်တိုသည်။

ထို့ကြောင့် ခြင်္သေ့၏အသက်သည် ကျွဲ၊ နွား၊ ကျား၊ သစ်တို့၏ အသက်အရွယ်လောက်သာ ရှိနိုင်ပေမည်။

ဂြိုဟ်နက္ခတ်တာရာပြဿနာ

မေး (၁၂)။ ဂြိုဟ် နက္ခတ် တာရာတို့ မြင်းမိုရ်တောင်ကို လက်ယာရစ် လည်-မလည်သိလိုပါသည်ဆရာတော်ဘုရား။

ဖြေ (၁၂)။ နက္ခတ် တာရာ ကြယ်အပေါင်းတို့သည် နေလတို့၏ ဘေးနှစ်ဘက်က သွားလာကြောင်း ကျမ်းဂန်တို့၌ ပါရှိသည်။

လက်ယာရစ် ပတ်ကြောင်း လက်ဝဲက ပတ်ကြောင်း အထူးမဆိုပြီ။

မြင်းမိုရ်တောင် ကိုလည်း ပတ်ရာ၌ ဂြိုဟ်ရှစ်လုံးသည် လက်ယာရစ် လည်သည်ဟူသော စကားမှာ ဗေဒင် ဆရာတို့၏ အသုံးအနှုန်း အယူအဆ ဖြစ်သည်။ ထိုအဆိုလည်း သင့်မြတ်သည်ပင် ဖြစ်၏။

ဘုရားသခင်၏ ပလ္လင်တော်ပြဿနာ

မေး (၁၃)။ ဘုရား ပွင့်တော်မူသောအခါ ပလ္လင်တော်မှာ မြေက လက်တစ်သစ်မျှမပေါ်၊ မတက်၊ မမြင့်ဟူ၍ ဆိုပါသည်။

အချို့သူတို့ကလည်း အမြင့်ဟူ၍ အတိုင်းအထွာနှင့် ပြပါသည်။ မည်သည့် အချက် မှန်မမှန် သိလိုပါသည်ဘုရား။

ဖြေ (၁၃)။ ဘုရား ပွင့်တော်မူသော ပလ္လင်တော်သည် မြေက တစ်ဆံခြည်မျှ မပေါ်ပေ၊ တစ်ဆယ့်လေးတောင် ပလ္လင်တော်ရှိသည်။ အတောင်ငါးဆယ် ပလ္လင်တော်ရှိသည် ဟူသောစကားများမှာ အကျယ်အပြန့် ကိုသာ ပြောခြင်း ဖြစ်ပေသည်။

ရဟန်းနှင့် အလှူပြဿနာ

မေး (၁၄)။ ရဟန်းတို့က အလှူပေးလျှင် အကျိုးရသည်ဟု အချို့ကိုဆိုပါသည်။ အချို့ကလည်း ရဟန်းတို့သည် အလှူမပေးအပ်၊ လှူသော်လည်း အကျိုးမရဟု ဆိုပါသည်။ ကွဲကွဲပြားပြား သိလိုပါသည် ဆရာတော်ဘုရား။

ဖြေ (၁၄)။ လူဖြစ်စေ၊ ရဟန်းဖြစ်စေ၊ ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ မည်သူမဆို အလှူဒါန ပြုအပ်ပေသည်။

ဘုရား သခင် လက်ထက်တော်က ပုဏ္ဏား တစ်ဦးသည် မြတ်စွာဘုရားအား ဤသို့ မေးလျှောက်၏။

"အရှင်ဘုရား ရတနာသုံးပါးတွင် ဘုရား သံဃာ ရတနာနှစ်ပါးသာ ထင်ရှားမျက်မြင် ဖြစ်၍ လှူဒါန်းပူဇော်ရပါ၏။ တရားရတနာမှာ ထင်ရှား မျက်မြင် မရှိသည် ဖြစ်သောကြောင့် တပည့်တော် အဘယ်ကဲ့သို့ ပေးလှူရပါမည်နည်း"

ထို အခါ မြတ်စွာဘုရား က **"တရား ကျမ်း ဂန် ကို ဆောင်ရွက်ကုန်သော ရဟန်းတို့အား တရားတော်ကို ရည်မှတ်၍ လှူဒါန်း**

ပူဇော်လျှင် တရားတော်အား လှူဒါန်းပူဇော်သည်မည်၏" ဟု ဟောတော်မူသည်။

ထိုပုဏ္ဏားသည် ရှင်အာနန္ဒာအား တရားကျမ်းဂန်ကို ရည်စူးလျက် သင်္ကန်းတစ်စုံလှူသည်၊ ရှင်အာနန္ဒာက ရှင်သာရိပုတ္တရာအား ထိုသင်္ကန်းကို လှူလေသည်။ ရှင်သာရိပုတ္တရာက ထိုသင်္ကန်းကိုပင် သုံးလောကထွတ်ထား မြတ်စွာဘုရားအား လှူခဲ့ပြန်လေသည်။

သောတာပန်, သကဒါဂါမ်, အနာဂါမ် ပြဿနာ

မေး(၁၅)။ ယခုကာလ၌ သောတာပန်, သကဒါဂါမ်, အနာဂါမ် တစ်စုံတစ်ယောက်ကိုမျှ ထင်ထင်ရှားရှား မတွေ့ရတော့ပါ။

ထို့ကြောင့် ယခုကာလ၌ သောတာပန်, သကဒါဂါမ်, အနာဂါမ်များရှိနိုင် မရှိနိုင် သိလိုပါသည် ဆရာတော်ဘုရား။

ဖြေ(၁၅)။ **မြတ်စွာဘုရား၏ တရားတော်အတိုင်း ကျင့်ကြံအားထုတ်သော်လည်း ပါရမီမရှိက မဂ်, ဖိုလ်, နိဗ္ဗာန် မရနိုင်ချေ။**

ထို့ကြောင့် ယခုသာသနာတော်၌ အနာဂါမ်ရှိနိုင်သေးသော်လည်း ထင်ထင်ရှားရှား မတွေ့မမြင်ရခြင်း ဖြစ်ပေသည်။

ကာမေသုမိစ္ဆာစာရကံ ပြဿနာ

မေး(၁၆)။ ကာမေသုမိစ္ဆာစာရကံ ထိုက်ခြင်းအကြောင်းကို သိလိုပါသည် ဆရာတော်ဘုရား။

ဖြေ(၁၆)။ ယောကျ်ားတို့ မသွားမလာ မပေါင်းမဖော် အပ်သော မိန်းမ နှစ်ကျိပ်(နှစ်ဆယ်)ရှိ၏။

(၁) အမိစောင့်သော မိန်းမ
(၂) အဖစောင့်သော မိန်းမ
(၃) မိဘနှစ်ပါးစလုံး စောင့်သောမိန်းမ
(၄) မောင်စောင့်သော မိန်းမ
(၅) ညီမ အစ်မ စောင့်သော မိန်းမ
(၆) အဆွေအမျိုးစောင့်သော မိန်းမ
(၇) အမျိုးအနွယ်တူ စောင့်သောမိန်းမ
(၈) တရားအယူတူ စောင့်သော မိန်းမ
(၉) ငယ်စဉ်က မှန်းရှယ်ထားသော လင်ရှိသောမိန်းမ

(၁၀) ဤမိန်းမတို့ကို ပေါင်းဖော်လျှင် ဤသည့်ဒဏ်ခတ်စေဟု မင်းတို့ကဒဏ်ထားသောမိန်းမ (ပေါင်း ၁၀ ယောက်)

(၁) မယားပြုမည်ဟု ဥစ္စာဖြင့် ဝယ်ထားသောမိန်းမ
(၂) အလိုဆန္ဒ တူမျှ၍ နေသောမိန်းမ
(၃) အိမ်သုံးပစ္စည်းများကို ပေး၍နေသောမိန်းမ
(၄) ဝတ်ရုံစရာ ပုဆိုးပေးနေသောမိန်းမ
(၅) ထိမ်းမြားထားပြီးသော မိန်းမ
(၆) ထင်းခွေမိန်းမစသော သူဆင်းရဲတို့၏ ခေလှဘာသာ ခေါင်းခုချ၍ နေသောမိန်းမ
(၇) ကျွန်လည်းဖြစ်၊ မယားလည်းဖြစ်သောမိန်းမ
(၈) မယားဖြစ်အံ့ဟု ဥစ္စာစည်းစိမ်ပေးပြီး၍ အလုပ်အကိုင် ခိုင်းထားသည်လည်းဖြစ်သော မယားလည်းဖြစ်သော မိန်းမ
(၉) တစ်ပါးသော မင်းတို့၏ တိုင်းနိုင်ငံကို တိုက်ဖျက်ပြီး ဆောင်ယူခဲ့သော သုံ့ပန်း မိန်းမ

(၁၀) အခိုက်အတန့်သာ ပေါင်းဖော်အပ်သောမိန်းမ (ပေါင်း ၁၀ ယောက်)။ အထက်ပါ မိန်းမ နှစ်ဆယ်တို့ အား ယောကျ်ားတစ်ရံဆံတို့ ပေါင်းဖော်မိလျှင် ကာမေသုမိစ္ဆာစာရ ကံကြီးထိုက်လေသည်။

မိန်းမတို့၏ မာယာလေးဆယ် ပြဿနာ

မေး(၁၇) ရှင်မဟာရဋ္ဌသာရ ဆရာတော်က စတုဓမ္မသာရကိုးခန်းပျို့တွင် "မာယာ လေးဆယ်၊ အသွယ်သွယ်ဖြင့်၊ ပြုံးရယ်လိုလို၊ ဆိုသည်ပြပြ၊ မျိုးမြမြတည့်"ဟု စပ်ဆိုတော်မူပါသည်။ မာယာလေးဆယ်အရေအတွက်ကို သိလိုပါသည်ဘုရား။

ဖြေ(၁၇) ယောကျ်ားတို့အား မိန်းမတို့ လှည့်ပတ်ခြင်းဟု ဆိုအပ်သော မာယာအပြားသည် လေးဆယ်ရှိ၏။

မာယာလေးဆယ်မှာ—

(၁) ကိုယ်လက်ကို ဆန့်ခြင်း(ယောကျ်ားအနီး၌ ရပ်လျက်ပြုတတ်သည်။)

(၂) ကိုင်းညွတ်ခြင်း (တစ်စုံတစ်ခုကျသည်ကိုကောက်ယူဟန်၊)

(၃) စံပယ်ခြင်း(အသွား,အလာ,ဝတ်စားဆင်ယင်မှု၊)

(၄) ရှက်စနိုးသကဲ့သို့ ပြုခြင်း (အဝတ်ဖြင့် ကိုယ်ကိုဖုံးလွှမ်းသည်၊ ထရံ နံရံကို မှီကပ်နေသည်။)

(၅) ခြေသည်း၊ လက်သည်းချင်း ခြစ်ခြင်း၊

(၆) ကလေးသူငယ်ကို မြှောက်ချီခြင်း၊

(၇) ခြေတစ်ခုနှင့် ခြေတစ်ခု ရှက်လိမ်နင်းခြင်း၊

(၈) သစ်သား တုတ်စတို့ဖြင့် မြေပြင်ကိုခြစ်ခြင်း၊

(၉) ကလေးငယ်အား နမ်းရှုတ်ပြခြင်း၊

(၁၀) ကလေးငယ်အား နမ်းရှုတ်ရန် တိုက်တွန်းခြင်း၊

(၁၁) ကလေးကို ချီမြှောက်ကစားခြင်း၊

(၁၂) ကလေးငယ်အား ဖက်ပွေ့ခြင်း၊

(၁၃) အစား စားပြခြင်း၊

(၁၄) ကလေးငယ်အား မုန့်ပဲသရေစာ ပေးလေဟန်ပြုခြင်း။

(၁၅) ကလေးငယ်အား အစားအသောက် တစ်ခုခု ပေးဟန်ပြုခြင်း။

(၁၆) မိမိပေးပြီးသော အရာဝတ္ထုကို ကလေးငယ်ထံမှ တစ်ဖန် ပြန်တောင်းလေဟန် ပြုခြင်း။

(၁၇) ကလေးငယ် ပြုလုပ်သကဲ့သို့ အတုလိုက်ပြုခြင်း

(၁၈) ယောကျ်ားတို့အား နှစ်သက်ဖွယ်စကားဖြင့် မြင့်၍ဆိုခြင်း၊

(၁၉) ယောကျ်ားတို့အား မနှစ်သက်ဖွယ်သော စကားဖြင့် နှိမ့်၍ဆိုခြင်း၊
(၂၀) က, ခုန်ခြင်း၊
(၂၁) သီချင်း ဆိုခြင်း၊
(၂၂) ငိုယိုပြခြင်း၊
(၂၃) လူသူလေးပါးအလယ်တွင် မဖုံးမကွယ် အထင်အရှား ပြောဆိုခြင်း၊
(၂၄) ဆိတ်ကွယ်ရာအရပ်၌ က,ခြင်း သီခြင်း အစရှိသဖြင့် ဖြားယောင်း ပြောဆိုခြင်း၊
(၂၅) ပြင်းစွာရယ်မောခြင်း၊
(၂၆) စောင်းငဲ့၍ ကြည့်ခြင်း၊
(၂၇) ခါးကို လှုပ်ရမ်းခြင်း၊
(၂၈) လျှို့ဝှက်အပ်သော အင်္ဂါကြီးငယ်ကို လှုပ်ရှားပြခြင်း၊
(၂၉) ပေါင်ကိုလှစ်ဟပြခြင်း၊
(၃၀) ပေါင်ကိုဖုံးအုပ်ပြခြင်း၊
(၃၁) လက်ကတီးကြားကို ပြခြင်း၊
(၃၂) ချက်ကိုပြခြင်း၊
(၃၃) မျက်စိကို မှိတ်ပြခြင်း၊
(၃၄) မျက်မှောင်ကို ကုပ်ပြခြင်း၊
(၃၅) နှုတ်ခမ်းကို ကိုက်ပြခြင်း၊

(၃၆) လျှာကိုထုတ်ပြခြင်း၊
(၃၇) အဝတ်ကို ကျွတ်အောင် ပြုလုပ်ပြခြင်း၊
(၃၈) အဝတ်ကို ပြင်၍ဝတ်ခြင်း၊
(၃၉) ဆံပင်ကို ဖြေပြခြင်း၊
(၄၀) ဆံပင်ကို ထုံးပြခြင်း၊

မနုဓမ္မသတ် ပြဿနာ

မေး(၁၈)။ ကမ္ဘာဦးက၊ မနု၊ မနော၊ ရသေ့တို့နှင့် မနုဓမ္မသတ်လာ စကားတို့မှာ သင်္ဂါယနာဝင်ကျမ်းကြီး ကျမ်းခိုင်လာ စကားတို့ ဟုတ်-မဟုတ် သိလိုပါသည်ဘုရား။

ဖြေ (၁၈)။ "လောကဝယ် အလုပ် အဆောင် အစီအမံ အထူးအဆန်း ဟူသမျှကို မဟာသမ္မတမင်း အစပြု၍ စီရင်သည်။ ထိုမဟာသမ္မတမင်းကို လောက၌ "မနု"ဟု ခေါ်ဝေါ်ကြသည်" ဟူ၍သာ တရားကျမ်းတို့၌ ဆိုသည်။

မနု မနောစသော ရသေ့တို့ အကြောင်းအရာကို အထူးမဆို၊ ထိုသို့မဆိုသော်လည်း ကမ္ဘာဦးအခါ၌ အသက်ရှည်သော ကာလဖြစ်၍ သတ္တဝါတို့ ရာဂ ဒေါသ ခေါင်းပါးသောကြောင့် စျာန်ရ ရသေ့အများ ရှိကြောင်း

တရားကျမ်းဂန်၌ ဆိုသည်ကို ထောက်သော် မဟာသမ္မတမင်းသည် ပညာရှိဖြစ်သည်။ ပညာရှိတို့သဘောသည် ပညာရှိ တစ်ပါးနှင့် တိုင်ပင်နှီးနှော ပြောဟော ဆွေးနွေးမြဲ ဖြစ်သောကြောင့် ရသေ့ပညာရှိတို့နှင့် တိုင်ပင် နှီးနှောရာသည် ဖြစ်တော့၏။

ကြာတော၌ ရှာသော မိုးပြဿနာ

မေး (၁၉)။ ဝေဿန္တရာဇာတ်တော်တွင် "ပေါက္ခရဝဿ၊ ကြာတော၌ ရှာသောမိုး" ဟူ၍ ပါရှိပါသည်။

ကြာတော၌ ရှာသောမိုးသည် မည်ကဲ့သို့ ဂုဏ်းထူးရှိသည်။

အခြားတောတို့၌ ရှာသောမိုးနှင့် မည်သို့မည်ပုံ ကွဲပြားသည်ကို သိချင်ပါသည် ဆရာတော်ဘုရား။

ဖြေ (၁၉)။ ပေါက္ခရဝဿဟု ဆိုအပ်သော ကြာတော၌ ရှာသောမိုးပေါက်မှာ ကြာဖက်ပေါ်တွင် စု၍ လုံးမိသောကြောင့် စွတ်လိုရာ၌ စွတ်၍ မစွတ်လိုရာ၌လည်း မစွတ်စိုပေ။

ဝေဿန္တရာ ဇာတ်တော်တွင် ပါသောမိုးသည်လည်း ထိုနည်းတူ စွတ်လိုသော

သူတို့၏ ကိုယ်ပေါ်၌ စွတ်၍ မစွတ်လိုသော သူတို့၏ ကိုယ်ပေါ်၌ မစွတ်ပေ။ ထို့ကြောင့် ကြာတော၌ ရှာသောမိုးကို ဥပမာပြုခြင်း ဖြစ်သည်။

နတ်ဝင်သည်တို့ ရှိ–မရှိ ပြဿနာ

မေး (၂၀)။ ယခု မျက်မှောက်လူ့လောကတွင် နတ်ဝင်သည်တို့ ရှိ–မရှိ သိလိုပါသည် ဆရာတော်ဘုရား။

ဖြေ (၂၀)။ ဘုရားရှင်လက်ထက် ရှင်သာရိပုတ္တရာ လေနာရောဂါ ပေါ်နေကြောင်းကို ဒကာတစ်ဦး၏ သားငယ်ကို နတ်ဝင်ပူး၍ ပြောသည်ဟု ဆိုသည်။

ရဟန်း တစ်ပါး တောထဲတွင် သီတင်းသုံးသည်ကို သစ်ပင်စောင့်နတ် မနှစ်သက်၍ ဒကာတစ်ဦး၏ သားငယ်ကိုဝင်ပူးပြီး စကားပြောကြောင်း ကျမ်းဂန်တွင် ပါသည်။

ထို့ကြောင့် နတ်ပူးသည် ဆိုရာ၌ အနည်းငယ် နတ်ပူးသူလည်း ရှိကောင်း ရှိနိုင်သည်။

သို့သော် နတ်မပူးဘဲ နတ်ပူးသည်ဟု လှည့်ဖြားတတ်ကြသူများ ဤလောကတွင် ပေါလှ၏။

ဘုရိဒတ် ဇာတ်တော်၌ နတ်ဝင်သည်တို့သည် မဟုတ်မတရား လှည့်ပတ် လိမ်လည်တတ်ကြောင်း ဟောတော်မူ၏။ ဝေဿန္တရာဇာတ်တော်၌ကား နတ်ပူးသည် ဖြစ်စေ၊ မပူးသည်ဖြစ်စေ၊ နတ်ဝင်သည်ဟူ၍ လောကတွင် ရှိကြောင်း၊ တစ်ကိုယ်လုံး တုန်လှုပ်ခြင်းဖြင့် နတ်ဝင်သည်နှင့်တူကြောင်း ဟောတော်မူလေသည်။

နတ်တို့ရဟန္တာဖြစ်လျှင် အသက် ရှည်–မရှည် ပြဿနာ

မေး (၂၁)။ နတ်ပြည် ၆-ထပ်၌ နတ်တို့ ရဟန္တာဖြစ်လျှင် မကြာမီစုတေသည်၊ ဘုမ္မစိုးနတ်တို့ ရဟန္တာဖြစ်လျှင်မူကား အသက်ထက်ဆုံးပင် နေရသည်ဟူသော စကား မှန်–မမှန် သိချင်ပါသည် ဘုရား။

ဖြေ (၂၁)။ နတ်ပြည် ၆–ထပ်၌ နတ်တို့ ရဟန္တာဖြစ်လျှင် အသက်မရှည်ပြီ၊ လူတို့ အသက် (၇)ရက်စေ့လျှင် အသက်ကုန်သည် ဟူသောစကားမှာ ကျမ်းဂန်လာ အတိုင်းပင် ဖြစ်၏။ အဘယ်ကြောင့် နတ်တို့ အသက်ကုန်ရသနည်းဆိုသော် နတ်ပြည် ၆-ထပ်သည် ကာမဂုဏ် ရွှင်မြူးစရာဖြစ်ပြီး ဆိတ်ငြိမ်ရာအရပ် မရှိသောကြောင့်

ဖြစ်သည်။ ဘုမ္မစိုးနတ် ရဟန္တာ ဖြစ်သော် အသက်အတိုင်းသာ နေရပေ၏။

တိတ္ထိတို့၏ အမြင် ပြဿနာ

မေး (၂၂)။ တိတ္ထိတို့သည် ကမ္ဘာလေးဆယ်တိုင်မြင်သည်၊ မမြင်သည်ဟူသော စကားကို ခွဲခွဲခြားခြား သိလိုပါသည် ဆရာတော်ဘုရား။

ဖြေ (၂၂)။ ဘုရားသခင်နှင့် ဆန့်ကျင်ဘက် ပြုသူတို့ကိုသာ တိတ္ထိဟု ဆိုသည် မဟုတ်၊ သုမေဓာရသေ့၊ တေမိရသေ့တို့ကဲ့သို့ သာသနာအပဖြစ်သော ရသေ့ရဟန်း ဟူသမျှတို့ကိုပင် တိတ္ထိဟူ၍ ဆိုသည်။ ထိုတိတ္ထိတို့သည် ဈာန်အဘိညာဏ်ရလျှင် ကမ္ဘာလေးဆယ်သာ မြင်လေသည်။ ထိုထက်အလွန် မမြင်နိုင်တော့ပေ။

ဖုတ်သွင်းရထားပြဿနာ

မေး (၂၃)။ ဖုတ်သွင်း ရထားသည် သစ္စာ အဓိဋ္ဌာန်ဖြင့် သွားသည်ဖြစ်မည်၊ အတတ်ပညာစီမံချက်ဖြင့် သွားသည် ဖြစ်မည် သိချင်ပါသည် ဆရာတော်ဘုရား။

ဖြေ (၂၃)။ ဖုတ်သွင်းရထားမှာ မင်းစီးမင်္ဂလာရထားကို ဆိုပေသည်။ ထိုဖုတ်သွင်းရထားကို ဥယျာဉ်

ရေကန်သို့ မင်းထွက်လျှင် မြင်း က,၍ စီးမြဲဖြစ်သည်။

မင်းမရှိ၍ မင်းလောင်း မင်းလျာ ရှာသောအခါ ဖုတ်သွင်း ရထား တွင် မြင်းက,ပြီး မင်းဖြစ်ထိုက်သောသူ ရှိရာအရပ်သို့ ဆိုက်စေသော်ဟု ပြည်သူအပေါင်းတို့ သစ္စာအဓိဋ္ဌာန်ပြုသည်၊

ထိုဖုတ်သွင်းရထားကို မြင်းကဆွဲ ရှန်းပြီး မင်းပြုထိုက်သောသူ ရှိရာသို့ သွားပြီး ဆိုက်လေသည်။ တစ်စုံတစ်ခုသော အတတ်ပညာဖြင့် သွားသည် မဟုတ်ပေ။

ဝါကျွတ်ခြင်း ပြဿနာ

မေး (၂၄)။ အချို့သော ပညာရှိတို့က သီတင်းကျွတ်လပြည့်နေ့တွင် ဝါကျွတ်သည်ဟု ဆိုပါသည်၊ အချို့ကလည်း လပြည့်ကျော် (၁)ရက်နေ့ကျမှ ဝါကျွတ်သည်ဟု ဆိုပါသည်။

ထိုနှစ်ချက်တွင် မည်သည့် အချက်က မှန်ကန်သည်ကို သိချင်ပါသည်ဘုရား။

ဖြေ (၂၄)။ ဝါကျွတ်ခြင်း စကားနှင့် ပတ်သက်၍ ပညာရှိတို့ ဝိဝါဒကွဲပြားကြသည်။

သို့သော် လပြည့်နေ့ကပင် ဝါကျွတ်သည်ဟု ပညာရှိတို့ အပြောများပြီး ကြိုက်ကြသည်။

ဝိဇ္ဇာဓိုရ် ပြဿနာ

မေး(၂၅)။ ဇာတ်နိပါတ်များတွင် ဝိဇ္ဇာဓိုရ်တို့သည် ဇမ္ဗူ့သပြေသီးကို စားသည်၊ ကောင်းကင်သို့ ပျံသွားနိုင်သည်။ ပုံသဏ္ဌာန်အမျိုးမျိုးကို ဖန်ဆင်းနိုင်သည်ဟုပါရှိပါသည်၊

ဝိဇ္ဇာဓိုရ်တို့သည် မည်သည့်ပြည်ရွာ၊မည်သည့်အမျိုးအနွယ်၊ မည်သူက အတတ်ပညာသင်ပေး၍ တတ်သည်၊ မည်သည့်အကျင့်ကို ကျင့်သည်တို့ကို သိချင်ပါသည်ဘုရား။

ဖြေ (၂၅)။ လူမျိုး(၁၀၁)ပါးကပင် ဝိဇ္ဇာဓိုရ် ဖြစ်နိုင်ပေသည်။

ဝိဇ္ဇာဓိုရ် သုံးပါးရှိသည်။

(၁) သန်လျက်ဝိဇ္ဇာဓိုရ်
(၂) မန္တန်ဝိဇ္ဇာဓိုရ်
(၃) ဆေးဝိဇ္ဇာဓိုရ်

ပေါင်း သုံးပါးဖြစ်လေသည်၊သန်လျက်ဝိဇ္ဇာဓိုရ်မှာ သန်လျက်၏တန်ခိုးကြောင့် ကောင်းကင်သို့ ပျံနိုင်၏။

မန္တန်ဝိဇ္ဇာဓိုရ်မှာ မန္တန်၏ တန်ခိုးအစွမ်းကြောင့် ကောင်းကင်သို့ ပျံနိုင်၏။

ဆေးဝိဇ္ဇာဓိုရ်မှာ သုံးနှစ်ပိုင်အောင်တွင်းအောင်း၍ ဆေးစားရသည်။ သုံးနှစ်စေ့လျှင် အဆွေအမျိုးတို့က တွင်းမှဖော်၍ ကျွေးမွေးရသည်။ ပိုးဟပ်ဖြူ အရေလဲသကဲ့သို့ ပါးပါးလျှပ်လျှပ်သာ ရှိတော့သည်။

အစားအစာ အမွေးအကျွေး ကောင်းလှပါမှ အသက်ရှည်သည်။ ကျန်းမာလျှင် ဆေး၏ အစွမ်းသတ္တိကြောင့် ပျံနိုင်လေသည်။

ထိုဝိဇ္ဇာ အတတ်ပညာကို ဝိဇ္ဇာဓိုရ်ဆရာသင်၍လည်းတတ်၏။ အချို့မှာလည်း နတ်ဘီလူးတို့က သင်ကြား၍တတ်သည်ဟု လောကီကျမ်းတို့၌ ဆိုသည်။

ပိဋကတ် ကျမ်းဂန်တို့မှာလည်း ဒါနဝဇာတ်၌ ဝိဇ္ဇာဓိုရ်တစ်ယောက်သည် ဒါနဝဘီလူး ပခြုပ်ထဲက ပျံထွက်လေကြောင်း ဆိုထား၏။

ဓမ္မပဒ အဋ္ဌကထာတွင်လည်း စူဠဂန္ဓာရီ မန္တန်ကို တတ်သော သူတို့သည် ကောင်းကင်သို့ ပျံနိုင်သည်။ သူတစ်ပါး၏ စိတ်အကြံကို သိနိုင်သည်ဟု ဆိုသည်။

ဟံသာဝတီ ဆင်ဖြူများရှင် မင်းလက်ထက် မြို့ကျုံးတူးသောအခါ တွင်းအောင်း ဇော်ဂျီတစ်ယောက်ကို ရသည်။ ဖော်ပြီး ထားရာ များမကြာမီ သေလေသည်ဟု ဆိုသည်။

ဤ အချက်များကား လောကီကျမ်းစကားအတွက် အထောက်အထား ပြုစရာပေတည်း။

နေကြတ်–လကြတ် ပြဿနာ

မေး (၂၆)။ နေကြတ်ခြင်း၊ လကြတ်ခြင်း သဘောတရားတို့သည် မည်ကဲ့သို့ဖြစ်ကြောင်း ကျမ်းဂန်လာစကားကို သိလိုပါသည်ဘုရား။

ဖြေ (၂၆)။ နေလကြတ်သည်မှာ ရာဟုအသူရိန်သည် ရံခါခံတွင်းဖြင့်ငုံသည်၊ ရံခါလည်း လက်ချောင်းဖြင့်တားသည်၊ ရံခါလည်း လက်ချောင်းဖြင့် ဆုပ်သည်ဟူ၍ သဂါထာဝဂ္ဂသံယုတ် အဋ္ဌကထာတွင် ဆိုသည်။

ထို့ကြောင့်လည်း မဇ္ဈိမပဏ္ဏာသပါဠိတော် တွင် "ငါတို့အရှင် ဖြစ်သော သုတသောမမင်းသည်" ရာဟုခံတွင်းမှ လွတ်သော လကဲ့သို့ မဟာပေါရိသာဒ လက်မှ လွတ်၍ လာလတ်မည်" ဟူ၍ မှူးမတ်တို့ ဆိုခြင်းဖြစ်သည်။

တရားဓမ္မသတ် ပြဿနာ

မေး (၂၇)။ တရားဓမ္မသတ်ကျမ်းတို့သည် မည်သည့်အချိန်က စကြောင်း သိချင်ပါသည် ဆရာတော်ဘုရား။

တစ်စောင်နှင့် တစ်စောင် မည်သည့်အကြောင်းကြောင့် မညီမညွတ် ကွဲပြားနေသည်ကိုလည်း သိချင်ပါသည် ဆရာတော်ဘုရား။

ဖြေ (၂၇)။ ဓမ္မသတ်ကျမ်းတို့သည် ကမ္ဘာဦး မဟာသမ္မတမင်း လက်ထက်ကပင် အစပြုသည်ဟု ဆိုသင့်၏။

အကြောင်းမူ ကမ္ဘာဦးအခါ တရားစောင့်သော ရသေ့တို့သည် သူတို့၏အကျိုးငှာ သာမ၊ ယဇု၊ ဣရုဗ္ဗေဒ ဗေဒင်သုံးပုံကို ပြုစုခဲ့ကြ၏။

ထိုနောက် အာထဗ္ဗဏ ဗေဒင်ကို တရားမစောင့်သော ပုဏ္ဏားတို့ ပြုစုခဲ့၍ ဗေဒင် ၄-ပုံ ဖြစ်သည်။

ကဿပဘုရားရှင် လက်ထက်တွင် ပညာရှိတို့က အာထဗ္ဗဏဗေဒင်ကို မီးရှို့ပစ်သည်။

ဗေဒင် သုံးပုံသာ ယခုရှိသည်ဟု သာရတ္ထဒီပနီ စသောကျမ်းတို့က ဆိုသည်။

ကမ္ဘာဦးဗေဒင်သည် ယခုတိုင်ရှိသေးသည်ကို ထောက်ချင့်၍ ကမ္ဘာဦး ဓမ္မသတ်လည်း ယခုတိုင် ရှိသေးသည်ဟု ယူဆသင့်သည်။

ဓမ္မသတ်ကျမ်း ဗေဒင်ကျမ်းတို့မှာ တစ်ကျမ်းနှင့်တစ်ကျမ်း တစ်စောင်နှင့်တစ်စောင် ညီညွတ်သည့် အရာလည်း ညီညွတ်၍ မညီညွတ်သည့် အရာလည်း မညီညွတ်ကြပေ။

ထိုနည်းလည်းကောင်းပိဋကတ်ကျမ်းစာတို့မှာလည်း အဋ္ဌကထာဋီကာတို့သည်တစ်ကျမ်းနှင့်တစ်ကျမ်း တစ်စောင်နှင့်တစ်စောင် မညီမညွတ် ကွဲပြားမှု ရှိကြပေသည်။

ဥပမာ–ဥပမေယျ ယုတ္တိ ရှိသည် မရှိသည် ဆင်ခြင်ပြီး သင့်တော်ရာကို ယူကြရ၏။

ဓမ္မသတ်ကျမ်းတို့မှာလည်း အကြောင်း သင့်–မသင့် နှိုင်းချင့်ဝေဖန် သုံးသပ်ပြီး ဓမ္မသတ်အစောင်စောင်နှင့် ညှိနှိုင်းလျက် စီရင်ထုံးသင့်သည့်အချက်ကို လိုက်နာ ကျင့်ဆောင်ရလေသည်။

ရဟန္တာမ ပြဿနာ

မေး (၂၈) ရဟန္တာမိန်းမ ပရိနိဗ္ဗာန်ပြုသောအခါ လိင်ပြန်ခြင်း ရှိ-မရှိ (မိန်းမဘဝမှ ယောကျ်ားဘဝသို့ ပြောင်း မပြောင်း) သိလိုပါသည်ဘုရား။

ဖြေ (၂၈) အချို့သော ရဟန်းမိန်းမတို့သည် ဣတ္ထိလိင်၊ မိန်းမဘဝမှ ယောကျ်ားဘဝ ပုရိသလိင်သို့ ပြောင်းတတ်၏။

အချို့သော ရဟန်းမိန်းမတို့သည်ကား မိန်းမဘဝအဖြစ်ဖြင့်ပင် ပရိနိဗ္ဗာန် ပြုလေ့ရှိပေသည်။

ရဟန်းမိန်းမသည် ရဟန်းမိန်းမ အဖြစ်ဖြင့်သာ လိင်မပြောင်းဘဲ ပရိနိဗ္ဗာန်ပြုသည်ကို ပညာရှိတို့ သဘောနှစ်ချိုက်ကြပေ၏။

အရက်သေစာပြဿနာ

မေး (၂၉) အရက်သေစာကို ဆေးဝါးနှင့်ရောစပ်သောက်လျှင် ငါးပါးသီလပျက်သည် သို့မဟုတ် မပျက်သည်ကို သိလိုပါသည်ဘုရား။

ဖြေ (၂၉) "ရဟန်းတို့ အကြင်သို့သော ဆီနှင့်ချက်ထားသော အရည်၌ အရောင်အဆင်း အနံ့ အရသာသည် ကင်းမဲ့သည်ဖြစ်အံ့၊ ထိုဆီချက်ကို သောက်စိမ့်သောငှာ ငါဘုရား ခွင့်ပြု တော်မူ၏"။

ထိုကဲ့သို့ ဘုရားဟောာရှိသည်ဖြစ်၍ဆေးဝါး၌ သေအရက်၏ အရောင် အဆင်း အနံ့ အရသာကင်းလျှင် ငါးပါးသီလမပျက်ပေ။ သောက်သုံးသင့်ပေ၏။

သိမ်အမည်ပေး ပြဿနာ

မေး (၃၀)။ ဆရာတော် အရှင်သူမြတ်ဘုရား၊ ယခုနေပြည်တော်တွင်ရှိသော "သိမ်းဦး" ဟူသော အမည်ကို "သိမ်ဦး မြတ်စော" ဟူသော အမည်သို့ ပြောင်းလွဲ မှည့်ခေါ်လိုပါသည်။ သင့်–မသင့် အမိန့်ရှိတော်မူပါဘုရား။

ဖြေ (၃၀)။ သက်တော်ထင်ရှားမြတ်စွာဘုရား၏အမည်မှာလည်း မင်းသားဘဝက သိဒ္ဓတ္ထတွင်သည်၊

နောက် ဘုရားဖြစ်တော်မူသော အခါ ဂေါတမဟုတွင်သည်၊ အမည် ၂–ခု ရှိသောကြောင့်သက်မဲ့ သိမ်တွင်လည်း အမည်နှစ်ထပ် သမုတ်ခြင်းမှာ သင့်မြတ်ပေ၏။

တန်ခူးလ ပြဿနာ

မေး (၃၁)။ တစ်ဆယ့်နှစ်လရာသီ ရှိသည့်အနက်၊ တန်ခူးလအခါ တောတောင် သဘာဝသည် အခြားတစ်ပါး လများထက် မည်သည့်အကြောင်း

ကြောင့် သာလွန် ရကြောင်း သိလိုပါသည် ဘုရား။

ဖြေ (၃၁)။ တစ်ဆယ့်နှစ်လရာသီ ရှိသည့်အနက် တန်ခူးလသည် ဂုဏ်ထူးဝိသေသ အရှိဆုံးသော လရာသီဖြစ်၏။

တောအုပ်အတွင်းရှိ ပန်းချုံ၊ ပန်းပင် အပေါင်းတို့မှာ ပင်လုံးကျွတ် ဖူးပွင့်သော ကြောင့် အလွန်ကျက်သရေရှိလှပေသည်။

အခြား တစ်ပါးသော လ များ တွင် အနည်းငယ်သာ ဖူးကြပွင့်ကြရိုးဖြစ်သည်။

— ထို့ကြောင့် တန်ခူးလကား သာလွန် တင့်တယ်လှပေ၏။

— ထို့ကြောင့်ပင် တန်ခူးလ အခါ သာယာပုံကို စာဆိုတို့က—

"လမင်းဆန်းဆုတ်၊ ပြည့်ဥပုသ်ဖြင့်၊
မည်ထုတ်မာသ၊ ဝေါဟာရတွင်၊
စိတ္တရာသီ၊ ပုဏ္ဏမီဟု၊
စုံစီအလှ့၊ ပန်းရနံ့တည့်၊
လှိုင်ပျံ့သာမြေ့၊ ပြည့်သည့်နေ့သို့—"

စသည်ဖြင့် ချီးကျူးစပ်ဆိုခဲ့ကြလေသည်။

မြတ်စွာဘုရားအမည်တော် ပြဿနာ

မေး (၃၂)။ မြတ်စွာဘုရားသခင်၏ အမည်တော် မည်မျှ ရှိသည်ဟု သိလိုပါသည်ဆရာတော်ဘုရား။

ဖြေ (၃၂)။ ဗုဒ္ဓေါ၊ ဘဂဝါ၊ သတ္ထာ၊ မုနိ၊ မာရဇိ၊ ဇိန စသောအားဖြင့် မြတ်စွာဘုရားသခင်၏ အမည်တော်မှာ မရေမတွက်နိုင်အောင် ရှိပေသည် ဒကာတော်။

ရတနာဖြစ်ရာအရပ် ပြဿနာ

မေး (၃၃)။ ရတနာဖြစ်ရာ ငါးဆယ့်ခြောက်ရပ်ဆိုသော စကားအရ၊ ငါးဆယ့်ခြောက်ရပ်ကို အမည်နှင့်တကွ သိလိုပါသည် ဆရာတော်ဘုရား။

ဖြေ (၃၃)။ ရတနာဖြစ်ရာ ငါးဆယ့်ခြောက်ရပ် ဆိုသော စကားမှာ သင်္ချာအရေအတွက်သာ ဖြစ်၏။ တသီးတခြား အမည်မရှိပေ၊ အချို့က "ဣတိပိ သော ဘဂဝါ"အစရှိသောဘုရားသခင်၏ ဂုဏ်တော် ငါးဆယ့်ခြောက်လုံးကို ဆိုလိုသည်ဟု ပြောဆိုကြ၏၊ ထိုစကားမှာ မသင့်ပေ။

ဇမ္ဗူဒိပ်ကျွန်း ကို သာ ချီး မွမ်း သည့် စကားဖြစ်၍ "ဣတိပိ သော ဘဂဝါ" ဂုဏ်တော်နှင့် မဆိုင်လေ၊

ရွှေ ငွေ ကျောက် သံ အစ ရှိသော ရတနာတို့ ဖြစ်ထွန်းရာ မိုးကုတ်ရပ်၊ ကျပ်ပြင်ရပ်၊ ဘော်တွင်းရပ် အစ ရှိသည်တို့ ကဲ့သို့ မဇ္ဈိမဒေသ၌ ရှိသော အရပ်ကိုသာ ရတနာ ဖြစ်ရာ ငါးဆယ့် ခြောက်ရပ်ဟု ဆိုလိုခြင်း ဖြစ်ပုံရလေသည်။

အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလ္လာန် ပြဿနာ

မေး (၃၄)။ မြတ်စွာဘုရားသခင်လက်ထက်တော်က အဂ္ဂသာဝကနှစ်ပါးဖြစ်သော အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလ္လာန်တို့သည် ငရဲပြည်သို့ကြွတော်မူကြသည်။

အရှင်သာရိပုတ္တရာကို ငရဲမီးလိုက်သည်။ အရှင်မောဂ္ဂလ္လာန်ကိုကား မလိုက်ဝံ့ကြောင်း ငရဲမီးသည် ဇေတဝန်ကျောင်းတော် တံတိုင်းနားသို့ပင် ရောက်ကြောင်း ဝတ္ထုစာစောင်ငယ်များတွင် တွေ့ရပါသည်၊

ဟုတ်-မဟုတ် မှန်-မမှန် အမိန့်ရှိတော်မူပါ ဆရာတော်ဘုရား။

ဖြေ(၃၄)။ အရှင်သာရိပုတ္တရာ ငရဲပြည်သို့ ကြွတော်မူသောအခါ ငရဲမီးလိုက်သည်၊ ဇေတဝန်ကျောင်းတော် တံတိုင်းနားသို့ပင် ရောက်

သည်ဆိုသော စကားများမှာ ကျမ်းဂန်လာ စကားမဟုတ်၊ မမှန်ကန်ပေ။

အရှင်သာရိပုတ္တရာကဲ့သို့သော ပုဂ္ဂိုလ်ကို မဆိုထားနှင့် လောကီဈာန်ရရသေးတို့ပင်ငရဲပြည်သို့ ကြွသွားနိုင်ကြကုန်၏။

ငရဲမီးကို လိုက်စေလိုလျှင်ဖြစ်၏၊ မလိုက်စေလိုလျှင်လည်း ဖြစ်၏။ (ဝိသုဒ္ဓိမဂ်၌ ပါ၏)။

အရှင်မောဂ္ဂလ္လာန်သည် ငရဲပြည်သို့ ကြွ၍ လှည်းဘီးခန့်ရှိ ပဒုမ္မာကြာပွင့်ကို ဖန်ဆင်းသည်။ထက်ဝယ်ဖွဲ့ခွေနေ၍ တရားဟောပြီး မိုးရွာစေလျက် ငရဲမီးကို ငြိမ်းစေကြောင်းကျမ်းဂန်၌လာသည်။(အင္ဂုသာလိနီဝိသုဒ္ဓိမဂ်ကြည့်)

သူရဿတီနတ်သမီး ပြဿနာ

မေး(၃၅)။ သူရဿတီ နတ်သမီးအကြောင်းကို သိလိုပါသည် ဘုရား။

ဖြေ (၃၅)။ သူရဿတီ နတ်သမီးကားကမ္ဘာဦးကနတ်ဖြစ်သည်။ တန်ခိုးကြီးသည်၊ စကားတတ်သည်၊ ထိုနတ်သမီးစောင့်ရှောက်လျှင်စကားကောင်းကို ပြောတတ် ဆိုတတ်သည် ဟူ၍ လောက၌ လူတို့ဆိုထုံး ပြုကြပေ၏။

လောကီ ကျမ်းများတွင်သာ သူရဿတီ နတ်သမီးကို ရှိခိုးပူဇော်ကြ၏။ သာသနာဝင် ကျမ်းကြီး ကျမ်းခိုင်များ၌ သူရဿတီနတ် သမီးကို ရှိခိုးခြင်းမပြုပေ။

သူရဿတီ နတ်သမီးမှာ ကိုးကွယ်သူတို့ များပြားထင်ရှားလှသဖြင့် ပိဋကတ်သုံးပုံကို ပူဇော်ဟန်ပြုလုပ်ကြခြင်း ဖြစ်လေသည်။

မြတ်စွာဘုရား၏ အမည်တော် (၃၈) ပါး ပြဿနာ

မေး(၃၆)။ အဘိဓာန်ကျမ်းတွင်ပါသည့် မြတ်စွာဘုရား၏ အမည်တော် (၃၈) ပါးကို သိချင်ပါသည် ဘုရား။

ဖြေ(၃၆)။ (၁)ဗုဒ္ဓေါ၊(၂)ဒသဗလော၊(၃)သတ္ထာ၊(၄) သဗ္ဗညူ၊(၅)ဒွိပဒုတ္တမော၊(၆)မုနိန္ဒော၊ (၇) ဘဂဝါ၊(၈)နာထော၊ (၉)စက္ခုမာ၊(၁၀) အင်္ဂီရသော၊(၁၁) မုနိ၊ (၁၂) လောကနာ ထော၊ (၁၃) အနဓိဝရော၊ (၁၄) မဟေသိ၊ (၁၅) ဝိနာယကော၊ (၁၆) သမန္တစက္ခု၊ (၁၇)သုဂတော၊(၁၈)ဘူရိပညော၊ (၁၉) မာရဇိ၊ (၂၀)နရသီဟော၊ (၂၁)နရဝရော၊ (၂၂)ဓမ္မရာဇာ၊(၂၃)မဟာမုနိ၊ (၂၄)ဒေဝ ဒေဝေါ၊(၂၅)လောကဂရု၊(၂၆)ဓမ္မသာမိ၊ (၂၇)တထာဂတော၊(၂၈)သယမ္ဘူ၊ (၂၉)

သမ္မာသမ္ဗုဒ္ဓေါ၊(၃၀)ဝရပညော၊ (၃၁)နာ ယကော၊(၃၂)ဇိနော၊(၃၃)သက္ကော၊(၃၄) သိဒ္ဓတ္ထော၊ (၃၅)သုဒ္ဓေါဒနော၊ (၃၆)ဂေါ တမော၊ (၃၇)သကျသီဟော၊(၃၈)အာဒိစ္စ ဗန္ဓု၊ ပေါင်း (၃၈)ပါး ဖြစ်ပေသတည်း။

ဘုရားရှင်ဓာတ်တော်၏ အဆင်းသဏ္ဌာန် ပြဿနာ

မေး(၃၇)၊ ဘုရားရှင်၏ ဓာတ်တော် မွေတော် အဆင်း သဏ္ဌာန် မည်ကဲ့သို့ ရှိသည်ကို သိလိုပါသည် ဆရာတော်ဘုရား။

ဖြေ(၃၇)။ မြတ်စွာဘုရား၏ ကြီးသော ဓာတ်တော်တို့ သည် ပဲနောက်လုံးမျှ ပမာဏရှိ၍ ရွှေရောင် အဆင်းကဲ့သို့ ရှိ၏။

အလတ်ဓာတ်တော်တို့မှာဆန်ကျိုးပမာဏ ရှိ၍ ပုလဲအရောင်အဆင်းကဲ့သို့ ရှိပေ၏။ ငယ်သောဓာတ်တော်တို့မှာ မုန်ညင်းစေ့ခန့် သာရှိ၍ မုလေးငုံအဆင်း “ချယားစေ့ အဆင်း”ကဲ့သို့ အဖြူရောင်သာ ဖြစ်၏။

ဓာတ်တော်မွေတော်ဟူသော စကားပြဿနာ

ဓာတ်တော်မှာ “ဓာတု”ဟူသော ကျမ်း ဂန်စကားမှလာသည်။ “မွေတော်”မှာမြန်မာ ဘာသာစကားဖြစ်၏။

ဓာတ်မှာ အရိုးတော်ကို ဆိုလိုသည်။

မြန်မာဘာသာဖြစ်သော ''မွေတော်''မှာ ဘုရားရှင်၏ အမွေအနှစ်ဟု အဓိပ္ပာယ်ရပေသည်။

ဓာတ်တော်မွေတော်အမည်များ ပြဿနာ

မေး(၃၇)။ ဟံသာဝတီ ဆင်ဖြူများရှင် ဘုရင့်နောင်မင်းတရားကြီးလက်ထက် မဟာစေတီတွင်ဌာပနာသည့်ဓာတ်တော်များကို အမျိုးမျိုး အမည်နာမဖြင့် မှည့်ခေါ်ထားပါသည်။ မည်သည်ကို အစွဲပြု၍ မှည့်ခေါ်သည်ကို သိလိုပါသည် ဘုရား။

ဖြေ (၃၇)။ ဟံသာဝတီ ဆင်ဖြူများရှင် မင်းတရား လက်ထက် မဟာစေတီတွင် ဌာပနာသည့် ဓာတ်တော်များကို အမည်မှည့်ရာ၌ ဆားတောင်အရပ်မှရသည့်ဓာတ်ကို ''ဆားတောင်ဓာတ်'' ပင်တင်အရပ်မှရသည့် ဓာတ်ကို ''ပင်တင်ဓာတ်''အနောက်မျက်နှာ၊ အရှေ့မျက်နှာများက ရသည့် ဓာတ်များကိုလည်း ''အရှေ့ဓာတ်၊ အနောက်ဓာတ်''ဟူ၍ ခေါ်ဆိုပေသည်။

သတ္တဋ္ဌာနစံနေပုံ ပြဿနာ

မေး(၃၉)။ ဆရာတော်အရှင်သူမြတ်ဘုရား၊ တပည့်တော်သည် စေတီတည်မည်ဟု အကြံ ရှိပါသည်။

ဘုရားရှင်ကို အလယ်ကထား၍ အဂ္ဂသာဝကများကို အစဉ်အတိုင်း ဌာပနာလိုပါသည်။ သတ္တဋ္ဌာန စံတော်မူရာတွင် ဘုရားရှင်ပုံတော်ကို တချို့က စေတီတော် အတွင်းဘက်သို့ မျက်နှာပြုပါသည်။ တချို့က ဗောဓိပင်သို့ မျက်နှာပြုပါသည်။မည်သည့်ဘက်ကိုမျက်နှာပြုပါက သင့်လျော်မည်ကို အမိန့် ရှိပါဘုရား။

ဖြေ (၃၉)။ သတ္တဋ္ဌာနမှာ ဗောဓိပလ္လင်၌ နေတော်မူသောအခါ အရှေ့အရပ်သို့ မျက်နှာပြုတော်မူသည်။ အနိမိသ၌ နေတော်မူသောအခါဗောဓိပလ္လင်ကိုကြည့်၍ သီတင်းသုံးသည်။ ဤကားကျမ်းဂန်လာအတိုင်း ဖြစ်၏။

မည်သို့ပင်ဖြစ်စေ ဘုရားရှင် ဗောဓိပင်သို့ မျက်နှာပြု၍ ထားသည်ကို ကျမ်းတတ်ပုဂ္ဂိုလ်တို့ သဘောနှစ်ချိုက်ပေ၏။

တေဒင်္ဂရများ ပြဿနာ

မေး(၄၀)။ ဘုရားရှင်လက်ထက် ရဟန်း ယောကျ်ား၊ တေဒင်္ဂရများ၊ ရဟန်း မိန်းမ တေဒင်္ဂရများ လူယောကျ်ား တေဒင်္ဂရများ၊ လူမိန်းမ တေဒင်္ဂရများ မည်ရွေ့မည်မျှရှိသည်၊ မည်သည့်အကြောင်းကြောင့် တေဒင်္ဂရကြသည်ကို

သေချာရှင်းလင်းစွာ သိလိုပါသည် ဆရာတော်ဘုရား။

ဖြေ (၄၀)။ ဘုရားရှင်လက်ထက်တွင်၊ ဧတဒဂ်ရ ရဟန်းယောကျ်ား ၄၁–ပါးရှိသည်။ ရဟန်းမိန်းမ ၁၃-ပါးရှိသည်။ လူယောကျ်ား ၁၀ ယောက်ရှိသည်၊ လူမိန်းမ ၁၀-ယောက်ရှိသည်။

ဧတဒဂ်ရ ရဟန္တာများ

(၁) **အရှင်ကောဏ္ဍည**။ နေ့ ညဥ့်၌ အပိုင်းအခြားကို သိတတ်သည့် အရာ၌ ဧတဒဂ်ရလေသည်။

ရဟန္တာ ပုဂ္ဂိုလ်ဟူသမျှမှာ ညဥ့်၊ နေ့၊ အပိုင်းအခြား ထင်ရှားကုန်သော်လည်း အရှင်ကောဏ္ဍညမှာ သူခပ်သိမ်းတို့၏ ရှေးဦးစွာ ရဟန္တာ ဖြစ်သည်၊ သို့ဖြစ်၍ သူခပ်သိမ်းတို့ထက် ရှည်မြင့်စွာ ကာလပတ်လုံး သိတတ်သောကြောင့် ဧတဒဂ်ရလေသည်။

(၂) **အရှင်သာရိပုတ္တရာ**၊ ပညာကြီးသော အရာ၌ဧတဒဂ်ရလေသည်။ ဂင်္ဂါမြစ်ကြီးအပြင်၌ သဲလုံးတို့ကို ရေတွက်သည်ရှိသော် ရေတွက်ခြင်းငှာ တတ်နိုင်ရာ၏၊ အရှင်သာရိပုတ္တရာ၏ ပညာကို မရေတွက်နိုင်ရာ၊ မဟာသမုဒ္ဒရာ၌ ထမ်းပိုးရေပွက်တို့ကိုရေတွက်သော်လည်း ရေတွက်နိုင်ရာ၏။ အရှင်သာရိပုတ္တရာ၏ ပညာကို မရေတွက်နိုင်ရာ။ ဟိမဝန္တာတောသုံးထောင် မဟာသမုဒ္ဒရာ လေးစင်း၌ ရှိသော သဲမှုန့်တို့ကို တစ်ခုမကျန် ရေတွက်သော်

လည်း ရေတွက်နိုင်ရာ၏၊ အရှင်သာရိပုတ္တရာ၏ ပညာကို မရေတွက်နိုင်ရာ။

ဘုရား သဗ္ဗညုတစ်ဆူကို ထား၍ လောက၌ ပညာရှိသူ လူ၊ နတ်၊ ဗြဟ္မာ ရဟန္တာအပေါင်းတို့၏ ပညာကိုတစ်စုံ၊ အရှင် သာရိပုတ္တရာ၏ ပညာတော်ကို တစ်စုပြု၍ နှိုင်းယှဉ်သော်လည်း သတ္တဝါ အပေါင်း တို့၏ ပညာသည် အရှင်သာရိပုတ္တရာ၏ ပညာကို တစ်ဆယ့်ခြောက်စိတ်စိတ်၍ တစ်စိတ်ကို တစ်ဖန် တစ်ဆယ့်ခြောက်စိတ် ခွဲတ်ပြန်သော်လည်း တစ်စိတ်ကိုမျှ မတူနိုင်ပေ။

ဤသို့လျှင် ပညာအားဖြင့် ဘုရားမှတစ်ပါး အတူမရှိသောကြောင့် ဧတဒဂ် ရလေသည်။

(၃) **အရှင်မောဂ္ဂလ္လာန်** = တန်ခိုး အရာ၌ ဧတဒဂ် ရလေသည်။ အမြင့် ယူဇနာ ခုနစ်ရာရှိသော သိကြားမင်း၏ ဝေဇယန္တာပြာသာဒ်ကို ခြေမဖျားဖြင့် အောက်ထက်ပြောင်းပြန် လန်လုဘနန်းရှိအောင် လုပ်နိုင်သည်။

နှစ်သိန်းလေးသောင်း အထုရှိသော မဟာပထဝီမြေကြီးကို လက်တစ်ဘက်ဖြင့် သူငယ်တို့ကစားသော လှည်းဘီးငယ်ကို ကဲ့သို့ အသာလှန်၍ မြေ၌ရှိသော သတ္တဝါ အပေါင်းကို လက်ဝါးတစ်ဘက်ပေါ်၌ ထားနိုင်သည်။

ယူဇနာ ရှစ် သောင်း လေး ထောင် နှစ်ပြန်ဆောင်သော မြင်းမိုရ်တောင်ကို သွားကြားဖြင့် ညှပ်ကာသွားနိုင်သည်။ သည်အရာများမှာ အရှင်မောဂ္ဂလ္လာန်မှတစ်ပါး အရှင်သာရိပုတ္တရာ၊အရှင်မဟာကဿပ အစရှိသော အသီတိသာဝကတို့သည်လည်း တတ်နိုင်သည်ချည်းပင်။

နန္ဒောပနန္ဒနဂါးကို ဆုံးမသောအခါ နဂါးသည် မြင်းမိုရ်တောင်ကို ခုနစ်ထပ်ပတ်၍ တောင်ထိပ်ကို အုပ်လျက် ပါးပျဉ်းဖြန့်၍ နေသည်ကို အရှင်မောဂ္ဂလ္လာန်သည် နဂါးယောင် ဖန်ဆင်းပြီးသော် ထိုနဂါး၏ အပေါ်၌ တစ်ဆယ့်လေးထပ် ပတ်၍ နဂါး ပါးပျဉ်းထက် နှစ်ဆထက် ပါး ပျဉ်း ဖြန့်၍ နဂါးကို မြင်းမိုရ်တောင်ဖြင့် ကြိတ်သည်။

လက်ယာနားပေါက်က ဝင်၍ လက်ဝဲနားပေါက်က ထွက် သည်၊ လက်ဝဲ နားပေါက်က ဝင်၍ လက်ယာ နား ပေါက် က ထွက် သည်၊ လက်ယာနှာခေါင်းမှသည် လက်ဝဲနှာခေါင်းသို့၊ လက်ဝဲနှာခေါင်းမှသည် လက်ယာနှာခေါင်းသို့ ဝင်၍ ထွက်သည်။ ခံတွင်းကဝင်၍ ဝမ်းတွင်း၌ စင်္ကြံကြွသွားသည်။ သည်အရာ များ မှာ အရှင်

မောဂ္ဂလ္လာန်မှတစ်ပါး အသီတိသာဝကတို့ တတ်နိုင်သည်ချည်းပင်။

ခံတွင်းမှ ထွက်၍ နဂါးရှေ့တွင် ရပ်သောအခါ နဂါးနှာခေါင်းလေလွှတ်သည်ကို စတုတ္ထဈာန်ကိုဝင်စားခြင်းဖြင့် လျင်မြန်လှသောကြောင့် နှာခေါင်းလေသည် ကိုယ်မွေး တချောင်းကိုမျှ မလှုပ်စေနိုင်ရှိသည်။ သည်အရာကို အရှင် သာရိပုတ္တရာ စသော အသီတိသာဝကတို့သည် မတတ်နိုင်ချေ၊ အရှင်မောဂ္ဂလ္လာန်တစ်ဦးသာ တတ်နိုင်သည်။ ထို့ကြောင့် တန်ခိုး အရာ၌ ဧတဒဂ်ရလေသည်။

(၄) **အရှင်မဟာကဿပ** = ဓုတင် အရာ၌ ဧတဒဂ်ရလေသည်။ တစ်ပါးသော အရိယာ ရဟန္တာတို့သည် ဓုတင်အကျင့် ဆောက် တည် သော်လည်း အမြဲ မဆောက်တည်ကုန်။

တရံရောအခါ အရှင် သာရိပုတ္တရာ သည် တပည့်ပဥ္စင်းငယ်တစ်ဦး ရွာတွင်းသို့ဝင်လေသည့်အခိုက် မွန်း တည့် ခါနီးတိုင်အောင်မျှ မလာသောကြောင့် ပဥ္စင်းငယ်အစု မုန့်ကို ဘုဉ်းပေးနှင့်သည်။

ပဥ္စင်းငယ်လည်း မွန်းမတည့်မီပင် ပြန်ရောက်လာလျှင် "သင့်အစုမုန့်ကို ငါးစားနှင့်သည်" ဟုပြောဆိုသည်။ ထိုပဥ္စင်းငယ်သည် ဝမ်းမြောက်ဝမ်းသာသောစကားကို မဆိုပါလေ၊ "ကောင်းသောအရသာကို ဘယ်သူမကြိုက်ဘဲ ရှိမည်နည်း" ဟု မနှစ်သက်သော စကားကို ဆိုဘိ၏။ အရှင်သာရိပုတ္တရာသည် မုန့်ကို စားမိသောကြောင့် ငါ အပြစ်တင်ခံရချေသည်ဟု ပရိနိဗ္ဗာန် ပြုသည့်တိုင်အောင် မုန့်ကို မစားဘဲ ရှောင်လေ၏။ ထိုအခါမှစ၍ "မုန့်မစား အရှင်သာရိပုတ္တရာ" ဟု တွင်လေ၏။

ဤသို့လျှင် တစ်ပါးသော အရိယာပုဂ္ဂိုလ်တို့သည် ဓုတင် ကို အမြဲ မဆောက် တည် ကုန်၊ ရှင်မဟာကဿပသည်ကား ကိုယ်လည်းဓုတင်ကို အမြဲ ဆောက်တည်သည်၊ သူတစ်ပါးကိုလည်း ဓုတင်ဖြင့် ဆုံးမသည်၊ ထို့ကြောင့် ဓုတင်အရာ၌ ဧတဒဂ်ရလေသည်။

(၅) **အရှင်အနုရုဒ္ဓါ** = ဒိဗ္ဗစက္ခုဉာဏ်အရာ၌ ဧတဒဂ်ရလေသည်။ (ဒိဗ္ဗစက္ခုဉာဏ် ဟူသည်ကား — မုန်ညင်းသီးစေ့ကို မြင်းမိုရ်တောင်ဖြင့် အုပ်၍ထားသော်လည်း လက်ဝါးပြင်၌ တင်၍ထား

သော သျှိသျှားသီးကိုကဲ့သို့ မြင်နိုင်သောဉာဏ်ကို ဆိုသည်။)

ထိုဒိဗ္ဗစက္ခုဉာဏ်ကို အသီတိသာဝကတို့လည်း ရကြသည်ချည်းပင်၊ သို့ရာတွင် အရှင်အနုရုဒ္ဓါမှာ ဆွမ်းစားစဉ် အခါသာ လပ်တော့သည်၊ အခါခပ်သိမ်း ဒိဗ္ဗစက္ခုဉာဏ်ဖြင့် ဘုံသုံးပါး၌ သတ္တဝါကို မည့်မစဲအောင် မြင်သည်၊ သို့ဖြစ်၍ သူတစ်ပါးထက် လေ့ကျက်ပွန်းတီးသောကြောင့် ဧတဒဂ်ရလေသည်။ (ဉာဏ်အမြင်မှာ သူတစ်ပါးနှင့် အတူတူပင်)။

(၆) **အရှင်ဘဒ္ဒိယ** = အမျိုးမြတ်သည့်အရာ၌ ဧတဒဂ်ရလေသည်။ အမိဖြစ်သော ကာဠီဂေါဓာ မင်းသမီးသည် သာကီဝင်မင်းမျိုးအပေါင်းတို့တွင် အရွယ်အားဖြင့် ကြီးသည်၊ အရှင်ဘဒ္ဒိယသည်လည်း ရပြီးသော မင်းစည်းစိမ်ကို စွန့်၍ ရဟန်းပြုသည်။ ထို့ကြောင့် ဧတဒဂ်ရလေသည်။ တစ်ကြောင်းလည်း ဘဝမခြား ငါးရာတိုင်တိုင် မင်းချည်းဖြစ်ဘူးသောကြောင့် အမျိုးမြတ်သော အရာ၌ ဧတဒဂ်ရလေသည်။

(၇) **အရှင်လကုဏ္ဍကဘဒ္ဒိယ** = အသံသာသည့်အရာ၌ ဧတဒဂ်ရလေသည်။ ထိုအရှင်၏အသံမှာ ကရဝိက်ငှက်

မင်းပြဟ္မာမင်းကဲ့သို့ သာယာလှပေ၏။ ဘုရားမှတစ်ပါး အတုမရှိသောကြောင့် ဧတဒဂ်ရလေသည်။

(၈) **အရှင် ပိဏ္ဍောလဘာရဒွါဇ** = မကြောက် မရွံ့၊ ခြင်္သေ့သံကဲ့သို့ ဆိုတတ်သည့်အရာ၌ ဧတဒဂ်ရလေသည်။

အရဟတ္တဖိုလ်သို့ရောက်သည့်နေ့၌ သံကောက်ကိုကိုင်လျက် တစ်ကျောင်းမှ တစ်ကျောင်းထက်သို့ တက်၍လည်းကောင်း၊ သက်၍လည်းကောင်း သွားလာလျက် မဂ်၌လည်းကောင်း၊ ဖိုလ်၌လည်းကောင်း ယုံမှားရှိသောသူသည် ငါ့ကိုမေးကြဟု မကြောက်မရွံ့ ခြင်္သေ့သံကို ဆိုလျက်လည်သည်။

ဘုရားသခင့်ရှေ့တော်၌လည်း "အရှင်ဘုရား– သာသနာတော်၌ ပြုဖွယ်ကိစ္စသည် အကျွန်ုပ်အား အပြီးသို့ရောက်ပါပြီ" ဟူ၍ ခြင်္သေ့သံကို ဆိုသည်၊ ထို့ကြောင့် ဧတဒဂ်ရလေသည်။

(၉) **အရှင်ပုဏ္ဏ** = တရားဟောသော အရာ၌ ဧတဒဂ်ရလေသည်။ ဆယ်ပါးသော ကထာဝတ္ထုကို မလွှတ်မူ၍ တရားဟောတတ်သည်၊ နောင်အခါ၌ အရှင်သာရိပုတ္တရာမေး၍ မူလပဏ္ဏာသကျမ်း၌ ရထဝိနီတသုတ်ကို ဟောရာတွင် ဧတဒဂ်ရလေသည်။

(၁၀) **အရှင် မဟာကစ္စည်း** = အကျဉ်း ဟောသည်ကို အကျယ်ဖွင့်တတ်သည့်အရာ၌ ဧတဒဂ်ရလေသည်။ တစ်ပါးသော အရိယာတို့မှာ ဘုရားအကျဉ်း ဟောတော်မူသည်ကို အနက်အားဖြင့်သော်လည်း အကျယ် ဖွင့်နိုင်၏။ သဒ္ဒါအားဖြင့်သော်ကား အနက် သဒ္ဒါနှစ်ပါးပါအောင် မဖွင့်နိုင်၊ အရှင် မဟာကစ္စည်မူကား အနက် သဒ္ဒါ နှစ်ပါး ပါ အောင် ဖွင့်နိုင်သည်၊ ထို့ကြောင့် ဧတဒဂ် ရလေသည်။

(၁၁) **အရှင်စူဠပန်** = နှလုံးဖြင့်ပြီးသော ကိုယ်ကို ဖန် ဆင်းရာ၌ ဧတဒဂ်ရလေသည်။ တစ်ပါးသော သာဝကတို့သည် နှလုံးဖြင့်ပြီးသော ကိုယ်ကိုဖန် ဆင်းသည်မှာ သုံးယောက် လေးယောက်သာ ဖန် ဆင်းသည်၊ အများ မဖန်ဆင်းကုန်၊ အတူတစ်ချက် တည်းသာ ဖန်ဆင်းနိုင်သည်၊ အကွဲ မဖန်ဆင်း ကုန်၊ အမူတစ်ခုတည်းပြုဟန်သာ ဖန်ဆင်းသည်၊ အမူအထူးထူးပြုဟန် မဖန်ဆင်းကုန်။

ရှင် စူဠပန်သည်ကား အာဝဇ္ဇန်း တစ်ချက် တည်းဖြင့် ရဟန်းတစ်ထောင် ဖန်ဆင်းသည်၊ တစ်ယောက်နှင့် တစ်ယောက်ကို မတူအောင် ဖန် ဆင်းသည်၊ အမူအထူးထူးပြုဟန် ဖန်ဆင်းသည်၊ ထို့ကြောင့် ဧတဒဂ်ရလေသည်။

(၁၂) **အရှင်မဟာပန်** = ပညာ ဝိဝဋ္ဋအရာ၌ ဧတဒဂ် ရလေသည်။

ရူပါဝစရဈာန်၌ အထူး လိမ္မာသောကြောင့် ဧတဒဂ်ရလေသည်၊ တစ်နည်းလည်း ဝိပဿနာ အရာ အထူး၌ လိမ္မာသောကြောင့် ဧတဒဂ်ရလေ သည်။

(၁၃) **အရှင်သုဘူတိမထေရ်** = ကိလေသာကင်း၍နေသော အရာ၊ မြတ်သော အလှူခံ ပုဂ္ဂိုလ်အရာ သည် နှစ်ချက်၌ လိမ္မာသောကြောင့် ဧတဒဂ် ရလေ သည်။

တစ်ပါးသော သာဝကတို့မှာ တရားဟော ကုန်သည်ရှိသော် ပုဂ္ဂိုလ်ကို ရည်မှတ်၍ ချီးမွမ်း ခြင်း၊ ကဲ့ရဲ့ခြင်းကိုပြု၍ ဟောကုန်သည်၊ ရှင်သုဘူ တိမထေရ်မှာမူကား မရည်မှတ်ဘဲ ဘုရားဟော တော်မူသော ဝိနယနည်းဖြင့်သာ ဟောတော်မူ လေသည်၊ ထို့ကြောင့် ကိလေသာကင်း၍ နေ ခြင်း၌ ဧတဒဂ်ရလေသည်။

ဆွမ်းခံသည်ရှိသော်လည်း အလှူပေးသော ပုဂ္ဂိုလ်တို့အား အကျိုးကြီးလေအောင် အိမ်တိုင်း မေတ္တာဈာန်ကို ဝင်စား၍ ဆွမ်းခံသည်။ ထို့

ကြောင့် မြတ်သော အလှူခံပုဂ္ဂိုလ်အရာ၌ ဧတဒဂ် ရလေသည်။

(၁၄) **အရှင်ရေဝတ**—အာရညကင်အရာ၌ ဧတဒဂ်ရလေသည်၊ တစ်ပါးသော ရဟန်းတို့မှာ တော၌နေကုန်သည်ရှိသော် နေရာ၏ သင့်တင့်ခြင်း ဆွမ်းခံရွာ၏ သင့်တင့်ခြင်းကို ဆင်ခြင်၍ နေကုန်သည်။ အရှင်ရေဝတမူကား ရှားတော၌နေသော်လည်း ထိုနှစ်ပါးကို မဆင်ခြင်မူ၍ ကြမ်းကြမ်း တမ်းတမ်း ကျောက်ခဲ ကျောက်ဆစ်များသော မြေမိုးမညီမညွတ် ရှားတော၌ သီတင်းသုံးနေသည်။

ထို့ကြောင့် အာရညကင်အရာ၌ ဧတဒဂ်ရလေသည်။ ဤအရှင်ရေဝတသည် အရှင်သာရိပုတ္တရာ၏ ညီအထွေးဆုံးတည်း။

(၁၅) **အရှင်ကင်္ခါရေဝတ** — ဈာန်ဝင်စားခြင်း အရာ၌ ဧတဒဂ်ရလေသည်။ မြတ်စွာဘုရားကို ထား၍ သူခပ်သိမ်းထက် အကြိမ်အဖန်များစွာ ဈာန် ဝင်စား၍သာနေသည်၊ သို့ဖြစ်၍ သူခပ်သိမ်းတို့ထက် လေ့ကျင့် ပွန်းတီးသောကြောင့် ဧတဒဂ်ရလေသည်။

(၁၆) **အရှင်ကောဠိဝိသသောဏ** — လုံ့လအားထုတ်ရာ၌ ဧတဒဂ် ရလေသည်။ အရှင်ကောဠိဝိသသောဏ

သည် စမ္ပာမြို့၌ ကြွယ်ဝသောသေဋ္ဌေး၏ တစ်ယောက်တည်းသော သားဖြစ်၍ မိဘတို့သည် ချစ်မြတ်နိုးလှသောကြောင့် မြေတွင် ခြေမနင်းရ၊ ကံမွလာ ပေါ်တွင်သာ ကြီးသောကြောင့် လက်ဖဝါး၊ ခြေဖဝါးတို့သည် အမွေးရောက်ကုန်သည်။

ထမင်း တစ်လုပ်လျှင်တစ်သိန်းတန်စားသည်၊ အရွယ်သို့ရောက်လျှင် ပြာသာဒ် သုံးဆောင်၌ အရွယ်တူ အဆင်းနှင့်ပြည့်စုံသော သတို့သမီး အပေါင်းခြံရံလျက် ယောကျာ်းမရောနှောဘဲ စည်စောင်းငြင်းဖြင့် မွေ့လျော်၍နေသည်။ ဘုရားတရားကို ကြားနာရာတွင် သဒ္ဓါ၍ ရဟန်းပြုသည်။

စင်္ကြံသွား၍ ရဟန်းတရားကို အားထုတ်သည့်အခါ ခြေလက်သိမ်မွေ့သည်နှင့် လုံ့လအားထုတ်ခြင်း ပြင်းသောကြောင့် ခြေဖဝါးတို့သည် နွားခေါင်းကို ဖြတ်သကဲ့သို့ သွေးခြင်းခြင်း ဖြာဖြာ ယိုစီးကုန်သည်။

ခြေဖဝါး မထောက်နိုင်လျှင် တွား၍ စင်္ကြံသွားလျက် ရဟန်းတရားကို အားထုတ်ပြန်သည်၊ ပုဆစ်၊ ဒူး တစ်တောင်ဆစ်တို့မှ သွေးသံခြင်းခြင်း ထွက်ပြန်သည်။

ထိုအကြောင်းကို ဘုရားသိတော်မူ၍ "ဝီရိယကို သမာဓိနှင့် မျှစေရာသည်"ဟု ဟောတော်မူရာတွင်မှ ပဋိသမ္ဘိဒါဉာဏ်ရေးပါး အဘိညာဉ်ခြောက်ပါးနှင့်တကွ ရဟန္တာဖြစ်လေသည်။ဤသို့လျှင် သူတစ်ပါးမှာ လုံ့လကို တိုးစေရသည်၊ အရှင် ကောဋ္ဌိဝိသသောဏမှာ လုံ့လကို လျှော့ပင်လျှော့စေရပြန်သည်၊ ထို့ကြောင့် လုံ့လအရာ၌ ဧတဒဂ် ရလေသည်။

(၁၇) **အရှင်ကုဋိကဏ္ဏသောဏ** = သာယာနာပျော်ဖွယ်ဖတ်ရွတ်တတ်သည့်အရာ၌ ဧတဒဂ်ရလေသည်။ တစ်ရံရောအခါအရှင်ကုဋိကဏ္ဏသောဏသည်ဂန္ဓကုဋိထဲတွင် ဘုရားရှင်အပါး၌ အိပ်ရသည်၊ ဘုရားရှင်တိုက်တွန်းတော်မူ၍ သုတ္တနိပါတ်ကျမ်း၌ အဋ္ဌကဝဂ်ကို ဘုရားရှေ့တော်တွင် ရွတ်အံသရဇ္ဈာယ်ရသည်၊ မနှေးလွန်း မလျင်လွန်းပုဒ်အက္ခရာ သိသာခြားနားသည်၊ နာပျော်ဖွယ်ရှိသည်။

ထက်ဝန်းကျင် ကြည်ညိုဖွယ်ရှိသည် ဖြစ်၍ ဘုရားသခင် သာဓုတော် ပေးတော်မူသည်။စကြဝဠာတစ်သောင်း နတ်အပေါင်းတို့သည် သာဓုခေါ်၍ ပူဇော်ကုန်သည် သို့ဖြစ်၍ ဧတဒဂ်ရလေသည်။

(၁၈) **ရှင်သီဝလိ** = လာဘ်များသောအရာ၌ ဧတဒဂ်ရလေသည်။ ဘုရားသခင်မှတစ်ပါး ရှင်သီဝလိကိုတု၍ လာဘ်များသည့်သူမရှိ၊ တစ်ရံရောအခါ ရှင်သီဝလိကိုယ်တော်၏ဘုန်း,ကောင်းမှုကိုစူးစမ်းလိုသောကြောင့် ရဟန်းငါးရာကိုခေါ်၍ ဒေသစာရီ ကြွသွားသည်။

ရှေးဦးစွာ ပညောင်ပင်ကြီးကို တွေ့သည်၊ နတ်တို့သည် ခုနစ်ရက်ပတ်လုံး အထူးထူးသောနတ်၏ဩဇာ အရသာတို့ဖြင့် ပူဇော်ကုန်သည်၊ နှစ်ကြိမ်မြောက် ဂင်္ဂါမြစ်ကို, သုံးကြိမ်မြောက် အစိရဝတီမြစ်ကို, လေးကြိမ်မြောက် သမုဒ္ဒရာကို, ငါးကြိမ်မြောက် ဟိမဝန္တာကို, ခြောက်ကြိမ်မြောက် ဆဒ္ဒန်အိုင်ကို, ခုနစ်ကြိမ်မြောက် ဂန္ဓမာဒနတောင်ကိုတွေ့သည်။ ခုနစ်ရပ်တို့၌ နတ်တို့သည် အထူးထူးသောခဲဖွယ်၊ စားဖွယ်တို့ဖြင့် ခုနစ်ရက်ပတ်လုံး လှူဒါန်း ပူဇော်ကုန်သည်။

တစ်ရံရောအခါမြတ်စွာဘုရားသည်ရှင်သီဝလိနှင့်တကွ ရဟန္တာငါးရာ ခြံရံလျက် ရှားတောနေရှင်ရေဝတဆီသို့ တောကြောင်း ခရီးဖြောင့် ယူဇနာ သုံးဆယ်ကွာကို ကြွတော်မူသည်၊ တစ်ယူဇနာ တစ်ယူဇနာအရပ်၌ နတ်တို့သည် မြို့ဖန်ဆင်း၍ ဈေးကျင်းပလျက် "တို့အရှင်သီဝလိ

လာပေပြီ” ဟု ဝမ်းမြောက်ဝမ်းသာ လှူဒါန်းပူဇော်ကုန်သည်၊ သည်ကိုအကြောင်းပြု၍ ဧတဒဂ်ရလေသည်။

(၁၉) ရှင်ဝက္ကလိ = သဒ္ဓါအားကြီးသည့်အရာ၌ ဧတဒဂ်ရလေသည်။ ရဟန်းပြုသည့်အခါမှစ၍ ဆွမ်းစားသည့်အခါပင် လပ်တော့သည်၊ အခါခပ်သိမ်း ဘုရားသခင် အဆင်းတော်ကို မြင်ရာအရပ်၌သာနေ၍ ရဟန်းတရားတော်ကို နှလုံးမှာ သွင်းပြီးလျှင် ဘုရားရှင်ကိုကြည့်၍သာ နေသည်။

ဘုရားရှင်လည်း ဉာဏ်မရင့်မီငံ့တော်မူ၍ဉာဏ်ရင့်ချိန် အခါတန်၍ နှင်တော်မူ လိုက်သည်၊ ရှင်ဝက္ကလိလည်း “ငါသည်ဘုရားရှင်ကိုမမြင်ရပြီ ရှင်ရသည်ထက် သေရသော် ကောင်း၏” ဟု ဂိဇ္ဈကုဋ် တောင်ကမ်းပါးပြတ်၌ဆင်း၍သေတော့မည်ဟူ၍ တောင်ထက်သို့ တက်လေသည်။

ဘုရားရှင်သည်လည်း ဝေဠုဝန် ကျောင်းတော်၌ နေတော်မူလျက် ရောင်ခြည်တော်ကို လွှတ်၍ “ဝက္ကလိ လာခဲ့လော့” ဟု ခေါ်တော်မူသည်။ ရှင်ဝက္ကလိလည်း ရောင်ခြည်တော်ကိုမြင်၍ အသံတော်ကို ကြားရလျှင် အဆုံးမရှိ ပီတိသောမနဿ ပွား၍ သွားရမည့်ခရီးကို မသိပြီ။

ကောင်းကင်သို့ ပြေးဆင်းမိလေသည်။ တောင်ထိပ်က ခြေမလွတ်မီ သကိရ၍ ပဋိသမ္ဘိဒါဉာဏ်လေးပါးနှင့်တကွ ရဟန္တာဖြစ်၍ ဘုရားကိုရှိခိုးလျက် သက်လာသည်။

ဤသို့လျှင် သူတစ်ပါးမှာ သဒ္ဓါကိုပွားစေရသည်။ ရှင်ဝက္ကလိမှာ လျှော့ပင်လျှော့စေရသည် ဖြစ်၍ သဒ္ဓါအားကြီးလှသော အရာ၌ ဧတဒဂ်ရလေသည်။

(၂၀) ရှင်ရာဟုလာ = သိက္ခာသုံးပါးကို အလိုရှိသည့်အရာ၌ ဧတဒဂ် ရလေသည်။ နံနက်ထလျှင် သဲကို လက်ခုပ်ပြည့်အောင်ယူ၍ ‘ဆရာဥပဇ္ဈာယ်၏ အထံမှာ သဲလုံးရေအတွက်ခန့် အဆုံးအမကို ခံရပါလို၏’’ ဟု မပြတ်တောင့်တသည်၊ ဆုံးမတိုင်း လိုက်နာသည်၊ ထို့ကြောင့် ဧတဒဂ်ရလေသည်။

(၂၁) ရှင်ရဋ္ဌပါလ = သဒ္ဓါ၍ ရဟန်းပြုသည့် အရာ၌ ဧတဒဂ်ရလေသည်။ ကြွယ်ဝစွာသော သေဋ္ဌေးသားဖြစ်၍ အရွယ်လည်း ပျိုနုသည်၊ အရွယ်တူ အဆင်းနှင့်ပြည့်စုံသော သမီးကညာ အပေါင်း ခြံရံလျက် ကာမစည်းစိမ်ကို ခံစား၍နေသည်။

သို့လျက် ဘုရားသခင့် တရားတော်ကို တစ်ကြိမ်ကြားနာရလျှင် ရဟန်းပြုလိုသည်ဟူ၍ မိဘတို့ကို ခွင့်တောင်းသည်။

ခွင့်မလွတ်သောကြောင့် ခုနစ်ရက် အစာ
အာဟာရကို မစားဘဲ ရဟန်းမပြုရလျှင်သေတော့
မည်ဟူ၍ နေမှ ရဟန်းပြုရသည်။ ထို့ကြောင့်
တေဒဂ်ရလေသည်။

(၂၂) ရှင်ကောဏ္ဍဓာန = ရှေးဦးစွာစာရေးတံ ယူရာ၌
တေဒဂ်ရလေသည်။ မြတ်စွာဘုရားသည် မဟာ
သုဘဒ္ဒါက ဖိတ်သောကြောင့် ဥဂ္ဂမြို့သို့ ကြွတော်မူ
သောအခါ ယခုမြတ်စွာဘုရားသည် ဝေးသော
အရပ်သို့ ကောင်းကင်ခရီးဖြင့် ကြွတော်မူမည်
ဖြစ်သောကြောင့် "ပုထုဇဉ် ရဟန်းတို့ စာရေးတံ
ယူလင့်၊ ရဟန္တာတို့သာ စာရေးတံယူကြ"ဟု ဆို
သည်ကို ခြင်္သေ့သံကို ကြုံးဝါးလျက် ရှေးဦးစွာ
စာရေးတံကို ယူသည်၊ စူဠသုဘဒ္ဒါက ဖိတ်၍
သာကေတမြို့သို့ ကြွတော်မူသောအခါ၌လည်း
တစ်ကြိမ်၊ သုနာပရန္တတိုင်းသို့ ကြွတော်မူသော
အခါ၌လည်း တစ်ကြိမ်၊ ရှေးဦးစွာ စာရေးတံ
ကိုယူသည်၊ ထို့ကြောင့် တေဒဂ်ရလေသည်။

(၂၃) ရှင်ဝင်္ဂီသ = ကဗျာ၊ ဂါထာ အကုံး အသီ ပညာ
လျှင်သည့်အရာ၌ တေဒဂ်ရလေသည်။ ဘုရား
သခင့်ထံသို့ ဆည်းကပ်သည်ရှိသော် ဘုရားသခင်
ကို မြင်ရာ အရပ်မှစ၍ လ–နေ–ဥပမာ ကောင်း

ကင်၊ သမုဒ္ဒရာ၊ ဆဒ္ဒန် ကေသရာဇာ ဥပမာတို့ဖြင့်
နှိုင်းခိုင်း၍ အရာမက အထောင်မကသော ပုဒ်
တို့ဖြင့် ဘုရားဂုဏ် ကျေးဇူးတော်တို့ကို ချီးမွမ်း
လျက် ဆည်းကပ်သည်၊ မကြံမစည် တစ်ခဏ
ခြင်း၌ ဂါထာဗန္ဓ ဖွဲ့သီနိုင်သည်၊ ထို့ကြောင့်
တေဒဂ်ရလေသည်။

(၂၄) ရှင်ဥပသေန = ထက်ဝန်းကျင် ကြည်ညိုဖွယ်
ရှိရာ၌ တေဒဂ် ရလေသည်။ ကိုယ်လည်း သီလ
အာစာရ ဣန္ဒြေအားဖြင့် ကြည်ညိုဖွယ် ရှိသည်။
အခြံအရံ တပည့်များလည်း ကြည်ညိုဖွယ်ရှိသည်၊
ထို့ကြောင့် တေဒဂ်ရလေသည်။

(၂၅) ရှင်ဒဗ္ဗ = အိပ်ရာနေရာ ခင်းတတ်သည့် အရာ၌
တေဒဂ်ရလေသည်။ ရာဇဂြိုဟ်ပြည်၌ ကျောင်းကြီး
တစ်ဆယ့်ရှစ်ရပ်ရှိသည်။ရှင်ဒဗ္ဗသည် ထိုတစ်ဆယ့်
ရှစ် ရပ် တို့၌ တံမြက်မလှည်းမိသော ကျောင်း၊
မသုတ်သင်မိသော ညောင်စောင်း အင်းပျဉ်၊
မတည်မိသော သောက်ရေ သုံးဆောင်ရေ ဟူ၍
မရှိ၊ အလုံးစုံကို အစေ့အစပ်ပြုမိလေသည်ချည်း။

အချိန်မတော် ညအခါမှ အာဂန္တုရောက်
လာသော်လည်း လက်ညှိုးကို ဆီမီးပြု၍ အနီး
အဝေး အထူးထူးသော ကျောင်း ၇ ရပ် တို့၌

များစွာသောရဟန်းတို့အား ကိုယ်ပွားဖန်ဆင်း၍ နေရာခင်းနိုင်သည်၊ သောက်ရေ၊ သုံးရေ တည် နိုင်သည်၊ ထို့ကြောင့် ဧတဒဂ် ရလေသည်။

(၂၆) ရှင်ပိလိန္ဒဝစ္ဆ = နတ်တို့ချစ် မြတ် နိုး အပ် သည့် အရာ၌ ဧတဒဂ် ရလေသည်။ ဘုရားမပွင့်သေးမီ အခါ၌ ရှင်ပိလိန္ဒဝစ္ဆသည် စကြာမင်း ဖြစ်၍ လူအပေါင်းတို့အား ပဉ္စသီ သီတင်း၌တည်အောင် ဆုံးမသောကြောင့် လူအပေါင်းသည် နတ်ရွာ သို့ အလားများ ကြကုန်သည်။

ထို နတ် တို့ သည် ရှေး ကျေးဇူးကို အောက် မေ့၍ ရှင်ပိလိန္ဒဝစ္ဆ အား ည နံ နက် မပြတ် ရှိခိုး ပူဇော်ကုန်သည်၊ ထို့ကြောင့် ဧတဒဂ်ရ လေသည်။

(၂၇) ရှင်ဒါရုစီရိယာတရာ = လျင်စွာကို သိတတ်သည့် အရာ၌ ဧတဒဂ်ရလေသည်။ ဘုရားသခင် ဟော တော်မူသော အကျဉ်းမျှသော တရားတော်ကို ကြားနာရလျှင် အထူး မဆင်ခြင်ရလေပြီ၊ မဂ် လေးတန်ကို အစဉ်အတိုင်း ကျ၍ ရဟန္တာ ဖြစ် လေသည်။ ထို့ကြောင့် ဧတဒဂ် ရလေသည်။

(၂၈) ရှင်ကုမာရကဿပ = ဆန်းကြယ်သောစကားကို ဆိုတတ်သည့်အရာ၌ ဧတဒဂ်ရလေသည်။ တရား

စကား ပြောဟောသည် ရှိသော် အထူး ထူး အဆန်းဆန်းသော ပုံစံ ဥပမာ အထွေထွေ အပြားပြားသော အကြောင်း ယုတ္တိ တို့ဖြင့် ဆောင်၍ ဆိုတတ်သည်၊ ကိုယ်၏ စကားအပိုင်း အခြား၊ သူတစ်ပါးတို့၏ စကားအပိုင်းအခြား ကို သိတတ်သည်။

ရှေးဆိုရမည့်စကား နောက်ဆိုရမည့်စကား၌ လိမ္မာသည်၊ စကားတောင်း၊ စကားလိုက်တတ် သည်၊ သူတစ်ပါး၏ စကားဖြင့် သူတစ်ပါးတို့ မလှုပ်ရှားနိုင်အောင်ပင် လှန်ပြန်၍ ဆိုနိုင်သည်။

တစ်ရံရောခါ သာဝတ္ထိပြည်၏ ကျေးလက် သေတဗျမြို့ကို ပိုင်စား အစိုးရသော ရာဇည မင်းသည် ပစ္စုပ္ပန်လောက၊ တမလွန်လောက လည်း မရှိ၊ ကောင်းမှု၊ မကောင်းမှုလည်း အကျိုးမရှိဟူ၍ မိစ္ဆာဒိဋ္ဌိကိုယူသည့်အရာ၌လည်း လိမ္မာပွန်းတီးလှသည်၊ စဉ်းလဲ စဉ်းစား မာယာ ကာရလည်း နိုင်လှသည်၊ ထိုမင်းကို အထူးထူး သောပုံစံ ဥပမာ အထွေထွေသော အကြောင်း ယုတ္တိတို့ဖြင့် မလှုပ်မရှားနိုင်အောင် ဆိုသည်။ ထိုမင်းလည်း မိစ္ဆာဒိဋ္ဌိအယူမှ ကင်းလေသည်ကို အကြောင်းပြု၍ ဧတဒဂ်ရလေသည်။

(၂၉) **ရှင်မဟာကောဋ္ဌိက** — ပဋိသမ္ဘိဒါဉာဏ် အရာ၌ ဧတဒဂ် ရလေသည်။ ပဋိသမ္ဘိဒါဉာဏ် အရာ၌ မပြတ် လေ့ကျက်သည်၊ မဟာသာဝကတို့ကို ဖြစ်စေ၊ ဘုရားသဗ္ဗညုကိုဖြစ်စေ၊ မေးမြန်းလျှောက်ထားသည်ရှိသော် ပဋိသမ္ဘိဒါဉာဏ်နှင့် စပ်၍ မေးမြန်း လျှောက်ထားသည်။ ထို့ကြောင့် ဧတဒဂ်ရလေသည်။

(၃၀) **ရှင်အာနန္ဒာ**— တရားကျမ်းဂန်အကြားအမြင်များသည်၊ သတိမြဲသည်၊ ပညာလျင်သည်၊ လုံ့လရှိသည်၊ အလုပ်အကျွေး ကောင်းသည်။ ဤငါးချက်၌ ဧတဒဂ်ရလေသည်။

တစ်ပါးသော အသီတိသာဝကတို့သည်လည်း ပိဋကတ်သုံးပုံကို ဆောင်ရွက်ကုန်သည်၊ သတိပြုကုန်သည်၊ ပညာလျင်ကုန်သည်၊ လုံ့လရှိကုန်သည်၊အလုပ်အကျွေးကောင်းကုန်သည်ချည်းပင်။

သို့ရာတွင် ရှင်အာနန္ဒာမှာ တရားကျမ်းဂန်ကို သင်ကြား လေ့ကျက် ဆောင်ရွက် ပို့သသည်ရှိသော် ကိုယ်ကျိုးကိုသာ မငဲ့မူ၍ သာသနာတော်၏ အရှည်တည်စေခြင်းကိုသာငဲ့၍ သင်ကြားလေ့ကျက် ဆောင်ရွက်ပို့သလေသည်။ ထို့ကြောင့် အကြားအမြင် များသည့် အရာ၌ ဧတဒဂ် ရခြင်းဖြစ်လေသည်။

ဘုရားစကားတော်ကို ဆောင်ရွက်သော သတိသည်လည်း သူတစ်ပါးထက် အထူးသာလွန်၍ အားကြီးသည်၊ ထို့ကြောင့်သတိမြဲသော အရာ၌ ဧတဒဂ်ရလေသည်။

တစ်ဖဝါးတည်း၌ ရပ်၍ဂါထာ တစ်သောင်းငါးထောင် ပုဒ်ခြောက်သောင်းတို့ကို တစ်ခဏချင်း သင်ကြား ရွတ်အံနိုင်သည်။ ထို့ကြောင့် အသင်အကြား ပညာလျင်သော အရာ၌ ဧတဒဂ်ရလေသည်။

ဘုရားစကားတော်ကို သင်ကြားခြင်း၊ သရဇ္ဈာယ်ခြင်း၊ ဘုရားအား လုပ်ကျွေးခြင်း လုံ့လသည်လည်း သူတစ်ပါးထက် ပြင်းစွာ အားထုတ်သည်၊ ထို့ကြောင့် လုံ့လရှိသော အရာ၌ ဧတဒဂ်ရလေသည်။

သူတစ်ပါးတို့သည် ဘုရားအား လုပ်ကျွေးသည်ရှိသော် ဘုရားသခင်၏ စိတ်နှလုံးကို ယူကျုံးဘိသကဲ့သို့ရှိအောင် မလုပ်မကျွေးနိုင်၊ ရှင်အာနန္ဒာမူကား ဘုရားရှင်၏ စိတ်နှလုံးကို ယူကျုံးဘိသကဲ့သို့ရှိအောင် လုပ်ကျွေးနိုင်သည်။

နေ့အခါ၌လည်း အလုံးစုံသော ဝတ်ကို တစ်ခုမကျန် မပြတ်မလပ်ပြုသည်။ ညဉ့်အခါ၌လည်း ဆီမီးတိုင်ကို ကိုင်၍ ဂန္ဓကုဋိကို တစ်ညဉ့်ကိုးကြိမ်လှည့်

သည်၊ ထို့ကြောင့် အလုပ်အကျွေး ကောင်းသည့် အရာ၌ ဧတဒဂ်ရလေသည်။

(၃၁) **ရှင်ဥရုဝေဠကဿပ** = အခြံအရံများသည့် အရာ၌ ဧတဒဂ်ရလေသည်။ ဘုရားထံ၌ ရဟန်းပြုစကပင် တစ်ထောင် အခြံအရံ ပါသည်။ ရဟန်းဖြစ်၍ များမကြာမီပင်လည်း ဘုရားအထံသို့ ရောက်လာသည့် တစ်ထောင်တို့တွင် တစ်ယောက် တစ်ယောက်သည် တစ်ယောက်စီ ရဟန်းပြုစေလျှင် ရဟန်းနှစ်ထောင် အခြံအရံရှိသည်။နှစ်ယောက်စီ ရဟန်းပြုစေလျှင် သုံးထောင် အခြံအရံ ရှိသည်။ ထို့ကြောင့် အခြံအရံများသည့် အရာ၌ ဧတဒဂ် ရလေသည်။

(၃၂) **ရှင်ကာဠုဒါယီ** = အမျိုးကို ကြည်ညို စေတတ်သည့် အရာ၌ ဧတဒဂ်ရလေသည်။ ဘုရားရှင်ကို မမြင်မီကပင် ဘုရားဂုဏ်ကျေးဇူးကို ပြောဟော၍ သာကီဝင်မင်းမျိုး အပေါင်း ရှစ်သောင်းကို ကြည်ညိုစေနိုင်သည်။ ထို့ကြောင့် ဧတဒဂ်ရလေသည်။

(၃၃) **ရှင်ဗာကုလ** = အနာကင်းသော အရာ၌ ဧတဒဂ်ရလေသည်။ ရှင်ဗာကုလသည် လူ့စည်းစိမ်ကို

စံစားလျက် အသက်ရှစ်ဆယ်နေသည်။ တစ်ဖန် ရဟန်းပြုလျှင်လည်း ဝါတော်ရှစ်ဆယ်နေသည်။

အသက် တစ်ရာ့ခြောက်ဆယ် ရှည်သည်၊ထိုမျှသော ကာလပတ်လုံးကိုယ်တွင်တစ်ဆံခြည်ရောက်ရုံမျှ အနာမရှိစဖူး၊ အယုတ်သဖြင့် သန်းခြင်း၊ ချေဆတ်ခြင်းမျှမရှိ၊ ထို့ကြောင့် ဧတဒဂ်ရလေသည်။

(၃၄) **ရှင်သောဘိတ** = ပုဗ္ဗေနိဝါသဉာဏ်အရာ၌ဧတဒဂ်ရလေသည်။ တစ်ပါးသော အသီတိသာဝကတို့သည်လည်း ပုဗ္ဗေနိဝါသဉာဏ်ကိုရ၍ ရှေးနေလေဖူးသော ဘဝကို အောက်မေ့နိုင်သည်ချည်းပင်၊ သို့ရာတွင် အရှင်သောဘိတမှာ ကမ္ဘာငါးရာတို့ကို အသညသတ်ဘုံ၌ စိတ်မရှိသော ပဋိသန္ဓေဖြစ်ဖူးသည်ကို နည်းယူသောအားဖြင့် တစ်ချက်တည်း အောက်မေ့နိုင်သည်၊ သည်အရာသည် ကောင်းကင်၌ ခြေရာပြဘိသကဲ့သို့ ခဲယဉ်းလှသည်၊ ထို့ကြောင့် ဧတဒဂ်ရလေသည်။

(၃၅) **ရှင်ဥပါလိ** = ဝိနည်းဆောင်သောအရာ၌ ဧတဒဂ် ရလေသည်။ ရှင်ဥပါလိသည် ဘုရားထံ၌ သင်၍ ဝိနည်း ပိဋကတ်ကို အကုန် ဆောင်ရွက်သည်၊ ဝိနည်း သိက္ခာပုဒ်သည်ကား ခဲယဉ်းလှသည်၊

သိက္ခာ ပုဒ်ကို ပညတ်မည်မဆိုနှင့်ဦး၊ ပညတ်အံ့သောအခါကိုမျှ သာမည သာဝကကိုထား၍ ရှင်သာရိပုတ္တရာ အစရှိသော သူတို့ပင်သော်လည်း မသိနိုင်ရှိသည်၊ ထိုသို့လျက် အာယုကစ္စကဝတ္ထု၊ အဇ္ဈကဝတ္ထု၊ ကုမာရကဿပဝတ္ထုတည်းဟူသော ဝိနည်းဝတ္ထု သုံးပါးတို့ကို သဗ္ဗညုတဉာဏ်ဖြင့် နှီးနှော၍အလိုလို ဆုံးဖြတ်နိုင်သည်၊ ထို့ကြောင့် တေဒ္ဒဂ်ရလေသည်။

(၃၆) **ရှင်နန္ဒက** = ရဟန်းမိန်းမတို့ကို ဆုံးမတတ်သည့် အရာ၌ တေဒဂ်ရလေသည်။ တစ်နေရာ တစ်စည်းတဝေးတည်း၌ ရဟန်းမိန်းငါးရာတို့ကို တစ်ချက်တည်း အရဟတ္တဖိုလ်သို့ ရောက်အောင် ဆုံးမနိုင်သည်။ ထို့ကြောင့် တေဒဂ် ရလေသည်။

(၃၇) **ညီတော်ရှင်နန္ဒ** = ဣန္ဒြေ စောင့်စည်းသော အရာ၌ တေဒဂ်ရလေသည်။

ဘုရားတပည့်သား သာဝက ဟူသမျှသည် ဣန္ဒြေ စောင့်စည်းသည်ချည်းပင်၊ မစောင့်စည်းသသူဟူ၍ မရှိ။

သို့ရာတွင် ညီတော်ရှင်နန္ဒမှာ အရပ်ဆယ်မျက်နှာတို့ကို ကြည့်လိုသည်ရှိသော် သမ္ပဇဉ်လေးပါး

ကိုလွှတ်၍ ကြည့်ဖူးသည် ဟူ၍ မရှိ၊ ထို့ကြောင့် တေဒဂ် ရလေသည်။

(၃၈) **ရှင်မဟာကပ္ပိ** = ရဟန်းယောကျ်ားတို့ကို ဆုံးမသည့် အရာ၌ တေဒဂ်ရလေသည်။ တစ်နေရာ တစ်စည်း တစ်ဝေးတည်း၌ ရဟန်းယောကျ်ား တစ်ထောင်တို့ကို တစ်ချက်တည်း အရဟတ္တဖိုလ်သို့ ရောက်အောင် ဆုံးမနိုင်သည်၊ ထို့ကြောင့် တေဒ္ဒဂ်ရလေသည်။

(၃၉) **ရှင်သာဂတ** = တေဇောကသိုဏ်းကို ဝင်စားသည့် အရာ၌ တေဒဂ်ရလေသည်။ ရှင်သာဂတသည် တေဇောကသိုဏ်းကို သူတစ်ပါးထက် အစဉ်မပြတ် လေ့လာသောကြောင့် တေဒဂ်ရလေသည်။

(၄၀) **ရှင်ရာဓ** = ဒေသနာသစ် ထင်တတ်သည့်အရာ၌ တေဒဂ်ရလေသည်။ အလေ့အလာ ဝါသနာကိုစွဲ၍ တစ်ကြောင်း၊ သက်၍ ကြည်ညိုသည်ကို စွဲ၍တစ်ကြောင်း၊ ရှင်ရာဓ မထေရ်အား ဘုရားသခင် ဒေသနာတော်သည် အသစ်အသစ်ဖြစ်၍ ထင်လာသည်။ ထို့ကြောင့် တေဒဂ်ရလေသည်။

(၄၁) **ရှင်မောဃရာဇာ** = ညစ်နွမ်းခေါင်းပါးသောသင်္ကန်းကို ဆောင်ရာ၌ တေဒဂ် ရလေသည်။ အဝတ်မှာ

လည်း အမှိုက်တံမြက်ချေးစု စသည်၌ အဝတ်နွမ်း အဝတ်စကို ရှာ၍ ဆောင်သည်။ ချုပ်သည်မှာလည်း သူတစ်ပါး ပစ်စွန့်လေပြီးသော ဆိုးရည်ခေါက်ကို ကြို၍ဆိုးသည်။ ဤသို့လျှင် သုံးပါးသော ခေါင်းပါးခြင်းနှင့် ပြည့်စုံသော ပံ့သကူသက်န်းကို ဆောင်သည်၊ ထို့ကြောင့် ဧတဒဂ်ရလေသည်။

ဧတဒဂ်ရ ရဟန္တာ များပြီး၏။

ရဟန်းမိန်းမ ဧတဒဂ်ရများ

(၁) **မိဖုရားထွေးတော် မဟာပဇာပတိ ဂေါတမီ** = နေ့ညဉ့် အပိုင်းအခြားကို သိတတ်သည့် အရာ၌ ဧတဒဂ် ရလေသည်။ ရဟန်းမိန်းမ အပေါင်းတို့တွင် ဂေါတမီသည် ရှေးဦးစွာ ရဟန်းပြုသည်၊ မဂ်တရား၊ ဖိုလ်တရားကိုလည်း ရှေးဦးစွာရသည်။ သို့ဖြစ်၍ တစ်ပါးသော ရဟန်းမိန်းမတို့ထက် ရှည်မြင့်စွာ ကာလပတ်လုံး နေ့ညဉ့် အပိုင်းအခြားကို သိတတ်သောကြောင့် ဧတဒဂ်ရလေသည်။

(၂) **ခေမာ** = ပညာကြီးသည့်အရာ၌ ဧတဒဂ် ရလေသည်။ ဘုရားတရားတော်ကို တစ်ကြိမ် ကြားနာရလျှင် ရဟန်းမပြုမီ လူ မိန်းမ လက်ထက်ကပင် ရဟန္တာဖြစ်၍ ပညာကြီးသော အဖြစ် ထင်ရှားသည်။ ရဟန်း မိန်းမ အပေါင်း တို့တွင်လည်း ပညာအားဖြင့် အတုမရှိ ဖြစ်သည်။ ကောသလ မင်း အစရှိသော သူတို့၏ အထူးထူးသော အမေး

ပုစ္ဆာ ပြဿနာတို့ကို ဖြေရာတွင်လည်း အထူး ထင်ရှား ပြန်သည်၊ ထို့ကြောင့် ဧတဒဂ်ရလေ သည်။

(၃) **ဉပ္ပလဝဏ် =** တန်ခိုးအရာ၌ ဧတဒဂ်ရလေသည်။ ရဟန်းမိန်းမ အဂ္ဂပါင်းတို့တွင် အတုမရှိထူးခြား သာလွန်၍ လျင်မြန်စွာ တန်ခိုးဖန်ဆင်းနိုင်သည်၊ ဘုရားရှင် ယမိုက်ပြာဋိဟာပြရာ၌ "အရှင် ဘုရား တန်ခိုး ပြတော်မမူပါနှင့်တော့၊ အကျွန်ုပ်သည် အလျားတစ်ဆယ့်နှစ်ယူဇနာ၊ အနံတစ်ဆယ့်နှစ် ယူဇနာ၊ အဝန်းသုံးဆယ့်ခြောက်ယူဇနာ ဗိုလ်ထု နှင့်တကွ စကြာမင်းအဟန် ဖန်ဆင်း၍ ခြေတော် ကို ဦးတိုက်ပါမည်" ဟု လျှောက်ရာတွင် ဧတဒဂ် ရလေသည်။

(၄) **ပဋာစာရီ =** ဝိနည်းဆောင်သောအရာ၌ ဧတဒဂ်ရ လေသည်။ ရဟန်းပြု၍ မျှားမကြာမီ ရဟန္တာ ဖြစ် လျှင်ပိဋကတ်သုံးပုံကို သင်ကြားလေ့ကျက်ဆောင် ရွက်သည်၊ အထူးအားဖြင့် ဝိနည်း ပိဋကတ်၌ သူတစ်ပါးထက် သာ လွန်၍ လေ့ကျက်သည်၊ ထို့ကြောင့် ဧတဒဂ်ရလေသည်။

(၅) **ဓမ္မဒိန္နာ =** တရားဟောသောအရာ၌ဧတဒဂ်ရလေ သည်။ အဘိဓမ္မာ ပိဋကတ်၌ လေ့လာ ကျွမ်းကျင်

သည်၊ တစ်ရံရောအခါ ဝိသာခ အမည် ရှိသော ဒါယိကာက မေးလျှောက်ရာတွင် အထူးထူးသော နည်းတို့ဖြင့် နက်နဲသိမ်မွေ့သော မူလပဏ္ဏာသ ကျမ်း၌ စူဠဝေဒလ္လသုတ်ကို ဟောရာ တွင် ငါ ဘုရားပင် ဟောတော်မူသော်လည်း သည်အတိုင်း ပင် ဟောရတော့မည်ဟု ကောင်းချီးပေးတော် မူ၍ ဧတဒဂ်ရလေသည်။

(၆) **နန္ဒာ =** ဈာန်ဝင်စားသော အရာ၌ ဧတဒဂ်ရ လေသည်။ မပြတ်မလပ် အခါခပ်သိမ်း ဈာန်ဝင် စားလေ့ရှိသည်ဖြစ်၍ သူတစ်ပါးထက် လေ့ကျက် ပွန်းတီးသောကြောင့် ဧတဒဂ်ရလေသည်။

(၇) **သောဏာ =** လုံ့လအားထုတ်သည့်အရာ၌ဧတဒဂ် ရလေသည်။ သောဏာသည် အသက်ကြီးရင့်မှ ရဟန်းပြုသည်၊ ဝတ်ကိုမသိဟု ရဟန်း မိန်းမတို့ ဒဏ်ပေးရာတွင် သံဝေဂရ၍နေလေရာရာ၊ ရပ်လေ ရာရာခပ်သိမ်းသောအရပ်၊ ခပ်သိမ်းသောအခါ၌ ဒွတ္တိံသာကာရကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်၍ မကြာမီ ရဟန္တာအဖြစ်သို့ရောက်လျှင် လုံ့လကြီး သောအဖြစ်သည် ထင်ရှားလေသည်။ ထို့ကြောင့် ဧတဒဂ်ရလေသည်။

(၈) **သကုလာ =** ဒိဗ္ဗစက္ခုဉာဏ်အရာ၌ ဧတဒဂ်ရသည်။ ဒိဗ္ဗစက္ခုဉာဏ်၌ သူ ခပ်သိမ်းတို့ထက် သာလွန်၍

မပြတ် လေ့ကျက်သည်၊ ထို့ကြောင့် ဧတဒဂ်ရ လေသည်။

(၉) **ဘဒ္ဒါကုဏ္ဍလကေသာ** = လျင်မြန်စွာတရားကိုသိတတ်သောအရာ၌ ဧတဒဂ်ရလေသည်။ အက္ခရာရှစ်လုံးသော တစ်ပါဒ၊ လေးပါဒ ရှိသော ဂါထာကို ကြားနာရသောအဆုံး၌ အဘိညာဉ်ခြောက်ပါး၊ ပဋိသမ္ဘိဒါလေးပါးတို့နှင့်တကွ ရဟန္တာအဖြစ်သို့ ရောက် လေ့သည်၊ ထို့ကြောင့် ဧတဒဂ် ရလေသည်။

(၁၀) **ဘဒ္ဒါကာပိလာနီ** = ပုဗ္ဗေနိဝါသဉာဏ် အရာ၌ ဧတဒဂ်ရလေသည်။ ပုဗ္ဗေနိဝါသဉာဏ်၌ သူ ခပ်သိမ်း တို့ ထက် သာလွန်၍ လေ့ကျက်ပွန်းတီးသောကြောင့် ဧတဒဂ် ရလေသည်။

(၁၁) *__ဘဒ္ဒကစ္စာနာ__ = ဉာဏ်အမြင်ကြီးသည့် အရာ၌ ဧတဒဂ်ရလေသည်။ တစ်ပါးသော ရဟန်း မိန်းမတို့မှာ ကမ္ဘာတစ်သိန်းသာ အောက်မေ့နိုင်သည်။ ဘဒ္ဒကစ္စာနာမှာမူကား ထက်ဝယ်တည်နေလျက် တစ်ကြိမ်သာ ဆင်ခြင်ခြင်းဖြင့် တစ် သင်္ချေ နှင့် ကမ္ဘာတစ်သိန်းကို တစ်ချက်တည်း အောက်မေ့နိုင် သည်၊ ထို့ ကြောင့် ဧတဒဂ် ရလေသည်။ (ဘဒ္ဒကစ္စာနာ ဟူ သည် ကား ရှ ဟု လာ အ မိ "ယသောဓရာ" ကို ဆိုသည်)။

---

* ဘဒ္ဒကဉ္စနာ–ဟူ၍လည်း ရှိသည်။

(၁၂) **ကိသာဂေါတမီ** = ညစ်နွမ်း ခေါင်း ပါးသော သင်္ကန်း ကို ဆောင် ရာ ၌ ဧတဒဂ် ရ လေ သည်။ မောဃရာဇာထေရ်ကဲ့သို့ သုံးပါးသော ညစ်နွမ်း ခေါင်းပါးခြင်း နှင့် ပြည့်စုံ သော သင်္ကန်းကို ဆောင်သောကြောင့် ဧတဒဂ်ရလေသည်။

(၁၃) **သိင်္ဂါလမာတာ** = သဒ္ဓါအားကြီးသည့် အရာ၌ ဧတဒဂ်ရလေသည်။ ရဟန်းပြုသည်မှစ၍ သဒ္ဓိန္ဒြေသည် သူခပ်သိမ်းတို့ထက် သာလွန်သည်၊ တရားနာရန် ကျောင်းသို့သွားသည်ရှိသော် မြတ်စွာဘုရားကိုယ်တော်မြတ်၏ ပြည့်စုံခြင်းကို ရှု၍မငြီးသဒ္ဓါမြတ်နိုးသည်၊ သဒ္ဓိန္ဒြေကိုပင် အကြီးပြု၍ ရဟန္တာ အဖြစ်သို့ ရောက် သည်၊ ထို့ ကြောင့် ဧတဒဂ်ရလေ့သည်။

ရဟန်း မိန်းမ ဧတဒဂ်ရ ၁၃–ပြီး၏။

လူယောက်ျား ဧတဒဂ်ရများ

(၁) **တပုဿ၊ ဘလ္လိက =** ထို ကုန် သည် ညီနောင် နှစ်ဦးတို့သည် ရှေးဦးစွာ သရဏဂုံဆောက်တည်ရာ၌ ဧတဒဂ်ရလေသည်။ သဗ္ဗညုသုံးလူ့အထွတ် မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်တော်မူ၍ သတ္တသတ္တာဟ လေးဆယ့်ကိုးရက် အလွန်၌ လင်းလွန်းပင် ရင်းဝယ် သီတင်း၍ နေတော်မူသောအခါ မုန့်ဆုပ် ပျားဆွမ်းလှူ၍ ဒွေဝါစိက သရဏဂုံကို ဆောက်တည်ကုန်သည်၊ ထိုသို့ သူခပ်သိမ်းတို့၏ ရှေးဦးစွာ သရဏဂုံကို ဆောက်တည်ရသောကြောင့် ဧတဒဂ်ရလေသည်။

(၂) **အနာထပိဏ်သဌေး =** ပေးလှူတတ်သည့်အရာ၌ ဧတဒဂ်ရလေသည်။ ရာဇဂြိုဟ်ပြည်သို့ သွားရာတွင် ဘုရားသခင်ကို တွေ့၍ သာဝတ္ထိပြည်သို့ ကြွတော်

မူပါမည့်အကြောင်းကို ပင့်ဖိတ်ခဲ့သည်၊ သာဝတ္ထိနှင့်ရာဇဂြိုဟ်သည်လေးဆယ့်ငါးယူဇနာကွာသည်၊ တစ်ယူဇနာ တစ်ယူဇနာ၏ အကြား၌ ကျောင်းဆောက်၍ တစ်သိန်းကုန် လှူဒါန်းပူဇော်သည်။

သာဝတ္ထိပြည်သို့ မရောက်မီပင် လေးသန်းငါးသိန်းသော ဥစ္စာတို့ကိုပေးလှူသည်။ သာဝတ္ထိပြည်သို့ရောက်လျှင် ဇေတဝန်ကျောင်းရာမြေကို တစ်ဆယ့်ရှစ်ကုဋေသော ဥစ္စာတို့ဖြင့် ပေး၍ ဇေတဝန်ကျောင်းတော်ကို တစ်ဆယ့်ရှစ်ကုဋေ ကုန်သော ဥစ္စာတို့ဖြင့်ဆောက်လုပ်၍ကျောင်းလှူဒါန်းပူဇော်သောအခါလည်း နေ့တိုင်းမပြတ် စာရေးတံဆွမ်းငါးရာ, ပက္ခဆွမ်းငါးရာ, စာရေးတံယာဂု ငါးရာ, ပက္ခယာဂုငါးရာ, အမြဲဆွမ်းဝတ်ငါးရာ, အာဂန္တုက ဆွမ်းငါးရာ, ဂမိကဆွမ်းငါးရာ, သူနာဆွမ်းဝတ်ငါးရာ, သူနာကို လုပ်ကျွေးသောဆွမ်းငါးရာ အမြဲလှူဒါန်းပူဇော်သည်၊ အိမ်ဦး၌နေရာခင်းငါးရာ မပြတ်ခင်း၍ထားသည်။ကျောင်းသို့ တစ်နေ့သုံးခါ မပြတ် ဆည်းကပ်သည်၊ နံနက်အခါ ယာဂုမပြတ် ယူခဲ့သည်။

နေ့လယ်ခါ ဆွမ်းခဲဖွယ် မုန့်ပဲမပြတ်ယူခဲ့သည်၊ ရတနာသုံးပါးတို့အား လှူဒါန်းပူဇော်၍ မရောင့်ရဲနိုင်၊ အားမရနိုင်၊ မငြီးငွေ့နိုင် ရှိသည်၊ ထို့ကြောင့် ပေးကမ်း လှူဒါန်းတတ်သည့် အရာ၌ ဧတဒဂ်ရလေသည်။

(၃) **စိတ္တသူကြွယ် =** တရားဟောသောအရာ၌ ဧတဒဂ်ရလေသည်။ ရုပ်တရား၊နာမ်တရား ကံထူးဝိပါက်အထူး၌ လိမ္မာသည်၊ နောက်အခါ သဋ္ဌာယတန သံယုတ်၌ သုတ်ပေါင်း တစ်ဆယ်ကျော် ရှိသော စိတ္တသံယုတ်ကိုဟောရာတွင် ဧတဒဂ်ရလေသည်။

(၄) **ဟတ္ထကာဠဝက =** သင်္ဂဟ ဝတ္ထုလေးပါးတို့ဖြင့် သင်္ဂြိုဟ်တတ်သည့်အရာ၌ ဧတဒဂ် ရလေသည်။ ဘုရားသခင့် တရားတော်ကို ကြားနာရတွင် အနာဂါမ်ဖြစ်၍ အရိယာလူငါးရာဖြင့် မပြတ် ခြံရံလျက် သွားလာသည်၊ အခြံအရံ ပရိသတ် အပေါင်းလည်း တရား၌ ယဥ်ကျေးသည်ကို မြတ်စွာဘုရား မြင်တော်မူ၍ မေးတော်မူလျှင် သင်္ဂဟဝတ္ထုလေးပါးဖြင့် ပရိသတ်၏ စိတ်နှလုံးကို ယူကျုံးဘိသကဲ့သို့သင်္ဂြိုဟ်ထောက်ပံ့ရကြောင်းကို လျှောက်ကြားရာတွင် ဧတဒဂ်ရလေသည်။

(၅) **မဟာနာမ်သာကီဝင် =** အခါမပြတ် အမြတ်အကောင်း ပေးလှူတတ်သည့်အရာ၌ ဧတဒဂ်လေသည်။ ဘုရားရှင်သည် ဝေရဥ္စာပြည်၌ ဝါဆိုတော်မူပြီး၍ ဒေသစာရီ လှည့်တော်မူသည်ရှိသော် ကပိလဝတ်ပြည်သို့ ရောက်၍ နိဂြောဓာရုံကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ မဟာနာမ်သည် ဘုရားသခင်ကိုလျှောက်သည်၊ အရှင်ဘုရား

ဝေရဥ္စာပြည်၌ သံဃာတော်တို့ ဆွမ်းခေါင်းပါးသည်ဟု အကျွန်ုပ်ကြားရသည်။

သံဃာတော်တို့အား ဩဇာ သွင်းပါမည်ဟု တောင်းပန်၍ လေးလပတ်လုံး ကောင်းမွန်မြိန်မြတ်သော ဩဇာအရသာရှိသော ဆွမ်းခဲဖွယ်စတုမဓုအာစရှိသည်တို့ဖြင့် ရှိသေစွာ လုပ်ကျွေးသည်၊ တစ်ဖန် မရောင့်ရဲ၍ လေးလတောင်းပန်၍ လုပ်ကျွေးပြန်သည်၊ တစ်ဖန် စိတ်မပြေ၍ လေးလတောင်းပန်ပြန်သည်။ လေးလသုံးစုပေါင်း တစ်နှစ်ပတ်လုံး ဆွမ်းခဲဖွယ် ဘောဇဉ်တို့ကို အလွန်အကြူး အထူးအမြတ် ဩဇာအရသာရှိအောင် စီရင်၍ ရဟန်းငါးရာတို့အား တန်ပြီဟူ၍ မြစ်တားရအောင် မပြတ် လုပ်ကျွေးသည်။ သည့်နောက်လည်း လုပ်ကျွေး လိုပါသေးသည်ဟု တောင်းပန်၏၊ ဘုရားသခင် ခွင့်မပေးသောကြောင့် မလုပ်မကျွေးရရှိလေသည်။

နောက်နောင် အခါတို့၌လည်း ရတနာသုံးပါးအား ပေးလှူသည်ရှိသော် အထူးအဆန်းအမြတ် အကောင်း ကိုသာ ပေးလှူသည်၊ ထို့ကြောင့် အကောင်းအမြတ် ပေးလှူတတ်သည့် အရာ၌ ဧတဒဂ်ရလေသည်။

(၆) **ဝေသာလီမြို့နေဥဂ္ဂသူကြွယ်** = နှစ်သက်ရာ အမြတ်ကို ပေးလှူတတ်သည့်အရာ၌ တေဒဂ်ရလေသည်။ တစ်ရံရောအခါ မြတ်စွာဘုရားအား ဤသို့ လျှောက်သည် "အရှင်ဘုရား နှစ်သက်ဖွယ်ကို ပေးလှူသောသူသည် နှစ်သက်ဖွယ်သော အကျိုးကို စံရသည်၊ အမြတ်ကို ပေးလှူသောသူသည် မြတ်သောအကျိုးကို စံရသည်။ အကောင်းကို ပေးလှူသောသူသည် ကောင်းသောအကျိုးကို စံရသည်"ဟူ၍ အရှင်ဘုရားအထံတော်မှ တရားတော်ကို အကျွန်ုပ်ကြားနာရပါသည်။ အကျွန်ုပ်ကြိုက်နှစ်သက်သော အလှူဝတ္ထုကို ပေးလှူပါမည်ဟု တောင်းပန်၍ ထောပတ်ဆွမ်း၊ ကာသိတိုင်းဖြစ် ပုဆိုးအစရှိသော ကိုယ်နှစ်သက်မြတ်နိုးအပ်သောဝတ္ထုကို မပြတ်ပေးလှူသည်၊ ထို့ကြောင့် တေဒဂ်ရလေသည်။

(၇) **ပတ္တိဂါမရွာနေဥဂ္ဂတသူကြွယ်** = သံဃာအား လုပ်ကျွေးတတ်သည့် အရာ၌ တေဒဂ် ရလေသည်။ ဥဂ္ဂတသူကြွယ်သည် ဟတ္ထိရွာ၌ သေဌေးသားဖြစ်၍ သေအရက် သောက်စားလျက် က,ချေသဘင်နှင့်သာ ပျော်ပါး၍ နေလေသည်၊ တစ်ရံရောအခါ ဘုရားသခင့်တရားတော်ကို ကြားနာရလျှင် မဂ်သုံးတန်ကို အစဉ်အတိုင်းကျ၍ အနာဂါမ်ဖြစ်လေသည်။ ထိုအခါမှစ၍ ပေးလှူခြင်း၌ မွေ့လျော်ပျော်ပါးသည်၊

သံဃာတော်အားမပြတ်လှူဒါန်းပူဇော်သည်၊ ညဉ့်အခါနတ်တို့ပြောဆိုလာ၏၊ "ဤရဟန်းကား ဝိဇ္ဇာသုံးပါးနှင့်ပြည့်စုံ၏၊ ဤရဟန်းကား အဘိညာဉ်ခြောက်ပါးနှင့် ပြည့်စုံ၏၊ ဤရဟန်းကား သီလဝန္တ၊ ဤရဟန်းကား ဒုဿီလ"ဟူ၍ ဆိုသည့်အတိုင်း ဂုဏ်ကျေးဇူးကို သိ၏၊ လှူဖွယ်ဝတ္ထုကိုကား အမျှသဒ္ဒါသောစိတ်ဖြင့် သီလဝန္တ ရဟန်း၊ ဒုဿီလရဟန်းတို့အား ပေးလှူသည်။ ဘုရားသခင့်အထံတော်၌လည်း "အရှင်ဘုရား သီလဝန္တရဟန်း၊ ဒုဿီလရဟန်းတို့အား အမျှသဒ္ဒါသောစိတ်ဖြင့် အကျွန်ုပ်ပေးလှူပါသည်"ဟု လျှောက်ကြားသည်။ သည်ကို အကြောင်းပြု၍ သံဃာအားလုပ်ကျွေးသည့်အရာ၌ တေဒဂ်ရလေသည်။

(၈) **သူရဗန်** = မတုန်မလှုပ် ကြည်ညိုရာ၌ တေဒဂ်ရလေသည်။ ဘုရားသခင်သည် သူရဗန်၏ အိမ်၌ ဆွမ်း ဘုဉ်းပေးပြီး၍ တရားဟောတော်မူလျှင် သူရဗန်သည် သောတာပန်ဖြစ်၏။ "ဘုရားရှင်ကြွတော်မူသည့်နောက် မျှားမကြာမီ မာရ်မင်းသည် ဘုရားအဟန် ဖန်ဆင်း၍ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်၏ လက္ခဏာနှင့် ပြည့်စုံစွာ ရောင်ခြည်ခြောက်ပါးကို ပြိုးပြိုးပြက်ပြက် လွှတ်လျက်လာလတ်သည်ကိုမြင်၍သူရဗန်သည် ဘုရားပင်မှတ်၏၊

နေရာ၌ နေစေပြီးသော် ရှိခိုးလျက် အရှင်ဘုရား–အဘယ်အကြောင်းကြောင့် ယခုပင် ကြွတော်မူလာသနည်းဟု မေးလျှောက်သည်၊ မာရ်မင်းလည်း ဘုရားယောင်ဆောင်၍ သူရဗန်–ယခုတွင် ငါဟောသည့် အလုံးစုံ ခန္ဓာငါးပါးသည် အနိစ္စ ဒုက္ခ၊ အနတ္တချည်းဟု သတိလျှော့၍ဟောမိသည်။ တဆိတ်စာမှားသေးသည်၊ အချို့တရားကို အနိစ္စ၊ အချို့တရား နိစ္စယူရမည်ဟူ၍ ဆို၏။

ဘုရားတို့သဘောသည် အဆိုချွတ်သည် ဟူ၍ မရှိသင့်၊ သင်သည် 'မာရ်နတ် မဟုတ်လော' ဟု မေးလျှင် အရိယာတို့စကားသည် ပုဆိန်ခုတ်သကဲ့သို့ ဖြစ်၍ ဘုရားယောင် မဆောင်နိုင်ဘဲဟုတ်သည့်အတိုင်း ပြောဆိုရလေသည်။

သူရဗန်လည်း ''မာရ်နတ် သင်ကဲ့သို့သောသူသည် အရာ အထောင်ဝင်၍ လှုပ်ချောက်ခြားသော်လည်း ငါ၏သဒ္ဓါကို မလှုပ်နိုင်ရာ၊ သင်သည် သည်တွင်မနေလင့်'' ဟူ၍ လက်ဖျစ် တီးလျှင် မာရ်နတ်မင်း မနေဝံ့၍ ကွယ်ရလေသည်။ ထိုအချက်ကို အကြောင်းပြု၍ တေဒင်္ဂရလေသည်။

(၉) **ဇီဝက** = ပုဂ္ဂိုလ်ကို ကြည်ညိုတတ်သည့် အရာ၌ တေဒင်္ဂရလေသည်။ သီလ၊ သမာဓိ၊ ပညာ အစ ရှိသော ဂုဏ်ကျေးဇူး အထူးရှိသော ရဟန်းကို

ဂုဏ်ကျေးဇူးအလျောက် ကြည်ညိုနှစ်သက်စုံမက် မြတ်နိုးတတ်သောကြောင့် တေဒင်္ဂ ရလေသည်။

(၁၀) **နကုလပိတာ**။ အကျွမ်းဝင်သောအရာ၌ တေဒင်္ဂရလေသည်။ ဘုရားရှင်ကို တစ်ကြိမ်တွေ့မြင်တည့်လျှင် ''ချစ်သား သည်မျှလောက်သော ကာလပတ်လုံး မိဘတို့ကို စွန့်၍ ဘယ်အရပ်သို့ကြွ၍ နေလေသနည်း'' ဟု အကျွမ်းဝင်သောစကား ဆိုလေသည်၊

ထိုသို့ အကျွမ်းတဝင် ဆိုခြင်းသည်ကား ရှေးလွန်လေပြီးသော ဘဝ၌ နကုလပိတာ သူကြွယ်သည် ဘဝမခြား ငါးရာတိုင်တိုင် ဘုရားရှင်၏အဖ ဖြစ်ဖူးသည်၊ ဘကြီးအဖြစ်လည်း အကြိမ်ငါးရာ၊ ဘထွေးအဖြစ်လည်းအကြိမ်ငါးရာ၊ ဝရီးအဖြစ်လည်း အကြိမ်ငါးရာ ဘဝမခြား ဖြစ်ဖူးသည်။

ထိုသို့ ရှည်မြင့်စွာသော ကာလပတ်လုံး အစဉ်လိုက်သော ချစ်မြတ်နိုးခြင်းဖြင့် ဘုရားရှင်ကို တွေ့မြင်တည့်လျှင်ပင် သားဟုအမှတ်ရှိ၍ အကျွမ်းတဝင် ပြောဆို သတည်း။ နောက်နောက်သော ကာလတို့၌လည်း ဘုရားရှင်ကို ချစ်သား ချစ်သားဟူ၍ ခေါ်လျက် အကျွမ်းတဝင် ပြောဆိုသည်၊ ထို့ကြောင့် တေဒင်္ဂ ရလေသည်။

လူယောကျ်ားတေဒင်္ဂရများ ပြီး၏။

*****

လူမိန်းမ တေဒဂ်ရများ

(၁) **သေနိယသေဌေးသမီး သုဇာတာ** = ရွှေးဦးစွာ သရဏဂုံဆောက်တည်ရာ၌ ဧတဒဂ် ရလေသည်။ ဘုရားရှင်သည် သမ္မာသမ္ဗောဓိဉာဏ်ကိုရ၍ ဘုရားအဖြစ်သို့ရောက်တော်မူလျှင် ပထမဝါ ဗာရာဏသီပြည်၌ ဝါဆိုတော်မူသည်၊ ထိုဝါတွင်း၌ ယသသေဌေးသားသည် ပြာသာဒ်သုံးဆောင်နှင့် စံနေရာငြီးငွေ့၍ ညဥ့်အခါ တစ်ယောက်ချင်း ထွက်ပြေးလာ၍ ဘုရားရှင်အထံ၌ ဧဟိဘိက္ခု ရဟန်းဖြစ်လေသည်။

နံနက်အခါ အဖ သေဌေးလိုက်လာ၍ ဘုရားရှင် တရားဟောတော်မူလျှင် သောတာပန်ဖြစ်၍ အိမ်သို့ ဆွမ်းဘုဉ်းပေး ဖိတ်ပြီးလျှင် ဘုရားရှင် ကြွတော်မူ၍ တရားဟောတော်မူလျှင် ရှင်ယသ

အမိ သုဇာတာသည် သောတာပန်ဖြစ်၍ သူ ခပ်သိမ်းတို့ထက်ရှေးဦးစွာ*''တေဝါစိကသရဏ ဂုံ''ကို ဆောက်တည် ရလေသည်။ ထို့ကြောင့် ဧတဒဂ်ရလေသည်။

(၂) **ဝိသာခါ** = ပေးလှူသည့်အရာ၌ ဧတဒဂ်ရလေသည်၊ ခုနစ်နှစ်ကတည်းက သောတာပန် ဖြစ်၍ ရတနာသုံးပါးအား မပြတ်နိစ္စ လှူဒါန်း ပူဇော်လေသည်။

အရှယ်သို့ ရောက်လျှင် သာဝတ္ထိပြည်၌ မိဂါရ သေဌေးသား ပုဏ္ဏဝဍ္ဎနနှင့်ထိမ်းမြား၍ သာဝတ္ထိ ပြည်၌ နေသည်။ ကိုးကုဋေသော ဥစ္စာတို့ဖြင့် ကျောင်းရာမြေဝယ်၍ ကိုးကုဋေသော ဥစ္စာတို့ဖြင့် တိုက်ခန်းတစ်ထောင် ရှိသော ပုဗ္ဗာရုံကျောင်းကို ဆောက်သည်၊ ကိုးကုဋေသောဥစ္စာတို့ဖြင့်ကျောင်း လှူပူဇော်သည်၊ ကိုးကုဋေသုံးရပ်ပေါင်း နှစ်ဆယ့် ခုနစ်ကုဋေသော ဥစ္စာတို့ကိုစွန့်လွှတ် ပူဇော်သည်။

နေ့တိုင်း မပြတ်လည်း အနာထပိဏ်သေဌေး ကဲ့သို့ ငါးရာကိုးလီသော ဆွမ်းကို လှူဒါန်းပူဇော်သည်၊ တစ်နေ့ သုံးကြိမ် လှူဖွယ်ဝတ္ထုနှင့် မပြတ်ဆည်းကပ်သည်၊ ထို့ကြောင့် ဧတဒဂ်ရ လေသည်။

* သရဏဂုံ သုံးပါး။

(၃) ခုဇ္ဇုတ္တရာ = အကြားအမြင် များသည့် အရာ၌ တေဒဂ် ရလေသည်။ ပိဋကတ်သုံးပုံကို မပြတ် မပြတ်လေ့ကျက် ဆောင်ရွက်သည်။ ဘုရားသခင် အထံ၌ တရားနာ၍ သာမာဝတီ မိဖုရားကို သင် ကြားပို့ချသည်။ ထိုသို့ ခုဇ္ဇုတ္တရာပို့ချသောကျမ်း သည် သုတ္တန်ပိဋကတ်၌ ဣတိဝုတ္တက ကျမ်းဟူ၍ ကျမ်းသီးတစ်စောင်ပင် ဖြစ်လေသည်၊ သည်ကို အကြောင်းပြု၍ တေဒဂ် ရလေသည်။

(၄) သာမာဝတီ = မေတ္တာဖြင့်နေသည့်အရာ၌ တေဒဂ် ရလေသည်။ မာဂဏ္ဍီမိဖုရားသည် ချောပစ် ကုန်း တိုက်ပြု၍ ဥတေနမင်းစောသည် ဗိုလ်တစ်ထောင် တင်သော လေးကို တင်၍ သာမာဝတီမိဖုရားကို ပစ်သည်။

သာမာဝတီမိဖုရားသည် မေတ္တာဖြင့် နေသော ကြောင့် လေးကို ချလည်းမချနိုင်၊ တင်လည်း မတင်နိုင်၊ ချွေးသီးတဖြာဖြာရှိရာတွင် ကန်တော့ တောင်းပန်ခြင်းကိုပြု၍ ဥတေနမင်းစော ချမ်း သာရသည်၊ သည်ကိုအကြောင်းပြု၍ တေဒဂ်ရ လေသည်။

(၅)။ နန္ဒမာတာဥတ္တရာ = ဈာန်ဝင်စားသော အရာ၌ တေဒဂ်ရလေသည်၊ သိရိမာအမည်ရှိသော ပြည့် တန်ဆာမသည် အမျက်ထွက်၍ ကျိုက်ကျိုက်ဆူ

သောဆီကို ဥတ္တရာ၏ခေါင်းပေါ်၌ သွန်လာသည် ကို ဥတ္တရာသည် မေတ္တာဈာန်ဝင်စား၍နေသော ကြောင့် ကြာဖက်၌ ရေပေါက်ကဲ့သို့ ချမ်းအေး စွာ လျှောကျလေသည်၊ သည်ကိုအကြောင်းပြု၍ တေဒဂ်ရလေသည်၊

(၆) ကောလိယမင်းသမီး သုပ္ပဝါသာ။ = အကောင်း အမြတ်ပေးလှူတတ်သည့် အရာ၌ တေဒဂ်ရလေ သည်။မဟာနာမ်သာကီဝင်မင်းကဲ့သို့ အကောင်း အမြတ် အထူး အဆန်း အမြိန် အရသာ ဩဇာ ရှိသော ဆွမ်း, ဘောဇဉ်, ခဲဖွယ်, စားဖွယ်ပေးလှူ တတ်သောကြောင့် တေဒဂ်ရလေသည်။

(၇) သုပ္ပိယာ။ သူနာကို လုပ်ကျွေးတတ်သည့် အရာ၌ တေဒဂ်ရလေသည်။ရဟန်းတစ်ဦးရောက်ရှိသည်ကို သုပ္ပိယာသည် အဘယ်ကို အလိုရှိသနည်းဟုမေး လျှောက်သည်။

အမဲစိုကို အလိုရှိသည်ဟု ဆိုလျှင် ဈေးမှာ သွား၍ ကျွန်မကို ရှာဝယ်စေသည်။ မရခဲ့လျှင် ကိုယ်၏အင်္ဂါအသားကိုလှီးဖြတ်၍ကောင်းမွန်စွာ ချက်စေပြီးလျှင် သုပ္ပိယာသည် သူနာရဟန်းအား မတုန်မလှုပ် ပေးလှူစေသည်ကို အကြောင်းပြု၍ တေဒဂ်ရလေသည်။

(၈) **ကာတိယာနီ** = မတုန်မလှုပ်ကြည်ညိုရာ၌ တေဒဂ် ရလေသည်။ ထိုကာတိယာနီ ဒါယိကာမသည် ညဥ့်အခါ တရားနာ၍ နေသည့်အခိုက်တွင် ခိုးသားငါးရာ အိမ်မှဥစ္စာကို ခိုးယူလေသည်ကို ကျွန်မ သိ၍ လျှောက်ကြားလာလျှင် ကျွန်မကို အသံမပြုနှင့်ဆို၍ စဉ်းငယ်မျှ နှလုံး ခွခြင်းမရှိ၊ တရား၌သာ စိုက်စိုက် နှလုံးထား၍ နာလျှင် သောတာပန် ဖြစ်လေသည်၊

ခိုးသားငါးရာ သူလျှိုတို့သည် ထိုအကြောင်းကို သိ၍ပြန်ဆိုလျှင် ခိုးသားငါးရာတို့သည် ဥစ္စာ မယူဝံ့၍ ထားမြဲ ထားကုန်သည်၊ သည်ကို အကြောင်းပြု၍ တေဒဂ်ရလေသည်။

(၉) **နကုလမာတာ** = အကျွမ်းဝင်ခြင်း၌ တေဒဂ် ရလေ့သည်။ ရှေးလွန်လေပြီးသည်၌ ဘဝမခြား ငါးရာတိုင်တိုင် ဘုရားရှင်အမိ ဖြစ်ဖူးသည်၊ မိကြီးအဖြစ်လည်း ငါးရာ၊ မိထွေး အဖြစ်လည်း ငါးရာ အရီးအဖြစ်လည်း ငါးရာဖြစ်ဖူးသည်။

ရှည်မြင့်စွာ ကာလပတ်လုံး အစဉ်တစိုက် လိုက်သော ချစ်မြတ်နိုးခြင်းဖြင့် ဘုရားရှင်ကို မြင်တည့်လျှင်ပင် ချစ်သား– သည် မျှလောက်သော ကာလပတ်လုံး အမိကို စွန့်၍ ဘယ်မှာ

နေလေသနည်းဟု အကျွမ်းဝင်သော စကားကို ဆိုသည်၊ သည်ကိုအကြောင်းပြု၍ တေဒဂ်ရလေသည်။

(၁၀) **ကာဠိဒါယိကာမ** = တဆင့်ကြား၍ကြည်ညိုသော အရာ၌ တေဒဂ်ရလေသည်။ ညဥ့်အခါ သာတာဂိရိနတ်မင်း၊ ဟေမဝတနတ်မင်း နှစ်ဦးတို့သည် ဘုရားဂုဏ်ကျေးဇူး စကားကို ပြောဆိုကြသည်ကို ကြားလျှင် ပြင်းစွာသဒ္ဓါခြင်းဖြစ်၍ ဘုရားရှင်ကို ဖူးမြင်ရသည်တစ်ပိုင်နက် သောတာပန် ဖြစ်လေသည်၊ သည်ကိုအကြောင်းပြု၍တေဒဂ်ရလေသည်။

လူမိန်းမ တေဒဂ်ရများပြီး၏။

အသီတိသာဝက ပြဿနာ

မေး (၄၂) အသီတိသာဝက (၈) ကျိပ်ကို သိလိုပါသည် ဘုရား

ဖြေ (၄၂) လက်ယာတော်ရံ "၄၀"

(၁) သာရိပုတ္တရာ
(၂) ကောဏ္ဍည
(၃) ဝပ္ပ
(၄) ဘဒ္ဒိယ
(၅) မဟာနာမ်
(၆) အဿဇိ
(၇) နာလက
(၈) ယသ
(၉) ဝိမလ
(၁၀) သုဗာဟု
(၁၁) ပုဏ္ဏဇိ
(၁၂) ဂဝမ္ပတိ
(၁၃) ဥရုဝေလကဿပ
(၁၄) နဒီကဿပ
(၁၅) ဂယာကဿပ
(၁၆) မဟာကဿပ
(၁၇) မဟာကစ္စာန
(၁၈) မဟာကောဋ္ဌိက
(၁၉) မဟာကပ္ပိန
(၂၀) စုန္ဒ
(၂၁) ပါလိ
(၂၂) အနုရုဒ္ဓါ

(၂၃) ကင်္ခါရေဝတ
(၂၄) အာနန္ဒာ
(၂၅) နန္ဒက
(၂၆) ဘဂု
(၂၇) နန္ဒ
(၂၈) ကိမိလ
(၂၉) ဘဒ္ဒိယ
(၃၀) ရာဟုလာ
(၃၁) သိဝလိ
(၃၂) ဒဗ္ဗ
(၃၃) ဥပသေန
(၃၄) ခဒိရရေဝတ
(၃၅) မန္တာနီပုတ္တပုဏ္ဏ
(၃၆) သုနာပရန္တပုဏ္ဏ
(၃၇) ကုဋ္ဋိကဏ္ဏသောဏ
(၃၈) ကောဋ္ဋိဝိသသောဏ
(၃၉) ရာဓ
(၄၀) သုဘူတိ

ဤကား လက်ယာတော်ရံ အဂ္ဂသာဝက "၄၀" ဖြစ်၏။

လက်ဝဲတော်ရံ "၄၀"

(၁) မောဂ္ဂလ္လာန်
(၂) အင်္ဂုလိမာလ
(၃) ဝက္ကလိ
(၄) ကာဠုဒါယီ
(၅) မဟာဥဒါယီ
(၆) ပိလိန္ဒဝစ္ဆ
(၇) သောဘိတ
(၈) ကုမာရကဿပ
(၉) ရဋ္ဌပါလ
(၁၀) ဝင်္ဂီသ
(၁၁) သဘိယ
(၁၂) သေလ
(၁၃) ဥပဝါန
(၁၄) မေဃိယ

(၁၅) သာဂတ
(၁၆) နာဂိတ
(၁၇) လကုဏ္ဍဘဒ္ဒိယ
(၁၈) ပိဏ္ဍောလဘာရဒွါဇ
(၁၉) မဟာပန္ထက
(၂၀) စူဠပန္ထက
(၂၁) ဗာကုလ
(၂၂) ကုဏ္ဍဓာန
(၂၃) ဒါရုစိရိယ
(၂၄) ယသောဇ
(၂၅) အဇိတ
(၂၆) တိဿမေတ္တေယျ
(၂၇) ပုဏ္ဏ
(၂၈) မေတ္တဂူရ
(၂၉) ဓောတက
(၃၀) ဥပသီဝ
(၃၁) နန္ဒ
(၃၂) ဟေမက
(၃၃) တောဒေယျ
(၃၄) ကပ္ပ
(၃၅) ဇာတုကဏ္ဏိ
(၃၆) ဘဒြာဝုဓ
(၃၇) ဥဒယ
(၃၈) ပေါသာလ
(၃၉) မောဃရာဇ
(၄၀) ပိင်္ဂိယ

ဤကား လက်ဝဲတော်ရံ အဂ္ဂသာဝက "၄၀"ဖြစ်၏။

ညံသတ္တဝါပြဿနာ

မေး(၄၃) ဘဝရှင် အလောင်းမင်းတရားကြီး ယိုးဒယားသို့ ချီတော်မူသည့်ကာလ မုတ္တမမြစ်ကိုကူးပါသည်၊

ထိုအခါ ရေသို့ဆင်းသော ဆင်နှစ်စီး၊ သုံးစီး ပျောက်ဆုံးသွားပါသည်။ အောက်

သားများက "ညံ"သတ္တဝါ ကိုက်ယူသည်ဖြစ်မည်ဟု ပြောကြပါသည်။

"အင်းဝ" မှာလည်း ဆင်များရေတွင် ပျောက်ဆုံးက "ညံသတ္တဝါ" ကိုက်သည်ဟု ပြောဆိုလေ့ရှိကြပါသည်။ "ညံ"သတ္တဝါမှာ တိ၊ မျှော့ကဲ့သို့ အလံ ၁၀၀၊ ၂၀၀ ရှိသည်ဟု ပြောကြပါသည်။

သို့ရာတွင် မြင်ဖူးသူ မရှိပါ။ "ညံ" သတ္တဝါအကြောင်း သိလိုပါသည်ဘုရား။

ဖြေ(၄၃) မဂဓဘာသာ၌ သမုဒ္ဒရာတွင် ဖြစ်သောငါး၏ မျိုးတစ်မျိုးကို"တုသုကာ"ဟု ခေါ်သည်။ မြန်မာဘာသာအားဖြင့်"ညံ"ဟု ခေါ်သည်။ မိကျောင်းပင် ဖြစ်သည်ဟုအချို့ဆရာတို့ ဆိုကြကုန်၏။

ဏောသတ္တဝါပြဿနာ

မေး(၄၄) ဘုရားရှင်၏ လက္ခဏာတော်အနက်သလုံးမြင်းခေါင်းတော်မှာ ဏောသတ္တဝါ၏ သလုံးကဲ့သို့ဟု ဆိုပါသည်။ ဏောဟူသော သတ္တဝါမှာ မည်သည့်သတ္တဝါဖြစ်သည်ဟု သိလိုပါသည် ဘုရား။

မဟာမိဂ၊ ဂေါယျုဟူသော စကား အရ သမင်ဟု အချို့ဆရာတို့ ဆိုသည်မှာ မှန် ပါသလား ဘုရား။

ဖြေ(၄၄)။ ဂေါသတ္တဝါမှာအခြေလေးချောင်းရှိသတ္တဝါ တစ်မျိုးသာဖြစ်၏၊ ယခုလောကမျက်မြင်တွင် ရှိသည့် မြင်းခေါင်းမျိုး မဟုတ်ပေ။

လူတို့၏ မြင်းခေါင်းနှင့် အခြားတိရစ္ဆာန် သတ္တဝါတို့၏ မြင်းခေါင်းမှာ မညီမညွတ်၊ တွဲ လျားကျသည်၊ တစ်ဖက်သတ်ကြီးသည်။

ဂေါမည်သော သတ္တဝါ၏ မြင်းခေါင်း ကား ခြေကျင်းဝတ်မှစ၍ လေးဘက် အညီ အညွတ် ပွတ်တိုက်ဘိသကဲ့သို့ လုံးလုံးလှလှ ညီညွတ်ရှိလေသည်၊ ရှုချင်စဖွယ် တင့်တယ် လျောက်ပတ်သည် ဖြစ်၍ မြတ်စွာဘုရား၏ မြင်းခေါင်းတော်ကို ဂေါသတ္တဝါ၏ မြင်း ခေါင်းနှင့် ပုံနှိုင်းခြင်းဖြစ်သည်။

ဒွတ္တပေါင်မင်းလက်ထက် ဘုရားရှင်အမည်တော်များ ပြဿနာ

မေး (၄၅) သရေခေတ္တရာ ပြည်တွင် ဒွတ္တပေါင်မင်း၏ ကောင်းမှုဘုရားရှင် အမည်များမှာ–

သောကြာမာဘုရား၊ **သရမာဘုရား**၊ **ကြည်** **ကြည်**ဘုရား၊ညည်ညည်ဘုရား၊ပေါပေါဘုရား၊ လျောလျောဘုရား ဟု ရာဇဝင်တွင် **ဆိုပါ** **သည်**။

ဆန်းကြယ်လှန်းသော အမည်များ ဖြစ်၍ သမိုင်းမော်ကွန်း ရှိ–မရှိ သိလိုပါသည်ဘုရား။

ဖြေ (၄၅) ဒွတ္တပေါင်မင်း လက်ထက် ဘုရားရှင်အမည် တော်များမှာ လက္ခယ် သောကြာနေ့ရက်တွင် တည်သောကြောင့် ထိုစေတီကို**သောကြာမာ** ဟုတွင်သည်၊ ပြီးလွယ်အောင် သရိုးမံ၍ တည် **သော**ကြောင့် **သရိုးမံ ဆိုသည်**၊

ကာလကြာသဖြင့် အမည် ရွေ့လျားပြီး **သရမာ** တွင်သည်ဟု ရှေးသူဟောင်းတို့ ဆိုရိုး ပြုကြ၏။

ကြည်ကြည်ဘုရား၊ **ညည်ညည်ဘုရား** တို့၏ အနက်အဓိပ္ပာယ်မှာ မထင်ရှားပေ၊ ခေါ်ရိုး ခေါ်စဉ်ဟုသာ မှတ်ရမည်။

သရေခေတ္တရာခေတ်က အခေါ်အဝေါ် များမှာ ယခုကာလ အခေါ်အဝေါ်များနှင့် **မတူခြားနား ဆန်းကြယ်လှပေသည်**။

သရေခေတ္တရာပြည်မှာ ဘုရားအမည်သာ မဟုတ်၊မင်းမည်စိုးမည်မှာလည်းအထူးအဆန်း ချည်းပင် ဖြစ်လေသည်။

အထက်ပါ ပြဿနာ အမေးပုစ္ဆာ များမှာ (၁၁၂၀) ခုနှစ်မှ (၁၁၂၄)အထိ မေးမြန်းခဲ့သော ပုစ္ဆာများ ဖြစ်လေသည်။

ဆရာတော် ပြုစုခဲ့သော ဆေးကျမ်း ဓာတ်ကျမ်းများ

ဆရာတော် ပဉ္စင်းပျိုဘဝမှ ဆရာတော် ဖြစ် သည့် တိုင်အောင် ဆေးကျမ်းဓာတ်ကျမ်းများကို မနားမနေ ပြုစုသွားခဲ့လေသည်။ ထိုထိုသော ဆေးကျမ်း ဓာတ်ကျမ်း တို့မှာ ရဟန်းရှင်လူတို့အတွက် အကျိုးများလှပေသည်။

ဓာတ်ကျမ်းပေါင်း (၁၇)ကျမ်းနှင့် ဗိန္ဓောကျမ်းပေါင်း (၁၅)ကျမ်းကို ပညာရှိတို့ နည်းမှီးဖွယ်ဖြစ်အောင် ရေးသားပြုစုခဲ့သော ဆရာတော် ခင်ကြီးပျော်၏ ကျေးဇူး ကားကြီးမားပေသည်ဟု ဆိုရပေမည်။

ဆရာတော်ပြုစုခဲ့သော ဓာတ်ကျမ်း(၁၇)ကျမ်း

(၁)လောကီကျမ်း၊ (၂)အာဒိကပ္ပကျမ်း၊ (၃)ဒွါဒရာသီ၊ (၄) ဓာတုဗေဒ၊ (၅) ဓာတုဝိဘာဂ၊ (၆)နေမိတ္တက၊ (၇)နံ့ရတန်ဆောင်၊ (၈)နရမာလာ၊ (၉)လက္ခဏာသင်္ဂြိုဟ်၊ (၁၀)နုရသုခီ၊ (၁၁)ဝေနေယျသုခ၊ (၁၂)မဟာနရီကွန်ချာ၊ (၁၃)ပဋိစ္စသမုပ္ပါဒ်ဓာတ်ကျမ်း၊ (၁၄)ဓာတုသင်္ဂဟ၊ (၁၅) ဓာတုဒီပနီ၊ (၁၆) အရသာကျမ်း၊ (၁၇) အင်္ဂဝိဇ္ဇာကျမ်းတို့ ဖြစ်လေသည်။

ဆေးကျမ်း(၁၅)ကျမ်း

(၁)ကံဝေသာရ၊ (၂)လက္ခဏာဒီပ၊ (၃)ဆနဝုတိ၊ (၄)ဓာန္တြိ၊ (၅)မဏိဇောတိရသ်၊ (၆)ပရမီသွာ၊ (၇)စူဠဇောတိရသ်၊ (၈)ဘေသဇ္ဇ၊ (၉) ဇမ္ဗူ့ကြက်သရေ၊ (၁၀)သာသနာသိုက်ကျမ်း၊ (၁၁) သဗ္ဗသာရနရကျမ်း၊ (၁၂)ယောမနကျမ်း၊ (၁၃)ပဥ္စာပုဒ်ကျမ်း၊ (၁၄)ဩဠာရိကသုခုမဓာတ်ကျမ်း၊ (၁၅)သဗ္ဗပဥ္စရီဆေးကျမ်း။

ဆရာတော် ပြုစုခဲ့သော မြန်မာသဒ္ဒါကျမ်းများ

ဆရာတော် ခင်ကြီးပျော်သည် သဒ္ဒါကျမ်းအရာ တစ်ဖက်ကမ်းခတ်သော ပေါက္ကံရွှေကျောင်းဆရာတော်ထံတွင် သဒ္ဒါကို အထူး ဆည်းပူးခဲ့ပေသည်။ ထို့ကြောင့် သဒ္ဒါကျမ်းအရာ၌ "တစ်"ခေါ် စလောက် တတ်မြောက် နည်းနာ ရခဲ့လေသည်။ မိမိပညာကို ဖြန့်ဖြူးလိုသော စေတနာအရင်းခံလျက် မြန်မာသဒ္ဒါကျမ်း နှစ်စောင်ကိုလည်း စာသင်ပျိုနုအခြေပြု ရှင်လူရဟန်း တို့အတွက် ပြုစု တော်မူခဲ့ပေသည်။

"သဒ္ဒဗျူဟာကျမ်း" နှင့် မြန်မာသဒ္ဒါ ဟောမှတ်စု (မြန်မာ့ ၀စ္စ၀ါစက) ကျမ်းနှစ်ကျမ်းမှာ ရှေးခေတ် မြန်မာပညာရှိတို့၏ လက်သုံးဖြစ်ခဲ့လေသည်။

"မြန်မာသဒ္ဒါဟောမှတ်စု" တွင် ဆရာတော်က မြန်မာစကားအသုံးအနှုန်းများနှင့် စပ်လျဉ်း၍ ရှေးရှေးကုန်သော စာဆိုတော်များ၏ ပျို့၊ လင်္ကာ၊ ရတုများကို ဆိုင်ရာဆိုင်ရာ ကိုးကား ညှိနှိုင်းပြဆိုသွားလေသည်။

ပမာအားဖြင့် ယခုခေတ်တွင် စာပေသုတေသီ၊ စာရေးဆရာများ အသုံးများ ဝိဝါဒကွဲပြားနေသော "သူ" သဒ္ဒါနှင့် ပတ်သက်၍ အောက်ပါအတိုင်း ရှင်းလင်းတော်မူခဲ့ပေသည်–

"သူ" သဒ္ဒါသည် မိန်းမ ဟူသော အနက်၊ သတ္တဝါသာမည အနက်၊ တစ်ပါးပြင်ပဟူသောအနက်များကို ဟောသည်။

တောင်ငူဆို "ကြေရွှက်ပြီးလျှင်" ချီရတုတွင်–

"ကျွမ်းကိုက်ခါသင့်။ ဆင့်လတော့မည်၊ မြင်လေသည်ကြောင့်၊ ရွှေပြည်တောင်ငူ၊ နန်းမြင့်သူကို၊ တရူဆိုတမ်း၊ မေတ္တာမှမ်း၍" ဟု စပ်ရာဝယ် "နန်းမြင့်သူကို" ဆိုရာ၌ "သူ" သဒ္ဒါသည် "မိန်းမ" ဟူသော အနက်ကို ဟောသည်။

ပါရမီခန်းတွင်–

"ကြည်စင်စိတ်ဖြူ၊ ခပ်သိမ်းသူကား၊ အလှူသီတင်း၊ ကောင်းမှုရင်း၍" ဟုစပ်ရာ၌ "သူ" သဒ္ဒါသည် "မိန်းမ ယောကျ်ားသတ္တဝါသာမည" အနက်ကို ဟောသည်။

ရှင်သံခိုဆို "လွတ်ခံစံရာ" ချီရာတုတွင်–

"တန်ခူးမှာပင်၊ ဆောင်းဝယ်ခင်တည့်၊ မဖျင်လွှမ်းရက်၊ ရောက်တန်လျက်ကို၊ မျှသက်ဝေဖော်၊ 'သူ' နှင့်ပျော်ဟု၊ မနော်နတ်ရည်၊ မှတ်လိမ့်မည်ကြောင့်" ဟုစပ်ရာဝယ် "သူနှင့်ပျော်" ဟုဆိုရာ၌ "သူ" သဒ္ဒါသည် "တစ်ပါးပြင်ပ" ဟူသောအနက်ကို ဟောသည်။

ဩဋ္ဌာရိကသုံးခုမခာတ်ကျမ်းတွင် ဆရာတော်သည် သူနာတို့ရုပ်လက္ခဏာကို ဆေးဆရာ သမားတော်များ အကဲခတ်ပြီးကုသ ဓာတ်စာပေးနိုင်ရန်အတွက် ဤကဲ့သို့ ခွဲခွဲခြားခြား တင်ပြသွားလေသည်။

"နှစ်လများစွာ အနာ တာရှည်သောသူတို့၏ သွေးသည်းခြေ မဖြောင့်မညီ၍ ပထဝီဓာတ် ပျက်တတ်သည်။ အာဟာရအပုပ်ဓာတ် လွန်တတ်သည်။ ဓာတ်မီးငုပ်တတ်သည်။ သို့ဖြစ်သောကြောင့် ကုသလိုလျှင် သွေးသည်းခြေကို ဖြောင့်ပြီးမှ ကုသရမည်။

သွေးသည်းခြေကို ဖြောင့်နည်းကား–နံနက် စောစော သုံးရက်ကို ရေချိုးစေရမည်။ ရှောက်, သံပုရာ၊ ငှတ်သီးကို၊ သုတ်၍စားစေရမည်။ ဤကဲ့သို့ သွေးသည်းခြေကိုဖြောင့်ပြီးမှ ခုနစ်ပါးသော သမုဋ္ဌာန်ကိုကြည့်၍၊ အစဉ်အတိုင်း ကုသလေ။ မပျောက်ခဲ့သည်ရှိသော်သူနာတစ်စုံတစ်ရာ ဖောက်ပြန်ပြီဟူ၍မှတ်။

ဖောက်ပြန်ခြင်း လက္ခဏာကား–ပေးသောအစာအာဟာရကို မစားခြင်း၊ အခြားဆေးဝါး မသင့်သော အစာများကို စားမိခြင်း၊ ရေချိုးမိခြင်း၊ ထိတ်လန့်ခြင်း၊ ဝိတက် ဝိစာရရှိခြင်း၊ အမျက်ဒေါသထွက်ခြင်း၊ မေထုန်မှီဝဲမိခြင်း၊ ဤသို့အားဖြင့် ဖောက်ပြန်သော လက္ခဏာတို့ကို သူနာအား မေးမြန်းရမည်။

နွေရာသီဖြစ်လျှင် သည်းခြေလွန်သည်။ သည်းခြေနှင့် ဓာတ်မီးကိုထောက်၍ ရှောက်သီးထန်းလျက်အာဟာရကိုပေး

လေ။ မိုးရာသီဖြစ်လျှင် လေအားကြီး၍ အာဟာရနှင့်အပုပ် ပျက်သည်။ ထန်းလျက်နှင့် မန်ကျည်းသီးကို ပေးလေ။ ဆောင်းရာသီဖြစ်လျှင် အာပေါအားကြီး၍ အတွင်းဓာတ်မီးလွန်သည်။ အုန်းသီးထန်းလျက်ကိုပေးလေ။ ဆေးကို သံပုရာရေနှင့်တိုက်လေ၊ ရက်တိုရက်ရှည် ဆုံးဖြတ်ရမည်မှာ နွေရာသီ တစ်ဆယ့်နှစ်ရက်၊ မိုးလရာသီ နှစ်ဆယ့်လေးရက်၊ ဆောင်းရာသီ လေးဆယ့်နှစ်ရက်၊ဤသို့ဆို သည်ကိုထောက်၍ နေ့စွဲရက်ဖြတ်၊ ဓာတ်စာပိုင်း သမုဋ္ဌာန်အတိုင်း ကုလေ။

လုပ်ရတ်ကျမ်းကို ပြုစုခြင်းအကြောင်း

တစ်နေ့သောအခါ ဆရာတော်ခင်ကြီးပျော်သည် ရွှေနန်းတော်သို့ ခေတ္တကြွသွားလေသည်။ ထိုအခါ ဉယျာဉ်တော်တွင် (နောင်တော်ကြီးမင်းသည် လုပ်ရတ်ဆရာတစ်ဦးနှင့် ဘောသတ္တုစပ်တူလုပ်ငန်း (ရွှေဖြစ်ငွေဖြစ်)ဖိုထိုးနေလေသည်။

ဆရာတော်က ကြည့်ရှုတော်မူပြီး၊ အနည်းငယ် မေးမြန်းလျက်၊ ကျောင်းတော်သို့ ပြန်ခဲ့လေသည်။

မကြာမီပင် နောင်တော်ကြီးမင်း၏ တောင်းပန်လျှောက်ထားချက်အရ နောင်လာနောက်သား "လောကီလုပ်ရတ်" ကို ဝါသနာ ပါသူများအတွက် နည်းမှီးရာအဖြစ် "လုပ်ရတ်"ကျမ်းကို စီရင်တော်မူလေသည်။

ဆရာတော်ပြုစုခဲ့သော လောကုတ္တရာကျမ်းစာအချို့

ဆရာတော်သည် ကျမ်းကြီးကျမ်းခိုင် အချို့ကိုလည်း ပြုစုတော်မူခဲ့ပြန်သေးသည်။

(၁) ဂဏ္ဌိပဒ္ဒသမ္ဗန္ဓဆက္ကဝဏ္ဏနာကျမ်း

(၂) ပုဒ်ဆစ်သဒ္ဒါဆစ်၊သံဝဏ္ဏနာနည်းလေးဆယ်ကျမ်း

(၃) သုတ္တမာလာဝုတ္တိမာလာကျမ်း

(၄) သဒ္ဒါငယ်ကစ္စာယနသာရအရကောက်

(၅) ဉာသ်ကောက်

(၆) နေတ္တိဟာရအရကောက်

(၇) ဝီထိလက်ရိုးကျမ်း

(၈) အဘိဓမ္မဂမ္ဘီရတ္ထဒေသနာကောက်တို့ဖြစ်လေသည်။ ထို့ပြင် လူတို့၏အကျိုးများဖွယ်ဖြစ်သော–

(၁) ကပ္ပါလက်ာရကျမ်း

(၂) သုတာဝန္တနာဘုရားရှိခိုး

(၃) ကပ္ပဝဏ္ဏနာကျမ်း

(၄) သက်ရိုးဗေဒင်ဋီကာ–အစရှိသည်တို့ကို ပြုစုတော်မူခဲ့သေးရာ၊ ဆရာတော်ခင်ကြီးပျော်၏ ပညာဉာဏ်မှာ အံ့ဖွယ်ဘုနန်း ထူးကဲပါပေသည်ဟု မှတ်တမ်းတင် ရပေမည် ဖြစ်သတည်း။

ဆရာတော်၏ ဘဝနိဂုံး

ဆရာတော် ခင်ကြီးပျော်မှာ ထူးကဲလှသော ပညာဉာဏ်နှင့် ပြည့်စုံသဖြင့် သက်တော် ၂၀-ကျော်မှစ၍ မင်းဆရာတော် ဖြစ်ခဲ့ရပေသည်။ လောကုတ္တရာ ကျမ်းဂန်များအပြင်၊ ဆေးကျမ်း၊ ဓာတ်ကျမ်းများကို သက်တော် ၃၀–

ကျော် ၄၀–အတွင်း အံ့မခန်း ပြုစုတော်မူနိုင်ခဲ့သော ဆရာတော် တစ်ပါး ဖြစ်၍ မြန်မာ့ သမိုင်းတွင် မော်ကွန်ထိုးလောက်သော ဆရာတော်တစ်ပါး ဖြစ်ခဲ့ပေသည်။

ထို့ကြောင့်ပင် "မ–တလုံးကျေ" ဟူသော မင်းနှင့်တကွပြည်သူများ အလွန်အကြူး ချီးမြှောက်သည့် ဘွဲ့တော်ကို ဆက်ကပ်ခံရခြင်း ဖြစ်သည်ဟု ဆိုနိုင်လေသည်။

ဆရာတော်သည် "မ" တလုံးကျေ ဆရာတော်ခင်ကြီးပျော် ဟူသော အမည် နာမနှင့် အညီ ပိဋကတ်သုံးပုံနှင့် အတတ်မျိုးစုံကို ပါရဂူရောက် တတ်မြောက်ခဲ့၍။ ကိုယ်တိုင်လည်း လိုလိုလားလား တတ်မြောက်ခဲ့သော ပုဂ္ဂိုလ်မွန် ဖြစ်သည်။ ဆရာတော်ကိုယ်တိုင် စီရင်ရေးသားခဲ့သော "သုတဝန္တနာ" ဘုရားရှိခိုးတွင်–

ဘောန္တော သောဋ္ဌသဝဿာ၊
တိပေဋ္ဌကစရော ဘဝေ။
သဗ္ဗကမ္မေသု သိပ္ပေသု၊
ဝိဇ္ဇာဌာနေသု ပါရဂူ။

သောဋ္ဌသဝဿာ၊ တစ်ဆယ့်ခြောက် နှစ် အရွယ် ၏။ အန္တော၊ အတွင်း၌၊ တိပေဋ္ဌကစရော၊ ပိဋကတ်သုံးပုံကို ဆောင်နိုင်သည်။ ဘဝေ၊ ဖြစ်ရလို၏၊ သဗ္ဗကမ္မေသု၊

ခပ်သိမ်းသော အလုပ်အဆောင်မျိုးတို့၌ လည်း ကောင်း။ သဗ္ဗေသိပ္ပေသု၊ ခပ်သိမ်းသော အတတ် မျိုး တို့ ၌ လည်း ကောင်း။ သဗ္ဗဝိဇ္ဇာဌာနေသု၊ ခပ်သိမ်းသော မန္တန်ဗေဒင်မျိုး တို့ ၌ လည်းကောင်း။ ပါရဂူ၊ အဆုံးသို့ရောက်သည်။ ဘဝေ၊ ဖြစ်ရပါလို၏။

ပညာဉာဏ်အနေအားဖြင့် အဖက်ဖက်မှ "တော်ပေ့" ဆိုလောက်သည့် ဆရာတော်သည် သတိသမ္ပဇဉ်တရားကိုကား အနည်းငယ် လစ်ဟင်းပုံရလေသည်။

အကြောင်းကား–ဆရာတော်အား ကိုရင်ဘဝက၊ ဆရာရင်းဖြစ်သော ပထမ ကျော်အောင်စံထား ဆရာတော်ဘုရားက "ဆွမ်းဘုဉ်းပေးရာ၌ အစားကို လျှော့ရန်၊ သင့်တင့်လျော်ကန်စွာသာ ဘုဉ်းပေးရန်" သတိပေးစကား မိန့်ကြားခဲ့ဖူးလေသည်၊ သို့သော် ဆရာတော် ခင်ကြီးပျော်သည် မိမိဆရာတော်၏ စကားကို လိုက်နာခြင်းမရှိခဲ့ချေ။

သက်တော် ၃၉–နှစ် အဝင် ဝါတော် ၁၉–ဝါ သို့ အရောက် တစ်နေ့သောအခါတွင် ဆရာတော်၌ လေနာရောဂါ ဖိစီးနှိပ်စက်လေတော့၏။

ထိုသတင်းကို နောင်တော်ကြီး မင်း ကြားသိတော်မူလျှင် "ငါ၏ ဆရာတော်မှာ ကျရောက်တဲ့ ရောဂါဝေဒနာကို

သမားတော်များက အစွမ်းကုန် ကုသကြရမည်''ဟု အမိန့်တော် ထုတ်ပြန်လေသည်။

နန်းသုံး သမားတော် အကျော်အမော်များသည် ဆရာတော်ကျောင်းသို့ သွားရောက်ပြီး အစွမ်းထက်လှသောဆေးများဖြင့် ဆရာတော်အား ကုမကြရန် ပြင်ဆင်ကြလေသည်။

ထိုအခါတွင် ဆရာတော်သည် ငယ်စဉ်အခါက ဆရာဖြစ်သော ပထမကျော်အောင် စံထားဆရာတော်ဘုရားကြီး၏ စကားတော်ကို ဝေဒနာခံစားရာမှ သတိရသောကြောင့် "ဆေးသမားတို့ ငံ့ကြဦးလော့၊ ငါ၏ ဆရာတော်ဘုရားကြီးက ငါသည် အသက် ၄၀-ကျော်အောင် နေရမည်မဟုတ်ဟု မိန့်တော်မူခဲ့ဖူးလေသည်၊ ထို့ကြောင့် ဟုတ်-မဟုတ်၊မှန်မမှန် သိရအောင် စနည်းနာချေဦး" ဟု မိန့်တော်မူလေသည်။

ဆရာတော်၏ တပည့် ရဟန်းတော် တစ်ပါးသည် ချက်ချင်းပင် အင်းဝမြို့တွင်းသို့ သွားကာ စနည်းနာလေသည်။

ထိုအခါ မြို့စွန်၌ အကျော်သည် မိန်းမတစ်ယောက်သည် ''သီ ဘော သုဦး ဆယ်''ဟူ၍ ဆိုမြည်သည်က ကြားရ

သဖြင့် မှတ်သား၍ ပြန်ခဲ့လေသည်၊ ကျောင်းသို့ရောက်သောအခါ ဆရာတော်အား ထိုစနည်းအရ စကားကို ပြန်လည်လျှောက်ထားလေသည်။

ဆရာတော်သည် "သီဘော သုဦးဆယ်"ဟူသောစကားကြားလျှင် ဤသို့ မိန့်တော်မူ၏၊

'အချင်းဆေးသမားတို့ ငါ့ကို ဆေးမတိုက်ကြနဲ့တော့၊ ငါကား အမှန်ပင် ပျံလွန်တော်မူပေမယ်၊သီ ဘော သုဦးဆယ် ဟူသော စနည်းအရ "ဘော၊ အိုအချင်းတို့။ သီ၊ သီလရှိသော။ ဆယ်၊ အင်္ဂါသားသည်။ သုဦး၊ သေလတ္တံ့." ဟု အဓိပ္ပာယ်ရတယ်၊ ဒါကြောင့် ဆေးတိုက်လို့ အကျိုးမသက်ရောက်ပြီ။''

ဆရာတော်သည် အထက်ပါ အတိုင်း မိန့်တော်မူပြီးနောက် မြန်မာသက္ကရာဇ် ၁၁၂၄-ခုနှစ် သက်တော် ၃၈-နှစ် အလွန်တွင် ပျံလွန်တော်မူပေသတည်း။*

နောင်တော်ကြီးမင်းတရားသည် ဆရာတော် ပျံလွန်တော်မူလျှင် အထူးကြေကွဲ ဝမ်းနည်းတော်မူ၏။ ဆရာတော်ဘုရား

---

* တောင်တွင်းဆရာတော် ၃၇-နှစ်အလွန်၊ ၃၈-နှစ်သို့ အဝင် နောင်တော်ကြီး မင်းတရား စက်တော်ရာသို့ စုန်ခါနီးတွင် ပျံလွန်တော်မူသည်။ ၇-ရက်ထား၍သဂြိုဟ်သည်၊

(မုံရွေးဆရာတော်-မုံရွေးမှတ်စု)

ကြီးသီသင်းသုံးတော်မူခဲ့ရာ "မဟာဘုံသာ"ကျောင်းတော်သို့ ကိုယ်တော်တိုင် ကြွချီတော်မူပြီးသော် ဆရာတော်ဘုရားကြီး၏ အလောင်းတော်ကို ထီးဖြူလေးစင်း အုပ်မိုးစေတော်မူသည်။ ရွှေသန်လျင်းဖြင့်လည်း ဆောက်တော်မူသည်၊ မီးထင်းပုံဖြင့်ခမ်းနားသိုက်မြိုက်စွာ သင်္ဂြိုဟ်တော်မူ၏။ ၁၁၂၄-ခုနှစ် ပြာသိုလသို့ ရောက်သောအခါ ဆရာတော်ဘုရားကြီး၏ အရိုးဓာတ်တော် အသုံးအဆောင် ပရိဘောဂတို့ကို စစ်ကိုင်းဆင်များရှင် ဘုရားအနီး၌ စေတီတည်ရာဝယ် ဌာပနာတော်မူခြင်းဖြင့်အဆုံးစွန်ပူဇော်တော်မူလေသည်။ထိုဘုရားကို လောကမဉ္ဇူဟု တွင်သတည်း။

ကပ္ပါလက်ာရကျမ်းကိုပြုစုခြင်း

နောင်တော်ကြီးမင်းသည် ခမည်းတော် အလောင်းမင်းတရားနှင့် စိတ်နေသဘောထား သိသိသာသာ ဆန့်ကျင်သော ဘုရင်တစ်ပါးဖြစ်၏။ အလောင်းမင်းတရားကြီးမှာ ဘုန်းစွမ်း၊ လက်ရုံးစွမ်းကို ပြ,သ, လိုပြီး နိုင်ငံတော်ကို ချဲ့ထွင်လိုသော မင်းဖြစ်လေသည်။ စစ်မက် တိုက်ခိုက်ရန်လည်း အမြဲဆန္ဒရှိနေပေသည်။

နောင်တော်ကြီးမင်းမှာမူ၊ အထက်က ပြဆိုခဲ့သည့်အတိုင်း ငြိမ်းငြိမ်းချမ်းချမ်း နေလိုသည့်ပြင် စာပေကို ခုံမင်မြက်နိုးသော ဘုရင်းတစ်ပါးဖြစ်၏။

ထို့ကြောင့် တစ်နေ့သောအခါ မိမိဆရာတော်ဖြစ်သော ခင်ကြီးပျော်အား နန်းတော်သို့ပင့် ဆွမ်းလုပ်ကျွေးလျက် အောက်ပါအတိုင်း လျှောက်ထားလေသည်။

နောင်တော်ကြီးမင်း။ ။ဆရာတော် အရှင်သူမြတ် ဘုရား၊ တပည့်တော်သည် ကမ္ဘာ့တန်ဆာ အခြင်းအရာ၊ ကမ္ဘာလောကဓာတ်ကြီး တည်ပုံ ပျက်ပုံ၊ နေ လ နက္ခတ်တာရာ ဂြိုဟ်သွား ဂြိုဟ်လာ တို့၏ သဘောတရား၊မြေထု၊ ရေထု၊ လေထုတို့၏အကြောင်းခြင်းရာတို့ကို ရှင်းရှင်းလင်းလင်း သိလိုပါတယ်။ မှူးမတ်များကို မေးကြည့်ရာ တပည့်တော်တို့မြန်မာဘာသာဖြင့် ကျမ်းတစ်စောင်တစ်ဖွဲ့ မရှိသေးကြောင်း သိရပါတယ်၊ ဗြာဟ္မဏဟိန္ဒူကျမ်းများတွင်သာ ဖော်ပြထားတယ်လို့ သိရပါတယ်။ အချို့မှာလည်း မဂဓဘာသာ ပါဠိဘာသာများဖြင့် ရေးသားထားတာမို့ အသိရခက်လှပါတယ်၊ ဒါကြောင့် ဆရာတော်ဘုရားက မြန်မာဘာသာဖြင့် ကျမ်းတစ်ကျမ်း ရေးသားချီးမြှင့်တော်မူပါလို့ တောင်းပန် လျှောက်ထားအပ်ပါတယ်ဘုရား။

ဆရာတော်ခင်ကြီးပျော်။ ။"ကောင်းပြီး ဒကာတော်ရေမြေ့ရှင်၊ နောင်လာနောက်သားတို့ အကျိုးကျေးဇူးဖြစ်ခြင်းငှာ ငါရေးသားအံ့"။ ဆရာတော်ခင်ကြီးပျော်

သည် နောင်တော်ကြီး မင်း ကို ဝန် ခံ ပြီး နောက် ကျောင်းတော်သို့ပြန်လည်ကြွမြန်းခဲ့၏။ နောင်တော်ကြီးမင်း အလိုဆန္ဒ ရှိသည့်အတိုင်း ကမ္ဘာ့ခြင်းရာနှင့် နေ လ နက္ခတ်တာရာတို့ ဖြစ်ပုံပျက်ပုံ၊ မြေထု၊ ရေထု၊ လေထုအကြောင်းများကို ဖော်ပြသည့် "ကပ္ပါလင်္ကာရကျမ်း"ကြီးကို မကြာမီပင် ရေးသားပြီးစီး ဆက်သွင်းနိုင်ခဲ့လေသည်။ နောင်တော်ကြီးမင်း မှာလည်း "ကပ္ပါလင်္ကာရကျမ်း" ကြီး ကို ကြည့်ရှုပြီး မိမိ ကိုးကွယ်သော ဆရာတော်၏ဂုဏ်ကျေးဇူးကို ချီးမွမ်း မဆုံး ရှိပေတော့သည်၊

အင်္ဂဝိဇ္ဇာဋီကာကြီး

ဆရာတော်သည် အင်္ဂဝိဇ္ဇာ ဋီကာကြီး ကို လည်း နောင်တော်ကြီးမင်းပင် တောင်းပန်သဖြင့် ရေးခဲ့လေသည်။ ထိုကျမ်းကြီးတွင် နက္ခတ်ဆေးပညာသဘောများသာမက အင်းအမျိုးမျိုးစီရင်နည်းကိုပါ ဆရာတော်ထည့်သွင်းရေးသားခဲ့ပေသတည်း။ ။

ဗ. ၁၂၈၅

စာအုပ်ကတ်ပြား

ရေးသူ AUTHOR - [illegible]

စာအုပ်အမည် TITLE [illegible]

ပြန်ပေးရမည့်နေ့စွဲ DATE DUE	ငှားရမ်းသူအမည် BORROWERS NAME

ဗ. ၁၂၈၅

- [illegible]

- [illegible]

[illegible]

[illegible]

စာကြည့်တိုက်
တိုက်ပိုင်အမှတ် - ၆၂၈၅
နေ့စွဲ -

- မြတ်စွာဘုရား၏ ဓာတ်တော်မွေတော်တို့ အမြဲတည်မတည် ပြဿနာ၊
- အမျှဝေလျှင် နောင်တမလွန်ဘဝမှ ဘုံသားတို့ ရ-မရ ပြဿနာ၊
- ကုသိုလ်၊ အကုသိုလ်ကံတို့၏ အကျိုးအပြစ် ပြဿနာ၊
- နတ်ဘီလူးနှင့် လူတို့ဆက်သွယ်မှု ပြဿနာ၊
- နတ်ဝင်သည်တို့ရှိ - မရှိ ပြဿနာ၊
- လူတို့၏ အသက်တိုခြင်း၊ ရှည်ခြင်း ပြဿနာ၊
- နေဗိမာန်၊ လဗိမာန် ပြဿနာ၊
- အဋ္ဌနှ ရ သရက်သီး ပြဿနာ၊
- ထူးဆန်းသည့် ညံ့ သတ္တဝါ ပြဿနာ၊

ထိုထို .... ခက်ခဲနက်နဲလှသော .... အမေးပြဿနာအဖုံဖုံကို ဆရာတော်ခင်ကြီးပျော်၊ မည်သို့မည်ပုံ ဖြေရှင်းထားကြောင်း သိလိုလျှင် ဤစာအုပ်တွင် ဖတ်ရှုနိုင်ပါသည်။